mizzima Daily
လွတ်လပ်မှု၊ မျှတမှု၊ တာဝန်သိမှု
မဇ္ဈိမ နေ့စဉ်သတင်းစာ
အတွဲ ၃၊ အမှတ် ၃၈။ ၁၃၇၆ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (၃၀–၄–၂၀၁၄)
www.mizzimaburmese.com

# တိုက်ပွဲများ ဖြစ်ပွားနေသည့်ကိစ္စ အစိုးရနှင့် ကေအိုင်အိုတို့ မြစ်ကြီးနားတွင် ဆွေးနွေးမည်

စာမျက်နှာ - ၇ »



မဟာဘွဲ့အတွက် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်သင်ကြားနေသည့် ကျောင်းသူများကို တွေ့ရစဉ်။ အမျိုးသား ပညာရေးဥပဒေမူကြမ်းသည် ဗဟိုချုပ်ကိုင်မှုစနစ်ကို အထောက်အပံ့ပေးထားသည်ဟု ကျောင်းသားအရေး လှုပ်ရှားသူများက ဝေဖန်လျက်ရှိသည်။
ဓာတ်ပုံ - ဟောင်ဆာ (ရာမည)

## ပညာရေးမူကြမ်းကို နိုင်ငံတစ်ဝန်း ဝိုင်းဝန်း ကန့်ကွက်ရန် ပြင်ဆင်

စာမျက်နှာ - ၂ »

## သုံးနှစ်ကျော်ချိန်အထိ ရန်ကုန်တိုင်းအစိုးရ၏ ရသုံးငွေစာရင်းအသေးစိတ် လွှတ်တော်သို့ တင်ပြခြင်းမရှိသေး

စာမျက်နှာ - ၃ »

## ရခိုင်ပဋိပက္ခများအတွက် အစိုးရနှင့် ကုလသမဂ္ဂကို ရခိုင်ညီလာခံတွင် ဝေဖန်

■ မောင်သင်တုန်း၊ ကေဇူး
**ကျောက်ဖြူ၊ ဧပြီ ၂၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် အစိုးရအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ၏ အကူအညီပေးရေးအဖွဲ့အစည်းများက လှုံ့ဆော်မှုများရှိနေသည်ဟု ရခိုင်အမျိုးသာညီလာခံ သုံးရက်မြောက်နေ့ (ဧပြီ ၂၉ ရက်)တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအကြောင်း ဦးဆောင်ဆွေးနွေးသူများက ပြောဆိုလိုက်သည်။

"စစ်တွေမှာဖြစ်သွားတာဆိုရင် အစိုးရက ထိန်းထိန်းသိမ်းသိမ်းလုပ်မယ်ဆိုရင် ဒီလောက်ထိ အခြေအနေမဆိုးဘူး။ အစိုးရကတစ်စုံတစ်ရာ ကစားတယ်လို့ သုံးသပ်တယ်။ အဲဒီအချိန်မှာ သန်းခေါင်စာရင်းကောက်တဲ့အချိန်နဲ့လည်း တိုက်ဆိုင်နေတယ်"ဟု ရခိုင်လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဒါရိုက်တာဦးအောင်မောင်ဦးက ပြောသည်။

စာမျက်နှာ - ၃ »

**ပြည်တွင်းသတင်း**

JICA ၏ လျှစ်လျူရှုမှု သီလဝါဒေသခံများက ဂျပန်အစိုးရတိုင်မည်

စာမျက်နှာ - ၉ »

**မန္တလေးသတင်း**

မတ္တရာ ထွန်းတုံးတိုက်ပွဲ လယ်သမား ၃၉ ဦးကို တရားစွဲ၊ လေးဦး ဖမ်းထား

စာမျက်နှာ - ၁၀ »

mizzima Daily
ဧပြီ ၃၀ ရက်၊ ၂၀၁၄ (ဗုဒ္ဓဟူးနေ့)


# အယ်ဒီတာ့အာဘော်

## တာဝန်ခံမှု တာဝန်ယူမှုကို သည့်ထက်ပိုပြီး တာဝန်ခံကြ တာဝန်ယူကြ

လွန်ခဲ့တဲ့ ၂၆ ရက်က တောင်ကိုရီးယား ဝန်ကြီးချုပ် ချောင်ဟောင်ဝန်ဟာ ခရီးသည်တင် ကူးတို့သင်္ဘောတိမ်းမှောက်လို့ တောင်ကိုရီးယား ခရီးသည်တွေသေဆုံးရတဲ့ကိစ္စမှာ အစိုးရအနေနဲ့ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ တာဝန်မကင်းဘူးဆိုတဲ့ အမြင်နဲ့ ရာထူးကနေ နုတ်ထွက်လွှာ တင်သွားခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ တာဝန်ယူမှု တာဝန်ခံမှုအပေါ် အဲဒီတောင်ကိုရီးယားဝန်ကြီးချုပ်လို အလေးအနက်ထားပြီး ရဲဝံ့ပြတ်သားမှန်ကန်စွာ တာဝန်ယူပြသွားကြတဲ့ သက်ဆိုင်ရာ တိုင်းပြည်တာဝန်ရှိသူတွေအကြောင်း ကမ္ဘာ့သတင်းစာတွေမှာ မကြာခဏ ဆိုသလို ဖတ်ရလေ့ ရှိပါတယ်။

လွန်ခဲ့တဲ့ သုံးလခန့်က လစ်သူနီးယားနိုင်ငံမှာ တိုက်တစ်လုံး ပြိုကျခဲ့ပါတယ်။ လူတချို့ တိုက်ပိပြီး သေဆုံးရပါတယ်။ ဒီတော့ လစ်သူနီးယားဝန်ကြီးချုပ်က အဲဒီတိုက်ပြိုကျမှုအတွက် သူ့မှာ တာဝန်ရှိတယ်ဆိုပြီး ရာထူးမှ နုတ်ထွက်သွားခဲ့ပါတယ်။ တစ်ခါ ဂျပန်နိုင်ငံ ကိုဘေးမြို့ ငလျင်ကြီးဖြစ်ပွားစဉ်ကလည်း ငလျင်ဒဏ်ခံရတဲ့ ကိုဘေးမြို့သူမြို့သားတွေအတွက် ရေစီမံကိန်းအလျင်အမြန် အကောင်အထည်ဖော်မပေးနိုင်ရခြင်းဟာ သူ့ရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းမှုကြောင့်ဆိုပြီး ကိုဘေးမြို့တော်ဝန်ဟာ တိုက်တစ်လုံးပေါ်မှ ခုန်ချသတ်သေသွားခဲ့ဖူးပါသေးတယ်။

နိုင်ငံတချို့က တာဝန်ရှိသူတချို့ သူတို့ကိုယ်သူတို့ သိရှိခံယူထားတဲ့ အသိစိတ်ဓာတ် ခံယူချက်ကိုယ်စီနဲ့ တာဝန်ရှိကြောင်း တာဝန်ယူကြောင်း သက်သေပြသွားကြတဲ့သတင်းတွေ ဖတ်ရကြားရတဲ့အခါ မိမိတို့တိုင်းပြည်မှာလည်း အဲသလို အသိ၊ အဲသလိုခံယူချက်မျိုးတွေ တိုင်းပြည်တာဝန်ရှိသူတွေမှာထားဖို့ ရှိဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။

မိမိတို့တိုင်းပြည်မှာဆိုရင် ၂၀၁၃ ခုနှစ်အတွင်းတုန်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ယာဉ်မတော်တဆမှု ၉၅ ကြိမ် ဖြစ်ခဲ့ပြီး လူ ၁၀၀ ကျော် သေဆုံးခဲ့ရပါတယ်။ ဒီနှစ် ဇန်နဝါရီကနေ ဧပြီလအတွင်း အဲဒီ လမ်းမကြီးပေါ်မှာပဲ ယာဉ်မတော်တဆမှု ၁၄၀ ကျော်ဖြစ်ခဲ့ပြီး လူ ၅၀ ကျော် သေဆုံးခဲ့ရပြန်ပါတယ်။ တစ်ခါ မကြာခဏဆိုသလို တိုက်တွေပြိုကျလို့ လူအသေအပျောက်တွေ ရှိနေပါတယ်။ ဒီလိုအဖြစ်အပျက်မျိုးတွေကအစ လူလေးငါးဆယ် သေဆုံးရတဲ့အထိ ဖြစ်ခဲ့ရတဲ့ ဘာသာရေး၊ လူမျိုးရေးဆန်တဲ့ အဓိကရုဏ်းတွေဆိုတာ နိဂုံးချုပ်သွားတယ်ရယ်လို့ကို မရှိသေးပါဘူး။ တစ်တိုင်းပြည်လုံးအနှံ့ မြေသိမ်းခံရမှုတွေ၊ ဒေသခံလူထု သဘောမတူဘဲ အတင်းအဓမ္မ ဆည်တွေ၊ ရထားလမ်းတွေ ဖောက်လို့ ဒေသခံလူထုက လမ်းပေါ်တက် ဆန္ဒပြကြရတာတွေလည်း ဖြစ်နေပါတယ်။ ဒီလိုဖြစ်ပျက်နေတဲ့ကိစ္စတွေမှာ တာဝန်မကင်းသူတွေဆိုပြီး အရေးယူဖမ်းဆီးမှုတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီအဖြစ်အပျက်တွေမှာ တာဝန်မကင်းသူတွေဆိုတာ အဲဒီကိစ္စတွေ ဖြစ်ပွားစဉ်အခိုက် တိုက်ရိုက်ပတ်သက်သူများမှာသာ တာဝန်ရှိတယ်လို့ယူဆမယ်ဆိုရင် အဲဒီအယူအဆဟာ မှန်ကန်လုံလောက်တဲ့ အယူအဆ ဖြစ်နိုင်ပါ့မလား။ မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။

မည်သည့်နိုင်ငံမှာမဆို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့တွေဟာ တိုင်းပြည်ရဲ့ သာရေးနာရေးကိစ္စအားလုံးအပေါ်မှာ တာဝန်ရှိပါတယ်။ တာဝန်ခံရပါတယ်။ ဒါကြောင့်မို့လည်း တာဝန်မခံဘူး၊ တာဝန်မယူဘူးလို့ ယူဆရတဲ့ အစိုးရအဖွဲ့တွေကို လွှတ်တော်တွေထဲမှာ အယုံအကြည်မရှိအဆိုတင်သွင်းပြီး သတ်မှတ်ချိန်မစေ့ခင် ကုလားထိုင်ပေါ်က ဆင်းသွားကြရတဲ့ အစိုးရအဖွဲ့တွေရဲ့ အဖြစ်အပျက်တွေ သတင်းတွေကို မိမိတို့အားလုံး ကြားနေကြရတာပဲ မဟုတ်ပါလား။

အခုတော့ မိမိတို့တိုင်းပြည်မှ တာဝန်ရှိသူ တာဝန်ယူထားသူများမှာ တိုင်းပြည်ရဲ့ သာရေးနာရေးကိစ္စများနှင့်ပတ်သက်ပြီး သာရေးကိစ္စတွင်သာ တာဝန်ယူကြောင်း တာဝန်ရှိကြောင်း ကိုယ်ထင်ပြတတ်ကြပြီး နာရေးကိစ္စများ၊ နစ်နာဆုံးရှုံးမှုကိစ္စများအတွက်မူ ကိုယ်နှင့်မဆိုင်သလို နေတတ်ကြသည်ဟု ယူဆရပါတယ်။

နိဂုံးချုပ်ရလျှင် မိမိတို့တိုင်းပြည်တွင်လည်း တိုင်းပြည် တာဝန်ရှိသူများ၊ တာဝန်ယူထားသူများအနေနဲ့ တာဝန်ရှိမှု တာဝန်ခံမှုကို သည့်ထက်ပိုပြီး တာဝန်ခံကြဖို့ တာဝန်ယူကြဖို့ လိုအပ်ကြောင်း တိုက်တွန်းလိုက်ပါတယ်။

ADVERTISING HOTLINE
Yangon
09-421010111
Mandalay
02 - 36835

# ပညာရေးမူကြမ်းကို နိုင်ငံတစ်ဝန်း ဝိုင်းဝန်းကန့်ကွက်ရန် ပြင်ဆင်

■ ဇာနည်အောင်
**ရန်ကုန်၊ ဧပြီ ၂၉**

အမျိုးသားပညာရေး ဥပဒေမူကြမ်းတွင်ပါရှိသည့် ပညာရေးရည်မှန်းချက်သည် ပညာသင်ကြားခွင့်ကို အဟန့်အတား ဖြစ်စေပြီး ဗဟိုချုပ်ကိုင်မှုကို ဖော်ဆောင်နေသည့်အတွက် တက္ကသိုလ်ကျောင်းဖွင့်ချိန်တွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ဟောပြောပွဲများ၊ ကန့်ကွက်ဆန္ဒ ကောက်ခံမှုများ ပြုလုပ်မည်ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုဇေယျာလွင်က မဇ္ဈိမကို ပြောသည်။

ဥပဒေမူကြမ်းပါ “မြန်မာအမျိုးသားစရိုက်လက္ခဏာများကိုအခြေခံ၍ အတွေးအခေါ် အယူအဆမှန်ကန်သော နိုင်ငံသားကောင်းများ ဖြစ်ထွန်းစေရန် လေ့ကျင့်ပျိုးထောင်ပေးရန်”ဟူသည့် ပညာရေးရည်မှန်းချက်သည် လွတ်လပ်စွာ ပညာသင်ကြားခွင့်ကိုဟန့်တားပြီး ဗဟိုချုပ်ကိုင်မှုကို ဖော်ဆောင်နေသည်ဆိုကာ ကန့်ကွက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

“မြန်မာအမျိုးသားစရိုက် ဆိုတာက ဘာကိုဆိုလိုတာလဲ မေးချင်ပါတယ်။ ကျောင်းသားတိုင်း လွတ်လပ်စွာ ပညာသင်ကြားခွင့်ဆိုတာကို ပိတ်ပင်နေတာ ဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး ခိုင်းတဲ့အတိုင်းလုပ်ဆိုတဲ့ပုံစံမျိုး ဖြစ်နေပါတယ်” ဟု ကိုဇေယျာလွင်က ပြောသည်။

ပညာရေးဝန်ကြီးဌာနမှ ရေးဆွဲထားသည့် အမျိုးသားပညာရေးဥပဒေ မူကြမ်းပါ ပြဋ္ဌာန်းချက်များသည် ကျောင်းသားများ ပညာသင်ကြားခွင့်ကို ဖိနှိပ်ထားသည့် ဥပဒေဖြစ်နေခြင်းနှင့် ဗဟိုချုပ်ကိုင်မှု သက်သက် ပြဋ္ဌာန်းထားချက်များဖြစ်နေသည့်အတွက် ကန့်ကွက်ကြောင်း ပညာရေး ပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက် NNER အဖွဲ့ဝင် ဒေါက်တာစိုးဝင်းဦးက ပြောသည်။


ရန်ကုန်တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် ဘွဲ့ရမောင်မယ်များကို တွေ့ရစဉ်။ **(ဓာတ်ပုံ–မဇ္ဈိမ)**

“လွှတ်တော်က အတည်မဖြစ်ခင်မှာ ပြင်ဆင်နိုင်ဖို့အတွက် NNER အနေနဲ့လည်း လုပ်ဆောင်နေပါတယ်။ လွှတ်တော်တွင်းက ဒီမိုကရေစီအင်အားစုတွေနဲ့ အဖြေတစ်ခုထွက်အောင် ဆွေးနွေးဖို့တွေ ရှိပါတယ်” ဟု ပြောသည်။ အဆိုပါ ဥပဒေမူကြမ်းကို NNER သည် လွှတ်တော်ကိုယ်စားလှယ်များနှင့် မေလ ၁၈ ရက်တွင်လည်း ဆွေးနွေးမည့်အပြင် ပညာရှင်များနှင့်လည်းတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဟုလည်း သိရသည်။

ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများ သမဂ္ဂဥက္ကဋ္ဌ ဒေါက်တာအာကာမိုးသူကလည်း “အားလုံးလက်မခံနိုင်တဲ့ အချက်တွေကို ပြုပြင်ပေးဖို့ NNER နဲ့ ပူးပေါင်းပြီး ပယ်ဖျက်ပေးဖို့ လုပ်သွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်ရေး ကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် အမျိုးသားပညာရေးဥပဒေမကြမ်းကို ပြန်လည် ပြင်ဆင်ရန် ကျောင်းပေါင်းစုံ တက္ကသိုလ်ကျောင်းသားသမဂ္ဂများဖြစ်သည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များတို့ ပူးပေါင်း၍ဥပဒေကြမ်းပါအချက်များကို ဆွေးနွေးပွဲများပြုလုပ်သွားမည်ဟုဆိုသည်။

အမျိုးသားပညာရေး ဥပဒေမူကြမ်းကို ပညာရေးဝန်ကြီးဌာနက NNER နှင့် လွှတ်တော် ပညာရေးကော်မတီတို့ ရေးဆွဲခဲ့ကြပြီး လွှတ်တော်တွင် ပညာရေးဝန်ကြီးဌာန၏ မူကြမ်းကိုသာ တင်ပြဆွေး နွေးခဲ့ခြင်းကြောင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးရန်လည်း လိုအပ်နေသည်ဟု ဒေါက်တာ စိုးဝင်းဦးက ဆိုသည်။

အမျိုးသားပညာရေး ဥပဒေမူကြမ်းပါအချက်များသည် ကျောင်းသားထုလက်မခံနိုင်သော လွတ်လပ်စွာသင်ယူခွင့်၊ စီမံပိုင်ခွင့်ကို အဓိထားပိတ်ပင်နေခြင်းဖြစ်၍ လက်မခံကြောင်း တက္ကသိုလ်ကျောင်းပေါင်းစုံပါဝင်သည့် ဆန္ဒပြပွဲကို မတ်လ ၃၀ ရက်တွင် ဦးထွန်းလင်းခြံလမ်းတွင် ပြုလုပ်ခဲ့ကြသေးသည်။ ■

# သုံးနှစ်ကျော်ချိန်အထိ ရန်ကုန်တိုင်းအစိုးရ၏ ရသုံးငွေစာရင်း အသေးစိတ် လွှတ်တော်သို့ . .

■ မင်းမင်း
**ရန်ကုန်၊ ဧပြီ ၂၉**

အစိုးရနှင့် လွှတ်တော်တို့ သက်တမ်းသုံးနှစ်ကျော်လာပြီဖြစ်သော်လည်း ယခုအချိန်အထိ ရန်ကုန်တိုင်းအစိုးရ၏ အရ၊ အသုံးဘဏ္ဍာငွေစာရင်းများကို လွှတ်တော်သို့ အသေးစိတ်ချပြခဲ့ခြင်းမရှိသေးဟု တိုင်းအမတ်တို့က ပြောဆိုလိုက်သည်။

လက်ရှိ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်ရောက်ချိန်အထိ အရ၊ အသုံးဆိုင်ရာငွေ စာရင်းအနှစ်ချုပ်ကိုသာတိုင်းအစိုးရက လွှတ်တော်အမတ်တို့ထံသို့ ချပြခဲ့ပြီး အသေးစိတ်ကိုမူ အသိပေးဖြန့်ဝေခြင်းမရှိခြင်းကို ရည်ညွှန်း၍ လွှတ်တော်အမတ်များက ပြောဆိုလိုက်ခြင်းဖြစ်သည်။

“ဝန်ကြီးတွေက စာအုပ်တွေဝေထားတယ်။ ပြီးရင် သူတို့ဖတ်ပြတဲ့အချက်တွေကို ငါတို့က စာအုပ်ထဲမှာ ဖင်တစ် ပြန်၊ ခေါင်းတစ်ပြန်ရှာလည်းပဲ တစ်ခါတလေကျရင် ရှာမတွေ့ဘူး။ သူတို့က လွှတ်တော်ရဲ့အချိန်ကို ငဲ့ညှာသောအားဖြင့် ဘယ်လိုလေးရှင်းပါမယ်ဆိုပြီး ရှင်းသွားတဲ့အခါကျတော့ ဘယ်လိုက်ကြည့်လို့ ကြည့်ရမှန်းမသိ သူတို့တင်ပြတာ မှန်တာ၊ မှားတာတွေကို ဘယ်လိုမှ Counter Chat လိုက်လို့ မရဘူးပေါ့” ဟု ပြည်ခိုင်ဖြိုးပါတီဝင်ဖြစ်သည့် ဆိပ်ကမ်းမြို့နယ်မှ ရန်ကုန်တိုင်းအမတ် ဦးနေမျိုးအောင်က မဇ္ဈိမကို ပြောသည်။

တိုင်းအစိုးရရေးဆွဲထားသော လက်ရှိ ၂၀၁၄ ခုနှစ် ရန်ကုန်တိုင်း၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းကို ဧပြီ ၂၉ ရက်က တိုင်းလွှတ်တော်အစည်းအဝေး၌ အတည်ပြုလိုက်ပြီးနောက် လွှတ်တော်အမတ်တို့က ယင်းသို့ ပြောခြင်းဖြစ်သည်။

“အခုဟာက ဘယ်တံတားဖောက်မယ် သိန်းဘယ်လောက်၊ ဘယ်လမ်းဖောက်မယ် သိန်းဘယ်လောက်ဆိုတော့ အဲ့လောက်ကြီးကုန်တယ်၊ မကုန်တယ်က ကိုယ်တွေလည်း မသိဘူး”ဟု ဦးနေမျိုးအောင်ကရှင်းပြသည်။

ယခုကဲ့သို့ တိုင်းအစိုးရက ဘတ်ဂျက်အရ၊ အသုံးအသေးစိတ်စာရင်းများကို ဖြန့်ဝေခြင်းမရှိဘဲ နှုတ်ဖြင့်သာ ဖတ်ပြနေသဖြင့် လွှတ်တော်အစည်းအဝေးများသည် မလိုအပ်ဘဲ အချိန်ကုန်နေရသည်ဟု အင်းစိန်မြို့နယ်မှ တိုင်းအမတ် ဦးအောင်ဆန်းမြင့်က ပြောသည်။

ယခုနှစ် ရန်ကုန်တိုင်း အရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် လွှတ်တော်အမတ်နှစ်ဦးကသာ ဆွေးနွေးခဲ့ကြပြီး ပါဝင်ဆွေးနွေးသူတစ်ဦးဖြစ်သည့် ဒေါက်တာညိုညိုသင်းက “ဝန်ကြီးအသီးသီးဟာ မိမိဖတ်ကြားတဲ့(အရအသုံးငွေစာရင်း) စာတမ်းများကို ကြိုတင်ဝေငှထားခြင်းမရှိပါဘူး။ ကျွန်မတို့ကို ပေးထားတာက စာအုပ်အနှစ်ချုပ်စာရင်းတွေသာ ဖြစ်ပါတယ်”ဟု ဆွေးနွေးသွားသည်။

ယနေ့ အတည်ပြုလိုက်သည့် ၂၀၁၄ ခုနှစ် ရန်ကုန်တိုင်း၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းအရ တိုင်းအစိုးရသည် သုံးငွေအဖြစ် ကျပ်သန်းပေါင်း ၃၄၄,၂၅၇ ဒသမ ၇၉၉ သုံးစွဲ ခွင့်ရရှိခဲ့ပြီး ယင်း၏ ၇၀ ရာခိုင်နှုန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သုံးစွဲမည်ဖြစ်သည်။ ရငွေမှာ ကျပ်သန်းပေါင်း ၂၈၂၃၁၆ ဒသမ ၉၅၆ သာဖြစ်သဖြင့် ၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းတွင် လိုငွေ ကျပ်သန်းပေါင်း ၆၁၉၄၆ ဒသမ ၈၄၃ ပေါ်ပေါက်မည်ဖြစ်သည်။ ■

# အာရှစီးပွားရေးဦးဆောင်သူများက ဈေးကွက်ချဲ့ထွင်သွားရန် ပြင်ဆင်နေ

■ လပြည့်ဝန်း
**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် United Overseas Bank အခမ်းအနားတက်သူ အာရှစီးပွားရေး ဦးဆောင်သူ ၇၀ ရာခိုင်နှုန်းကို ကောက်ယူခဲ့သည့် စစ်တမ်းအရ ၎င်းတို့က လာမည့်တစ်နှစ်အတွင်း မြန်မာနိုင်ငံ၌ ဈေးကွက်ချဲ့ထွင်ရန် ပြင်ဆင်လျက်ရှိကြောင်း ဧပြီ ၂၉ ရက်က ထုတ်ပြန်သည်။

စစ်တမ်းမှာ တစ်နှစ် ငွေကြေးလည်ပတ်မှု ဒေါ်လာ သန်း ၅၀ နှင့် အထက်ရှိသည့် အာရှကုမ္ပဏီများမှ အကြီးအကဲများကို ကောက်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုကို အဓိကဆွဲဆောင်သည့် အချက်နှစ်ချက်မှာ တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် လူ လတ်တန်းစား ၄၆ ရာခိုင်နှုန်းကို ကုန်စည်နှင့် ဝန်ဆောင်မှုများ ပေးနိုင်မည့် အခွင့်အရေးနှင့် တိုင်းပြည်၏ လျင်မြန်စွာပြောင်းလဲလျက်ရှိသည့် စီးပွားရေးအခွင့်အလမ်း များ ၄၁ ရာခိုင်နှုန်း ရှိနေခြင်းတို့ပင်ဖြစ်ကြောင်း ထိုစစ်တမ်းက ဖော်ပြထားသည်။

Bagan Investment ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးလှမောင်က “အရှေ့တောင်အာရှစီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေက အာဆီယံ စီးပွားရေး အသိုင်းအဝိုင်းတစ်ရပ်အဖြစ် ဖြစ်ပေါ်လာနိုင်မယ်လို့ ခန့်မှန်းထားကြတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာလုပ်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့စီးပွားရေး အလားအလာက အများကြီးအောင်မြင်လာဖို့ပဲ ရှိတယ်” ဟု ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ များလာရခြင်းမှာ မြန်မာနိုင်ငံသည် အာရှတွင်ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးမြေနေရာဖြစ်ပြီး လူဦးရေသိပ်သည်းမှုလည်း သိပ်မရှိဘဲ သယံဇာတလည်း ပေါ်ကြွယ်သောကြောင့် ဖြစ်သည်ဟု ၎င်းကဆိုသည်။

UOB Group ၏ အကြံပေးဌာန အကြီးအကဲ Mr.Sam Cheong က မြန်မာနိုင်ငံရှိ စီးပွားရေးအခွင့်အလမ်းများသည် တကယ့်အစစ်အမှန်များ ဖြစ်သကဲ့သို့ စွန့်စားမှုနှင့် စိန်ခေါ်မှုများလည်း ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်က မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် မြင့်တက်လာ၍ UOB က ဈေးကွက်ချဲ့ထွင်ခြင်းဖြင့် ခိုင်မာသည့် ထောက်ပံ့မှုပေးရန် ရှာဖွေခဲ့သည်ဟု ပြောသည်။ ■

# ရခိုင်ပဋိပက္ခများအတွက် အစိုးရနှင့် . . .

**မျက်နှာဖုံးမှအဆက်**

ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများ ထောက်ပံ့သည့် ကျပ်ငွေသန်းချီသော ငွေကြေးများကို လူထုထံတိုက်ရိုက်ပံ့ပိုးမှုပြုလုပ်နေရာမှ အစိုးရက တစ်ဆင့်ခံယူကာ ထောက်ပံ့မှုများ ပြုလုပ်လိုသောကြောင့်လည်း ရခိုင်လူမျိုးများကိုအသုံးချခဲ့သည်ဟု ၎င်းက ဆက်လက်သုံးသပ်သည်။

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးသည် အလိုအပ်ဆုံးအချက်တစ်ချက်ဖြစ်သော်လည်း တည်ငြိမ်မှုသည်ယခင်ကလည်း အားနည်းခဲ့ပြီ လက်ရှိတွင် ပိုမိုဆိုးရွားလာကြောင်းနှင့် နှစ်ပေါင်းများစွာ အခြေတည်ဖြစ်ပွားခဲ့သည့် ပြဿနာများအပေါ် တိကျသည့် အဖြေတစ်ခုရှာဖွေသင့်ပြီဖြစ်ကြောင်းလည်း ညီလာခံသုံးရက်မြောက်နေ့တွင် ဆွေးနွေးကြသည်။

“ဘူးသီးတောင် မောင်တောမှာဆိုရင် နိုင်ငံတကာ အဖွဲ့အစည်းတွေက ထောက်ပံ့မှုတွေလုပ်တယ်။ ခိုးဝင်လာတဲ့သူတွေကို မြေယာတွေဖော်ဆောင်ပေးတယ်။ စိုက်ပျိုးစရိတ်တွေထုတ်ပေးတယ်။ မျိုးစပါးတွေပေးတယ်။ နောက်ဝယ်လက် ၉၀ ရာခိုင်နှုန်းချုပ်ကိုင်နိုင်အောင် စီမံဆောင်ရွက်ပေးထားတယ်။ ကျူးကျော်မှုဖြစ်အောင် တမင်ဆောင်ရွက်နေတာပါတယ်။ UNHCR (ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး)နဲ့ အစိုးရအပေါ်မှာအများကြီး မူတည်နေပါတယ်”ဟု ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအကြောင်း မေးမြန်းဆွေးနွေးရာတွင် ခေါင်းဆောင်ဆွေးနွေးသူ ဦးထွန်းအောင်သိန်းက ပြောသည်။

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို အဓိကဆောင်ရွက်ပေးရန်မှာ အစိုးရအဖွဲ့၏ တာဝန်သာဖြစ်သည်ဟုဆိုသည်။ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေအတိုင်းဆောင်ရွက်ပြီး ၁၉၈၂ ခုနှစ် နိုင်ငံသား ဖြစ်မှုဥပဒေဖြင့် ဆောင်ရွက်ရမည်ဟု ဆက်ဆွေးနွေးကြသည်။

ရခိုင်တပ်မတော်(ဗဗ) ဒု-ဗိုလ်မှူးကြီး ဦးကျော်ဟန်က “ရခိုင်ပြည်နယ်ပြဿနာကို ဒေါ်အောင်ဆန်းစုကြည်က တရားဥပဒေစိုးမိုးမှုမရှိလို့ဆိုပြီးပြောတယ်။ သမ္မတ ဦးသိန်းစိန်းက ဆင်းရဲနွမ်းပါးမှုကြောင့်လို့ ပြောတယ်။ UN အဖွဲ့အစည်းတွေက လူ့အခွင့်အရေးမရှိလို့ဆိုပြီး ပြောတယ်။ ရခိုင်တိုင်းရင်းသားတွေက ဘာပြောမလဲဆိုတာ လိုအပ်တယ်။ ပြည်သူလူထုကလည်း တောင်းဆိုဖို့လိုတယ်”ဟု သုံးသပ်သည်။

ရခိုင်အမျိုးသားညီလာခံမှတစ်ဆင့် တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေဘောင်အတွင်းမှ ဖြေရှင်းဆောင်ရွက်နိုင်မည့် မူဝါဒများကို ချမှတ်နိုင်ရန်လည်း ညီလာခံတွင်တိုက်တွန်းပြောဆိုကြသည်။

နိုင်ငံတော်အစိုးရက မည်သည့်အပိုင်းမှ ကူညီဆောင်ရွက်ပေးရန် လိုအပ် မည်ကို ဆွေးနွေးကာ နိုင်ငံတော်အပိုင်းက လုပ်ဆောင်ပေးရမည့် အချက်အလက်များကိုလည်း တောင်းဆိုနိုင်ရန်အထိ ဆွေးနွေးကြရမည်ဟု ခေါင်းဆောင်ဆွေးနွေးသူများက ပြောသည်။

စစ်တွေ ပဋိပက္ခဖြစ်စဉ်တွင် ပြည်နယ်အစိုးရနှင့် လုံခြုံရေးအဖွဲ့ဝင်များ၏တုန့်ပြန်နိုင်မှုအားနည်းမှုရှိခဲ့သည်ဟု စစ်တွေပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သူ နယ်စပ်ရေးရာဝန်ကြီးဌာန ဒု-ဝန်ကြီးဗိုလ်ချုပ်မောင်မောင်အုန်းက ဧပြီ ၉ ရက်တွင် မြန်မာငြိမ်းချမ်းရေးဂေဟာ၌ ပြောဆိုထားသည်။

အဆိုပါ ပဋိပက္ခဖြစ်ပွားခဲ့စဉ်က စစ်တွေမြို့ဒေသခံတစ်ဦးဖြစ်သူ ရခိုင်ပြည်နယ်ရှေ့နေချုပ် ဦးဦးသာပွင့်ကလည်း “မင်းမဲ့စရိုက်ဆန်ဆန်ဖြစ်နေတာ သုံးဘီးဆိုက်ကယ်တွေနဲ့ ဦးဆောင်နေတဲ့ လူ ၂၀ လောက်ကို လာမထိန်းသိမ်းလို့ ဒီလောက်အထိဖြစ်သွားတာ”ဟု မတ်လအတွင်းက မဇ္ဈိမကို ပြောထားသေးသည်။ ■

# မအောင်မြင်ခဲ့သည့် အငှားယာဉ်ရပ်နားဂိတ်များ ပြန်လည်ထားရှိမည်ဟု မြို့တော်ဝန်ပြော

■ မင်းမင်း
**ရန်ကုန်၊ ဧပြီ ၂၉**

ယာဉ်ကြောပိတ်ဆို့မှုကို ထိန်းချုပ်ရန် ယခင်အစိုးရလက်ထက် အောင်မြင်မှုမရခဲ့သည့် တက္ကစီရပ်နားဂိတ်များ ပြန်လည်ထားရှိရေး စီစဉ်သွားမည်ဟု ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ဧပြီ ၂၉ တွင် ကျင်းပသည့် ရန်ကုန်တိုင်းလွှတ်တော် အစည်းအဝေးတွင် ပြောသည်။

ပြီးခဲ့သည့် အစိုးရလက်ထက်က ရန်ကုန်တွင် တက္ကစီအငှားယာဉ်များကို ရပ်နားဂိတ်ထားရှိပေးခဲ့သော်လည်း အချက်အချာကျသည့်နေရာများ မဟုတ်သည့်အတွက် လာရောက်ငှားရမ်းသူများ နည်းပါးကာ မအောင်မြင်ခြင်းဟု ၎င်းကသုံးသပ်သည်။

ထို့ကြောင့် ယခုလုပ်ဆောင်မည့်အစီအစဉ်တွင် “လမ်းအလိုက် ခရီးသည်အရေအတွက် စစ်တမ်းကောက်ယူခြင်း၊ ခရီးသည် သွားလာတဲ့ အများဆုံးအချိန်နဲ့ လမ်းကြောင်းစာရင်းများ ကောက်ယူခြင်း၊ လမ်းအလိုက် ခရီးသွားလာတဲ့ မော်တော်ယာဉ်စာရင်း (Traffic Control Account)ကောက်ယူခြင်း၊ တက္ကစီယာဉ်မောင်းများရဲ့ ဆန္ဒသဘောထားများ ကောက်ယူခြင်း၊ တက္ကစီစီးနင်းသူများ၏ ဆန္ဒသဘောထားများ ကောက်ယူခြင်းလုပ်ငန်း” စာရင်းဇယားများရယူ၍ လအလိုက် စီမံချက်ရေးဆွဲ ဆောင်ရွက်မည်ဟု မြို့တော်ဝန်က ပြောသည်။

စစ်တမ်းကောက်ယူမှု ပြည့်စုံပါက တက္ကစီအငှားဂိတ်များကို နေရာသတ်မှတ်ပြီး ခရီးသည်တင်/ချရန် စိစစ်ဆောင်ရွက်သွားမည်ဟု ၎င်းကဆိုသည်။


ရန်ကုန်မြို့တွင်း တစ်နေရာတွင် စည်းကမ်းမဲ့ ရပ်နားထားသည့် အငှားယာဉ်များကို တွေ့ရစဉ်။ **ဓာတ်ပုံ–မဇ္ဈိမ**

အဆိုပါ တက္ကစီအငှားယာဉ်များရပ်နားဂိတ်များ အသက်ဝင်လာပါက တက္ကစီယာဉ်မောင်းများမှာ သတ်မှတ်ထားသည့် ဂိတ်တွင်သာ ခရီးသည်များကို စောင့်ဆိုင်းမှုပြုရမည်ဟု လာရောက်ငှားရမ်းမှုကို စောင့်ဆိုင်းရန် စည်းကမ်းသတ်မှတ်မည်ဖြစ်သည်။

“အရင်တုန်းက ထားပေးတဲ့နေရာတွေက ခရီးသည်တွေ လာမငှားဘူးလေ။ စစ်တမ်းကောက်မယ်ဆို မြန်မြန်အကောင်အထည်ဖော်သင့်ပါတယ်။ အဲလိုလုပ်လိုက်ရင် ကောင်းသွားမှာပါ။ ကျောင်းဖွင့်ရာသီဆိုလမ်းတွေ ပိုပြီးပိတ်တော့မှာလေ”ဟု အသက် ၄၅ နှစ်အရွယ် တက္ကစီယာဉ်မောင်းတစ်ဦးက ပြောသည်။

ကနဦးစမ်းသပ်မှုအဖြစ် တက္ကစီဂိတ်များကို လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ စွမ်းအင်ဝန်ကြီးဌာနရုံးဟောင်းရှေ့နှင့် လသာမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့တွင် နေရာ သတ်မှတ်ပြီး စတင်ထားရှိမည်ဟု မြို့တော်ဝန်က လွှတ်တော်တွင် ပြောဆိုသွားသည်။

ရန်ကုန်တိုင်းအတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်စီးရေ စုစုပေါင်း ငါးသိန်းကျော်ရှိနေပြီဟု မြို့တော်ဝန်၏ ရှင်းလင်းပြောဆိုချက်တွင် ပါဝင်သည်။

ရန်ကုန်တွင် တစ်နေ့တစ်ခြားများပြားလာသည့် ယာဉ်စီးရေများကြောင့် ယာဉ်ကြောပိတ်ဆို့မှုမှ ရှောင်လွှဲနိုင်ရန် အဓိကလမ်းပေါင်း ခြောက်ဆယ်ကျော်ကို ယာဉ်မရပ်ရနေရာများအဖြစ် သတ်မှတ်ထားရသည်။ ■

# ဂျပန်-မြန်မာ ကျောင်းသား ဖလှယ်ကာ နှစ်နိုင်ငံလုံးတွင် မဟာဘွဲ့များပေးမည်

■ ဝင်းကိုကိုလတ်
**နေပြည်တော်၊ ဧပြီ ၂၉**

နှစ်နိုင်ငံလုံးတွင် မဟာဘွဲ့ပေးမည့် ကျောင်းသားဖလှယ်မှုအစီအစဉ်ကို ဂျပန်နိုင်ငံ၊ Miyazaki တက္ကသိုလ်နှင့် မြန်မာနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနတို့ နားလည်မှုစာချွန်လွှာကို ဧပြီလ ၂၉ ရက်တွင် လက်မှတ်ရေးထိုးသည်။

ဂျပန် Miyazaki တက္ကသိုလ်မှ မြန်မာနိုင်ငံသူ တွဲဖက်ပါမောက္ခ (Faculty of Engineering) ဒေါက်တာသင်းသင်းဇင်က "ဒီအစီအစဉ်က မြန်မာနိုင်ငံအတွက် ပထမဦးဆုံးပဲဖြစ်ပါတယ်။ မြန်မာကျောင်းသားတွေအတွက် နှစ်နှစ်နဲ့ မာစတာဘွဲ့နှစ်ခု ရနိုင်မယ့်အခွင့်အရေးပါ" ဟု ပြောသည်။

အဆိုပါအစီအစဉ်သည် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ် ၅၈ မှ ကျောင်းသူ၊ ကျောင်းသားအားလုံး အကျုံးဝင်မည်ဖြစ်သည်။

"ထူးခြားချက်က အရွေးချယ်ခံရတဲ့ ကျောင်းသား (သို့မဟုတ်) ကျောင်းသူဟာ ကျောင်းလခကို မြန်မာနိုင်ငံမှာပဲ သူတို့ရဲ့ တက္ကသိုလ်မှာသွင်းရတဲ့အတိုင်း ပေးသွင်းပြီး ဂျပန်တက္ကသိုလ်တက်ရမယ့် အခွင့်အရေးပါ။ ဂျပန်ကျောင်းသားကလည်း ဂျပန်မှာ ပေးသွင်းရတဲ့ ကျောင်းလခကို ဂျပန်မှာပဲသွင်းပြီး မြန်မာပြည်မှာ ကျောင်းတက်ရမှာပါ" ဟု ပြောသည်။

အဆိုပါအစီအစဉ်အတွက် ကျောင်းသား၊ ကျောင်းသူအရေအတွက် ကန့်သတ်ထားမှုရှိမည်မဟုတ်ဘဲ ဝင်ခွင့်စာမေးပွဲ အောင်သည့် ကျောင်းသား၊ ကျောင်းသူများအားလုံးကို တက်ရောက်ခွင့်ပြုမည်ဟု ပြောသည်။

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာပိုက်တင်က "အခုလိုအစီအစဉ်က မြန်မာကျောင်းသားတွေအတွက် တကယ့်အခွင့်အလမ်းပါ။ ကျွန်တော်တို့ ပါချုပ်ဘဝကလည်း မလုပ်နိုင်ခဲ့ဘူး" ဟု ပြောသည်။

ဂျပန်တက္ကသိုလ်က ချုပ်ဆိုသည့် စာချုပ်အတွက် ကျောင်းသားဖလှယ်မှုအစီအစဉ်၊ သုတေသနအစီအစဉ်များနှင့် ဝန်ထမ်းများဖလှယ်ရေး အစီအစဉ်များပါဝင်မည်ဖြစ်ပြီး ပညာသင်နှစ်ကို ၂၀၁၄- ၂၀၁၅ ခုနှစ်အတွင်းစတင်နိုင်ရန် မျှော်မှန်းထားသည်။ ■

# လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ မေလတွင် ထွက်ရှိမည်

■ ဇာနည်အောင်
**ရန်ကုန်၊ ဧပြီ ၂၉**

ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့မှ လွှတ်တော်စောင့်ကြည့်လေ့လာရေးအဖွဲ့က လွှတ်တော်တွင်းအဆိုနှင့် မေးခွန်းများကို လေ့လာသုံးသပ်ထားသည့် အစီရင်ခံစာ အမှတ်-၂ မေလ ပထမပတ်တွင် ထွက်ရှိမည်ဟု ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့ အမှုဆောင်ဒါရိုက်တာ ဦးအေးကျော်က ဧပြီ ၂၉ရက်တွင် မဇ္ဈိမကို ပြောသည်။

"လွှတ်တော်ကို တင်သွင်းထားတဲ့ အဆိုပြုလွှာတွေ ပါ ဝင်လာမှာ ဖြစ်ပါတယ်။ အစီရင်ခံစာတုန်းက လွှတ်တော်ထဲမှာ တင်သွင်းလာတဲ့ ကြယ်ပွင့်ပြ မေးခွန်းတွေ ပါပါတယ်" ဟု ပြောသည်။

လွှတ်တော်လေ့လာစောင့်ကြည့်ရေးအစီရင်ခံစာကို ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ ပထမပုံမှန်အစည်းဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးထိ မေးမြန်းခဲ့သော မေးခွန်းများနှင့် အဆိုပြုလွှာဟူ၍ အစီရင်ခံစာအမှတ်-၁ ကို ဖေဖော်ဝါရီလအတွင်းထွက်ရှိခဲ့ပြီးဖြစ်သည်။

ထို အစီရင်ခံစာများထုတ်ပြန်ရာတွင် လွှတ်တော်များတွင် ထုတ်ပြန်ထားသည့် စစ်တမ်းတွေ့ရှိချက်ပေါ် အခြေခံပြီး ၎င်းအစီရင်ခံစာများကို ပြည်သူများထံချပြမှုများပြုလုပ်ခဲ့သည်။

လွှတ်တော်များတွင် ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူအပေါ် ဘယ်လောက်အကျိုးရှိ၊ မရှိကို ပြည်သူများသိထားမှသာ အမှန်တကယ်အားကိုးရသည့် လွှတ်တော်ဟု ခံယူနိုင်မည်ဖြစ်ပြီး အနာဂတ်တွင်လည်း လွှတ်တော်နှင့် ပြည်သူတစ်သားတည်းကျလာမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ အစီရင်ခံစာများ လုပ်ဆောင်ရသည်ဟု ဦးအေးကျော်ကဆိုသည်။

ပထမအကြိမ် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ အမှတ်(၁)ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ထွက်ရှိခဲ့သည်။ ■




*ပုသိမ်မြို့ရှိ ပြည်တော်သာအိမ်ရာတွင် နေထိုင်သည့် မိသားစုဝင်အချို့ ဧပြီ ၂၅ ရက်က ရွှေ့ပြောင်းနေသည်ကိုတွေ့ရစဉ်။*

# ပုသိမ် ပြည်တော်သာ အိမ်ရာစီမံကိန်းသစ်ကို မူလအိမ်ခန်းရှင်များက အလိုမရှိ

■ စည်သူမောင်မောင်
**ပုသိမ်၊ ဧပြီ ၂၉**

Nine Group ဆောက်လုပ်ရေး ကန်ထရိုက်နှင့် ဧရာဝတီတိုင်း အိုးအိမ်ဦးစီးဌာနတို့ အကျိုးတူပူးပေါင်းဆောက်လုပ်မည့် ပုသိမ်၊ အမှတ်(၄)ရပ်ကွက်ရှိ ပြည်တော်သာ အိမ်ရာစီမံကိန်းတွင် ပွင့်လင်းမြင်သာမှုမရှိဘဲ လေလံခေါ်ယူခြင်းနှင့် ပြည်တော်သာအိမ်ရာနေပြည်သူများကို ကြိုတင်အကြောင်းကြားခြင်းမရှိခြင်းတို့ကြောင့် အဆိုပါအိမ်ရာနေမိသားစုများက ကျေနပ်မှုမရှိဟု ထုတ်ဖော်ပြောဆိုသည်။

အိမ်ရာသစ်ပြန်ဆောက်ရန်အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ခြင်းမရှိသည့်အပြင် အဆောက်အအုံဟောင်းများဖျက်ရန် လေလံခေါ်ယူခြင်း မရှိဘဲ အသစ်ဆောက်လုပ်မည့် ကုမ္ပဏီကိုလည်း လေလံခေါ်ယူခြင်းမရှိဟု အဆိုပါအိမ်ရာတွင်နေထိုင်သည့် အငြိမ်းစားဝန်ထမ်းဟောင်း ဦးမောင်မောင်က ပြောသည်။

"ပြည်တော်သာအိမ်ရာက ပြည်သူ့အိမ်ရာပဲ။ ဝန်ထမ်းအိမ်ရာ မဟုတ်ဘူး။ ၁၉၅၈ ပါလီမန်မှာ အတည်ပြုထားတာ ပြည်သူ့အိမ်ရာ။ ဖျက်ပြီးအသစ်ဆောက်မယ်ဆိုရင်တောင် တိုင်းဒေသကြီးက လုပ်လို့မရဘူး။ ဝန်ကြီးလည်း လုပ်လို့မရဘူး။ နိုင်ငံတော်သမ္မတက လုပ်ဆောင်ရမှာ၊ လုံးချင်းတွေဆောက်လုပ်ပြီး ရောင်းရတယ်၊ ပိုက်ဆံတွေကို နိုင်ငံတော် ဘတ်ဂျက်ထဲ ရောက်မှာလား ဘယ်ကိုရောက်မှာလဲ" ဟု ၎င်းကဆိုသည်။

၂၆ ဒသမ ၃၁၂ ဧက အကျယ်ရှိသည့် ပြည်တော်သာအိမ်ရာကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားရန် လုပ်ငန်းများ စတင်နေပြီး တိုက်ခန်းပေါင်း ၄၄၄ ခန်းနှင့် ပေ ၆၀ ပတ်လည်လုံးချင်းတိုက် ၇၀ လုံး ပါရှိမည်ဟု တိုင်းအိုးအိမ်ဦးစီးဌာန မှတ်တမ်းများတွင် ဖော်ပြထားသည်။

လုံးချင်းအိမ် ဝယ်ယူမည့်သူများကို ဂရန်ထုတ်ပေးမည်ဖြစ်ပြီး အိမ်ရာစီမံကိန်း ဆောက်လုပ်ခြင်းအတွက် ကုန်ကျစရိတ် ကျပ်သိန်း ၆၀,၀၀၀ ရှိမည်ဟု ဆိုသည်။

လက်ရှိတွင် ပထမလုပ်ငန်းစဉ်အဖြစ် လူမနေတော့သည့် တိုက်ခန်းများကို ဖယ်ရှားရှင်းလင်းတော့မည်ဖြစ်ပြီး အိမ်ရာ၏ ထက်ဝက်ခန့်ဖြစ်သည့် တိုက်ခန်း ၃၅၀ ခန့်သည် တရားမဝင်နေထိုင်နေခြင်းဖြစ်ရာ ၂၀၁၃ ခုနှစ်အတွင်းက တိုင်းအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်သည်ဟု ဧရာဝတီတိုင်း အိုးအိမ်ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက ဧပြီ ၂၈ ရက်တွင် ပြောသည်။

"အိမ်ရာကို အသစ်ပြန်လည်တည်ဆောက်မှာကို ပြည်ထောင်စုအစိုးရကော တိုင်းဒေသကြီးအစိုးရကော သဘောတူထားတယ်။ အကျိုးတူဆောက်လုပ်မှာ ၅၀-၅၀ ရရှိမှာဖြစ်တယ်။ ပြည်တော်သာအိမ်ရာက ပြည်သူအိမ်ရာမဟုတ်ဘူး။ ဝန်ထမ်းအိမ်ရာဖြစ်တယ်" ဟု ဦးတင်ဇော်မိုးက တုံ့ပြန်ပြောဆိုသည်။

ပြည်တော်သာအိမ်ရာကို အသစ်ပြန်လည်ဆောက်လုပ်ရန် ရှိ၊ မရှိနှင့် ပတ်သက်ပြီး ၂၀၁၁ခုနှစ် နိုဝင်ဘာလပိုင်းတွင် ကျင်းပသည့် ဧရာဝတီတိုင်း လွှတ်တော်အစည်းအဝေးတွင် ပုသိမ်မြို့နယ် တိုင်းလွှတ်တော် ကိုယ်စားလှယ်ဦးအောင်ကျော်စိန်က မေးမြန်းခဲ့ရာတွင် တိုင်းအစိုးရအဖွဲ့က ဆောက်လုပ်ရန်မရှိကြောင်း ကတိပေးပြန်လည်ဖြေဆိုထားသည်ဟုလည်း ကိုယ်စားလှယ်ဦးအောင်ကျော်စိန်က ထောက်ပြပြောဆိုသည်။

"အရင်စစ်အစိုးရလက်ထက်တုန်းက တိုင်းငြိမ်ဝပ်ပိပြားရေးအဖွဲ့က ဝန်ထမ်းအိမ်ရာဆိုပြီး ပြောခဲ့တာပဲရှိတယ်။ ပြည်သူ့အိမ်ရာပဲ။ ဝန်ထမ်းအိမ်ရာလည်း မဟုတ်ဘူး။ အရင်စီမံကိန်းအရ တစ်လ ၂၈ ကျပ်နဲ့ ၂၅နှစ်နေထိုင်ရင် အိမ်တန်ဖိုးကျေပြီး အိမ်ပိုင်ဆိုင်ခွင့်ရှိမယ်လို့သိရတယ်။ အခုလည်း သူတို့ပြောသလို အိမ်ငှားခယူ ဆင်းပေးရင် ဆောက်ပြီးမှ ပြန်နေထိုင်ခွင့်မရရင် ဘယ်လိုလုပ်မလဲ" ဟု ပြည်တော်သာအိမ်ရာနေထိုင်သူတစ်ဦးက ပြောသည်။

ပြည်တော်သာအိမ်ရာစီမံကိန်းသည် ၁၉၅၀-၅၁ ခုနှစ်တွင် ကိုလံဘိုစီမံကိန်းဖြစ်ပြီး နိုင်ငံခြားအကူအညီဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၁၉၅၂ ခုနှစ်တွင် ပြည်တော်သာအိမ်ရာစီမံကိန်းအား တစ်နိုင်ငံလုံး ၄၆ နေရာတွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ■

## ယနေ့မိုးလေဝသခန့်မှန်းချက်

ဧပြီလ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)
မိုးဇလမှကူးယူဖော်ပြသည်။

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ကချင်ပြည်နယ် | ၃၄-၂၀ | |
| ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၂၈-၁၉ | |
| ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၃၁-၁၇ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ရှမ်းပြည်နယ် (တောင်ပိုင်း) | ၂၈-၁၅ | |
| ချင်းပြည်နယ် | ၃၂-၁၉ | |
| စစ်ကိုင်းတိုင်း(အထက်ပိုင်း) | ၃၈-၂၁ | |
| စစ်ကိုင်းတိုင်း(အောက်ပိုင်း) | ၃၈-၂၂ | |
| မန္တလေးတိုင်း | ၃၇-၂၂ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| နေပြည်တော် | ၃၉-၂၆ | |
| မကွေးတိုင်း | ၄၁-၂၅ | |
| ရခိုင်ပြည်နယ် | ၃၇-၂၆ | |
| ပဲခူးတိုင်း | ၃၉-၂၅ | |
| ရန်ကုန်တိုင်း | ၃၉-၂၅ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ဧရာဝတီတိုင်း | ၃၉-၂၄ | |
| ကယားပြည်နယ် | ၃၅-၂၀ | |
| ကရင်ပြည်နယ် | ၃၉-၂၅ | |
| မွန်ပြည်နယ် | ၃၈-၂၆ | |
| တနင်္သာရီတိုင်း | ၃၆-၂၄ | |

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်
နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်
တိမ်အသင့်အတင့်ဖြစ်ထွန်း
အများအားဖြင့်သာယာမည်
တိမ်ထူ၍ မိုးအုံ့မည်
တိမ်ထူထပ်မည်

# မြွေတောင်၊ ဖားတောင်ထွက် တွင်းထွက်ကျောက်များ တရားမဝင်တူးဖော်မှု များလာ

■ လပြည့်ဝန်း
**ရန်ကုန်၊ မေ ၂၉**

လွန်ခဲ့သည့် လေးလခန့်အကြာက စတင်တူးဖော်တွေ့ရှိသည့် ချင်းပြည်နယ် မြွေတောင်၊ ဖားတောင်ထွက် အလှဆင် ရောင်စုံကျောက်ဟုယူဆရသော တွင်းထွက်များကို တရားမဝင်တူးဖော်မှု ပိုမိုများပြားလာကြောင်း ချင်းတောင်ဒေသ သဘာဝသယံဇာတ လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ကိုထားတွမ်က ပြောသည်။

သစ်ပင်များခုတ်လှဲကာ ကျောက်တူးဖော်မှုများရှိနေပြီး သဘာဝသယံဇာတများကို အတားအဆီးမရှိ ထုတ်ယူသုံးစွဲလာသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိလာသည်ဟုဆိုသည်။

“လက်ရှိမှာ မြွေတောင်၊ ဖားတောင်က ထွက်တဲ့ ဘယ်ကျောက်မဆို ဈေးကွက်ထဲမှာ ရောင်းလို့ရနေတာဆိုတော့ ဒေသခံတွေက တရားမဝင်တူးနေကြတယ်။ ပြည်နယ်အုပ်ချုပ်ရေးမှူးအဖွဲ့ကနေ ဒေသခံတွေကို မတူးဖို့တော့ ကန့်ကွက်နေတာရှိတယ်” ဟု ကိုထားတွမ်က ပြောသည်။

ထိုအလှဆင်ကျောက်များကို တရုတ်နိုင်ငံမှ အဓိကဝယ်ယူလျက်ရှိပြီး တစ်ပိဿာလျှင် မြန်မာ ကျပ်ငွေ ၃,၀၀၀ မှ ၅,၀၀၀ ထိ ဈေးပေါက်ကြောင်း၊ ကျောက်များသည် ပယင်းကျောက်များကဲ့သို့ ပုံစံရှိပြီး အလှဆင်ကျောက်များအနေဖြင့် အသုံးပြု၍ရသည်ဟု မြွေတောင်၊ ဖားတောင် လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ အဖွဲ့ဝင် ကိုဒဲရစ်က မဇ္ဈိမကိုပြောသည်။

“တချို့ကျောက်တွေက ဘယ်လောက်တန်ဖိုးရှိလဲဆိုတာ ဘယ်သူမှ မသိဘူး။ ကမ္ဘာ့သတ္တုပညာရှင်တွေကလည်း မြွေတောင် ဖားတောင်က တန်ဖိုးကြီးသတ္တုတွေ ထွက်နိုင်တယ်လို့ ခန့်မှန်းထားတာလည်းရှိတော့ ဒီလိုပုံစံမျိုးတွေနဲ့ အရောင်းအဝယ်လုပ်နေကြတာကို စိုးရိမ်မိတယ်။ တရားမဝင် တူးနေကြတာတွေလည်းရှိတော့ သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်လာတယ်” ဟု အထက်ချင်းတွင်းလူငယ်ကွန်ရက်မှ ကိုကျော်သက်ဝင်းကပြောသည်။

မြွေတောင်၊ ဖားတောင်ကို အမှီပြုပြီး လုပ်ကိုင်စားသောက်ကြသော ကျေးရွာပေါင်း ၁၄ ရွာကျော်၊ လူဦးရေ နှစ်သောင်းကျော် ရှိနေသည်။

မြွေတောင်ဖားတောင်တွင် ယခင်က ခရိုမိုက်သတ္တုနှင့် နီကယ်သတ္တုတို့သာ ထွက်ရှိပြီး ယခုအခါတွင် ရောင်စုံကျောက်ဟုခေါ်သော ချယ်ဆီဒိုကျောက်ပါ ထွက်ရှိနေသည်။ ■

# သိမ်းဆည်းလယ်များကို စိုက်ပျိုးရေးသာ လုပ်ရန် လွှတ်တော်သို့ တင်ပြမည်

■ ဖိုးစိုးသူ
**ဝေါ၊ မေ ၂၉**



တပ်သိမ်းမြေများပြန်ရရေး ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်အတွင်း ထွန်တုံးတိုက်ပွဲဆင်နွှဲသည်ကို ၂၀၁၃ခုနှစ် နှောင်းပိုင်းက တွေ့ရစဉ်။ **ဓာတ်ပုံ–ဟောင်ဆာ (ရာမည)**

မြန်မာနိုင်ငံတွင် စိုက်ပျိုးလယ်ယာမြေ ပျက်စီးဆုံးရှုံးမှုများ ရှိနေသည့်အတွက် သိမ်းဆည်းထားသော လယ်ယာမြေများကို စိုက်ပျိုးရေးလုပ်ငန်းတစ်ခုအတွက်သာ အသုံးပြုရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဟု မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဇာနည်သွေးက မေ ၂၉ ရက်တွင် ပဲခူးတိုင်း ဝေါမြို့၌ ပြုလုပ်သော ပထမအကြိမ်ညီလာခံတွင် ပြောသည်။

ပြည်ထောင်စုလွှတ်တော် လယ်ယာမြေကော်မရှင်၏ လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုအစီရင်ခံစာအရ အစိုးရမှ သိမ်းဆည်းထားသော လယ်ယာမြေများတွင် စစ်တပ်သိမ်းမြေ ၇၄၅ ဧကနှင့် အစိုးရမှ သိမ်းဆည်းထားသော မြေ ၅၆၅ ဧက၊ စက်မှုလက်မှုလုပ်ငန်းများကြောင့် ၆၃၃ ဧက၊ မွေးမြူရေးလုပ်ငန်းများကြောင့် ၁၁၅ ဧက ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဖော်ပြပါရှိ၍ လက်ရှိ သိမ်းဆည်းထားသော လယ်ယာမြေများတွင် စိုက်ပျိုးရေးတစ်မျိုးတည်းသာ ပြုလုပ်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် စီစဉ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

“ကျွန်တော်တို့ သမဂ္ဂရဲ့ ပထမအကြိမ်ညီလာခံတွေ့ဆုံပွဲမှာ အနယ်နယ်အရပ်ရပ်က လယ်သမားကိုယ်စားလှယ်တွေ ၁,၅၀၀ လောက်တက်ရောက်ကြပါတယ်။ ဒီလူတွေနဲ့ အဆက်အသွယ်ရသွားပြီဆိုတော့ မြို့နယ်အသီးသီးက သမဂ္ဂအဖွဲ့ဝင်တွေရဲ့ လိပ်စာတွေနဲ့ စိုက်ပျိုးမြေဧကတွေကို စာရင်းကောက်ပြီး စိုက်ပျိုးရေးတစ်ခုတည်းကို လုပ်ကိုင်ခွင့်ပြုဖို့ မွေးမြူရေး လုပ်ငန်းတွေ၊ စီမံကိန်းတွေလုပ်ကိုင်ဖို့ လယ်မြေသိမ်းဆည်းခြင်းတွေ ထပ်မလုပ်ဖို့အတွက် မေလကုန်လောက်ဆိုရင် ပြည်ထောင်စုလွှတ်တော်ကိုတင်ဖြစ်မှာပါ” ဟု ဦးဇာနည်သွေးက ပြောသည်။

လယ်ယာမြေများသိမ်းဆည်းခံရခြင်းကြောင့် မြန်မာနိုင်ငံရှိ အဓိကထွက်ကုန်ဖြစ်သော ဆန်စပါးနှင့် အခြား ကောက်ပဲသီးနှံထွက်ရှိမှု၊ ပြည်တွင်းပြည်ပတင်ပို့မှု လျော့ကျသည့်အပြင် လယ်သမားများနှင့် မြေသိမ်းဆည်းသူများအကြား ပြဿနာပေါ်ပေါက်ခြင်းများလည်း နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိသည်။

စစ်ကိုင်းတိုင်းမှ တောင်သူလယ်သမားကိုယ်စားလှယ် ဦးမြင့်မောင်က “လယ်သမားတွေက လက်ငုတ်လက်ရင်း လုပ်ကိုင်စားသောက်ကြပေမယ့် စီမံကိန်းကြောင့်ဆိုပြီး သိမ်းဆည်းခံရတဲ့ စိုက်ပျိုးမြေတွေပေါ်မှာ စက်ရုံတွေဆောက်တယ်။ စီမံကိန်းတွေလုပ်တယ်။ အဲတော့ အဲဒီစက်ရုံတွေကနေ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်တာတွေရှိတယ်။ ရာသီဥတုမမှန်တဖြစ်ပြီး မိုးတွေခေါင်တယ်။ မိုးရွာရင်လည်း ရေတွေကြီးတယ်။ စိုက်ခင်းတွေ ပျက်စီးတယ်။ အဓိကခံကြရတာကတော့ လယ်သမားတွေဖြစ်တယ်။ လယ်သမားတွေကတော့ လယ်မြေတွေမှာ လယ်ယာစိုက်ခင်းတွေ၊ ပဲစိုက်ခင်းတွေပဲ စိုက်စေချင်ကြပါတယ်” ဟု ဆိုသည်။

အဆိုပါ သိမ်းဆည်းခံ လယ်ယာမြေများတွင် စိုက်ပျိုးရေးတစ်ခုကိုသာလုပ်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ဦးစွာတင်ပြီး နောက်ပိုင်းတွင်မှ လယ်ယာလုပ်ကိုင်နေသော လယ်သမားများအနေဖြင့် လယ်မြေပိုင်ဆိုင်ခွင့်များ၊ လယ်သမားများအကျိုးစီးပွားအတွက် အကာအကွယ်ပေးနိုင်သော နည်းဥပဒေများကို ဆက်လက်တောင်းဆိုသွားမည်ဟု ဦးဇာနည်သွေးက ဆိုသည်။

ဝေါမြို့၊ မြို့နယ်ခန်းမတွင်ပြုလုပ်သော မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် ပထမအကြိမ်ညီလာခံကို တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ် ၁,၅၀၀ ဦးခန့် တက်ရောက်ကြပြီး လယ်သမားအခွင့်အရေး ရပိုင်ခွင့်များကို မေ ၂၉ နှင့် ၃၀ ရက်များအထိ ဆွေးနွေးတိုင်ပင် ညှိနှိုင်းကြမည်ဖြစ်သည်။ ■

# နာဂစ်ဒဏ်သင့် အိမ်ထောင်စုများ စီမံကိန်းသစ်တွင်မနေလို၍ တိုင်းလွှတ်တော်က စုံစမ်းနေ

■ အေးမြင့်စန်း
**ရန်ကုန်၊ မေ ၂၉**

ဧရာဝတီတိုင်းလွှတ်တော်သို့ တင်ပြလာသည့် နာဂစ်ကြောင့် အိုးအိမ်ပျက်စီးဆုံးရှုံးခဲ့ရသည့် လပွတ္တာမြို့နယ်မှ မိသားစုများ ပြန်လည်နေရာချထားသည့် မြေကွက်သစ်တွင် မနေလိုသည့် အိမ်ထောင်စုများနှင့်ပတ်သက်ပြီး အထူးစုံစမ်းစစ်ဆေးရေးကော်မတီက ကွင်းဆင်းလေ့လာမှုများပြုလုပ်ကာ လာမည့်လွှတ်တော်တွင် အထူးအစီရင်ခံစာတင်ပြသွားမည်ဖြစ်ကြောင်း ကော်မတီအဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်ခင်စီက မဇ္ဈိမကိုပြောသည်။

၂၀၀၈ နာဂစ်ဒဏ်သင့် အိမ်ထောင်စုပေါင်း ၄၀၀ ကျော်ကို မြို့နယ်စိုက်ပျိုးရေးခြံမြေကွက်သစ်များ ဖော်ဆောင်ပေးပြီး ကျေးရွာပေါင်း ၁၂ ရွာ တည်ထောင်ပေးခဲ့ရာတွင် အဆိုပါနေရာများ၌ ဆက်လက်နေထိုင်လိုခြင်းမရှိသူများကို ကွင်းဆင်းလေ့လာမည်ဟု ဆိုသည်။

လပွတ္တာ နာဂစ်ဒုက္ခသည်များကိစ္စ အထူးစုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်၊ လပွတ္တာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထိန်လင်းက “နာဂစ်မိသားစုတွေကို ဒေသခံရွာတွေက ခွဲခြားဆက်ဆံတယ်ဆိုပြီး တချို့မိသားစုတွေက မနေချင်ကြဘူး။ နေရာအစားထိုးပေးဖို့ ပြောလာတယ်။ တချို့လဲ ဒီဒေသမှာ စီးပွားတွေဖြစ်နေလို့ မပြန်ချင်ကြတဲ့ မိသားစုတွေလဲရှိတယ်။ နာဂစ်အိမ်ထောင်စုတွေရဲ့အသံတွေကို အထူးအစီရင်ခံစာအဖြစ် လွှတ်တော်နဲ့ တိုင်းအစိုးရအဖွဲ့ထံတင်ပြသွားမှာပါ” ဟု ပြောသည်။

စီမံကိန်းကွက်သစ်များတွင် မနေထိုင်လိုသည့် အိမ်ထောင်စုများထံသို့ မေ ၂၇ ရက်က သွားရောက်လေ့လာစုံစမ်းမှုပြုခဲ့ခြင်းဖြစ်သည်။ ထိုအိမ်ထောင်စုများမှာ လပွတ္တာမြို့နယ်အတွင်းရှိ မြွေဟောက်ရွာ၊ ကြာကန်ရွာ၊ ကျောက်ဖြူရွာအပါအဝင် ကျေးရွာအုပ်စု ခြောက်ခုမှ နာဂစ်အိမ်ထောင်စုများထံ ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိနေရာများတွင် ဆက်လက်မနေထိုင်လိုသည့် နာဂစ်အိမ်ထောင်စုများကို လပွတ္တာမြို့၏ ငါးမိုင်အကွာတွင် ပေ ၃၀ ပတ်လည် အကျယ်အဝန်းရှိသည့် မြေကွက်ပေါင်း ၄၀၀ ကိုဖော်ဆောင်ထားသည်။ ■



# ပြည်သူလူထုတိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာ ကော်မတီ ကွင်းဆင်းဆောင်ရွက်ခြင်း မရှိသေး

■ စည်သူမောင်မောင်
**ပုသိမ်၊ ဧပြီ ၂၉**

ဧရာဝတီတိုင်းလွှတ်တော်၊ ပြည်သူလူထု၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီတွင် မြေယာအမှုအခင်းတိုင်ကြားစာများ အများဆုံးဖြစ်ရောက်ရှိနေသော်လည်း ဖြေရှင်းဆောင်ရွက်ရန် ကွင်းဆင်းဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း ကော်မတီအတွင်းရေးမှူးဖြစ်သူ လပွတ္တာမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက မဇ္ဈိမကို ပြောသည်။

သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ဖြေရှင်းနိုင်မှုမရှိသည့်အတွက် အဆိုပါကော်မတီသို့ တိုက်ရိုက်တိုင်ကြားလာခြင်းဖြစ်ကြောင်းလည်းၡင်းက ပြောသည်။

“ကော်မတီမှာတော့ တိုင်ကြားစာတွေကို စာရင်းသွင်းပြီးတာ ၄၀၀ လောက်ရှိတယ်။ ကော်မတီက တိုင်ကြားစာတွေကို အောက်ခြေဆင်းပြီး၊ စုံစမ်းပြီး လွှတ်တော်ဥက္ကဋ္ဌကို တင်ပြမယ်။ အခုတော့ ကော်မတီက အစည်းအဝေးသုံးခါတော့ ခေါ်ပြီးပြီ။ တိုင်ကြားစာတွေကိုတော့ ကွင်းဆင်းစစ်ဆေးတာမလုပ်ရသေးဘူး” ဟု ဦးဇော်ဝင်းက ဆိုသည်။

ကော်မတီသို့ ပေးပို့တိုင်ကြားစာများတွင် မြေများကိစ္စအများဆုံးဖြစ်ပြီး ရပ်ကျေးအုပ်ချုပ်ရေးမှူးဘက်လိုက်ဆောင်ရွက်မှုများ၊ တရားစီရင်မှုနှင့် ပတ်သက်သော တိုင်စာများနှင့် ဌာနဆိုင်ရာများကို မကျေနပ်ချက်များ တိုင်ကြားထားသည်ဟုဆိုသည်။

“စာတွေ ပို့ထားတယ်။ များတယ်။ နောက်ထပ်စာရင်း မသွင်းရသေးတာတွေရှိတယ်”ဟုလည်း ဦးဇော်ဝင်းက ထပ်ပြောသည်။ မြေယာပြဿနာတိုင်ကြားစာများတွင် တာဝန်မကျေဟုဆိုကာ သိမ်းခံရမှု၊ လယ်ပြန်ငွေပြန်ကိစ္စ၊ အကြွေးဖြင့် သိမ်းသည့် မြေယာပြဿနာများ ၊အမွေခွဲဝေမှုဆိုင်ရာ လယ်မြေပြဿနာများနှင့် အုပ်ချုပ်ရေးနှင့် ဆက်စပ်နေသည့်မြေယာသိမ်းဆည်းမှုများလည်း ပါဝင်နေသည်။

“အဓိက အောက်ခြေမှာ မြေယာအမှုတွေကို ကိုင်တွယ်ဆောင်ရွက်ရမှာ ကြန့်ကြာမှုတွေဖြစ်နေတယ်။ အငြင်းပွားအမှုတွေဆို အချိန်ကာတော့ ဘယ်သူကလုပ်ရမှန်းမသိ ဖြစ်နေတယ်။ မြေယာပြဿနာတွေမှာ အုပ်ချုပ်ရေးဘက်လိုက်ဆောင်ရွက်တာတွေလည်းရှိတော့အခု ပြည်သူတွေက ကော်မတီကို တိုင်ကြားတာ၊ ကော်မတီက စုံစမ်းပြီး လွှတ်တော်ကို တင်ပြပေးမယ်။

ဖြေရှင်းဆောင်ရွက်ပေးရမှာတော့ အစိုးရပဲဖြစ်တယ်။အစိုးရတိုင်လို့ ကြာနေတယ်။ မထူးလို့ ကော်မတီဆီ ဆက်ပို့တာပါ။ ကော်မတီဆီရောက်တဲ့ တိုင်ကြားစာတွေက သက်ဆိုင်ရာတွေ တိုင်ကြားပြီးသား တွေတော့များတယ်”ဟု ဦးဇော်ဝင်းက မှတ်ချက်ပြုထားသည်။

ဧရာဝတီတိုင်းတွင် ကော်မတီ ၁၃ ခုရှိပြီး၊ ပြည်သူလူထု၏ တိုင်ကြားစာနှင့်အသနားခံစာ ဆိုင်ရာ ကော်မတီအား ၂၀၁၃ ဇန်နဝါရီလတွင် လွှတ်တော်တွင် ဖွဲ့စည်းခဲ့သည်။ ■



ဧပြီ ၂၈ရက်က တောင်ကြီးမြို့အတက်လမ်းတွင် မီးလောင်ခဲ့သည့် ကားပေါ်တွင်ပါရှိသော နောင်တရားမြို့နယ်မှ ကောက်ယူထားသော သန်းခေါင်စာရင်းစာရွက်များကို အသစ်ပြန်လည်ကူးယူနေစဉ်။ ***(ဓာတ်ပုံ–ဂျွန်ချစ်ငြိမ်း)***

# မီးလောင်သန်းခေါင်စာရင်း စာရွက်များ အသစ်ပြန်ကူးနေ

■ ဂျွန်ချစ်ငြိမ်း
**တောင်ကြီး၊ ဧပြီ ၂၉**

ဧပြီလ၂၈ရက်က တောင်ကြီးအတက်လမ်းတွင် ပရိုဘောက်ကား မီးလောင်မှုအတွင်း ပါဝင်သွားသည့် နောင်တရားမြို့နယ် သန်းခေါင်စာရင်းစာရွက် မီးလောင်နှုတ်ခမ်းသားများကို စက်ဖြင့် ဖတ်၍မရနိုင်သည့်အတွက် အသစ်ပြန်လည်ကူးပေး နေရကြောင်း တောင်ကြီးခရိုင်လဝက ဒု-ခရိုင်ဦးစီးဌာနမှူး ဦးရဲနောင်က ဧပြီ၂၉ ရက်တွင် မဇ္ဈိမကို ပြောသည်။

“ဘေးသားတွေပဲလောင်သွားတော့ စာတွေက မြင်နေရပါတယ်။ ဖတ်မရအောင် ပျက်စီးသွားတာ မရှိပါဘူး။ ပြန်ကူးလို့ရတဲ့အနေထားကြောင့် သန်းခေါင်စာရင်း ထပ်ကောက်သွားဖို့ မလိုပါဘူး”ဟု ပြောသည်။

မီးလောင်မှုကြောင့် ပျက်စီးသွားသော သန်းခေါင်စာရင်းစာရွက်မှာ ၁၀ရာခိုင်နှုန်းရှိသည်ဟု ကနဦး ခန့်မှန်းပြောဆိုခဲ့သော်လည်း အမှန်တကယ် စိစစ်ခွဲထုတ်သန့်ရှင်းရာတွင် ၎င်းပမာဏထက်ပင်လျော့နည်းသည်ဟုလည်း ဦးရဲနောင်က ဆိုသည်။

အသစ်ပြန်လည်ကူးယူနေသည့် သန်းခေါင်စာရင်းစာရွက်များအား တောင်ကြီးမြို့နယ်၊ ခရိုင်နှင့် ပြည်နယ်များမှ လဝကဝန်ထမ်းများဖြင့်သာ ပြန်လည်ကူးယူနေခြင်းဖြစ်ပြီး ဧပြီလ ၂၉ ရက် တစ်ရက်တည်းဖြင့် ပြီးစီးမည်ဟု ဆိုသည်။

မီးလောင်မှုကြောင့် အသစ်ပြန်လည်ကူးယူပေးနေသော သန်းခေါင်စာရင်းစာရွက်များတွင် နောင်တရားမြို့နယ်ခွဲအမှတ်(၁)ရပ်ကွက်ရှိ ကောက်ကွက် ငါးခု၊ ပုန်းအိမ်အုပ်စုရှိ ကောက်ကွက်လေးခု၊ မြင်းတွင်းကောက်ကွက်လေးခု၊ နောင်ပီကောက်ကွက်နှစ်ခု၊ ဘုရားဖြူကောက်ကွက်နှစ်ခုနှင့် ဘန့်ပြင်ကောက်ကွက်တစ်ခုစုစုပေါင်းကောက်ကွက် ၁၈ခုမှ ခန့်မှန်းသန်းခေါင်စာရင်းဆိုင်ရာ စာရွက်ရေ ၁,၀၀၀ ဖြစ်သည်ဟု တောင်ကြီးခရိုင်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ ■

# မြန်မာတစ်နိုင်ငံလုံးရှိ ဘူတာရုံငယ် ၃၀၀ ခန့် လျှပ်စစ်မီးမရ

■ အေးမြင့်စန်း
**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာတစ်နိုင်ငံလုံးရှိ ဘူတာရုံငယ် သုံးပုံတစ်ပုံမှာ လက်ရှိအချိန်ထိ လျှပ်စစ်မီးမရရှိသေးကြောင်း မြန်မာ့မီးရထားအထွေထွေမန်နေဂျာ ဦးဘမြင့်(စစ်ဆေးရေး) က မဇ္ဈိမကို ပြောသည်။

တစ်နိုင်ငံလုံးတွင် ဘူတာရုံငယ်ပေါင်း ၉၀၀ ကျော်ရှိသည့်အနက် မီးရထားခရီးစဉ်ခေတ္တရပ်နားရာ ကြားစခန်းဘူတာများ အပါအဝင် ဘူတာရုံငယ် ၃၀၀တွင် လျှပ်စစ်မီးမရရှိသေးခြင်းဖြစ်သည်။

“လျှပ်စစ်မီးမရတဲ့ မြို့နယ်တွေမှာရှိတဲ့ ဘူတာတွေက လျှပ်စစ် မရှိတာပါ။ တစ်ပြည်လုံးမှာ မီးမရှိတဲ့ ဘူတာရုံ ၃၀၀ လောက် ရှိတယ်။ မီးမရတော့ ရထားလက်မှတ်ရောင်းတဲ့ အလုပ်တွေကို ညဘက်ဆိုဖယောင်းတိုင်ထွန်း လုပ်ရတယ်။ ပဲခူးတိုင်းထဲမှာ လျှပ်စစ်မီးမရောက်သေးတဲ့ မြို့နယ်တွေ ရှိတယ်။ ပဲခူးတိုင်းက တာဝဘူတာရုံမှာဆို လျှပ်စစ်မီးမရသေးဘူး” ဟု ဦးဘမြင့်က ပြောသည်။

လျှပ်စစ်မီးမရသည့် မြို့နယ်များအတွင်းရှိ ဘူတာရုံငယ်များသည် အခြားဘူတာရုံများနှင့် ဆက်သွယ်ရာတွင် အခက်အခဲရှိနေသည်ဟုလည်း ၎င်းက ဆိုသည်။

မီးရထားလျှပ်စစ်အင်ဂျင်နီယာ ဦးအုန်းကြည်က လက်ရှိတွင် လျှပ်စစ်မီးမရသေးသည့် ဘူတာရုံငယ်များကို ဆိုလာစနစ်ဖြင့် မီးပေးထားပြီး လျှပ်စစ်ဓာတ်အားလိုင်းနှင့်နီးသည့် မြို့နယ်များရှိ ဘူတာရုံများကို မီးရထားပိုင်ထရန်စဖော်မာများ ထားရှိပေးနိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး ပဲခူးတိုင်းအတွင်းရှိ တာဝဘူတာနှင့် ရန်ကုန်တိုင်းရှိ သီလဝါဘူတာရုံတို့တွင် ကိုယ်ပိုင်ထရန်စဖော်မာများထားရှိရန် စီစဉ်သွားမည်ဟု ပြောသည်။

လက်ရှိတွင် မီးရထားခေတ္တဆိုက်ကပ်ရာ ရပ်စခန်းများနှင့် ဘူတာရုံငယ်များတွင် မီးစက်များ၊ ဆိုလာစနစ်များဖြင့်ထားရှိကာ အသုံးပြုနေရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးများ အပြည့်အဝရရှိမှသာ ဘူတာများ လျှပ်စစ်မီးမရသည့်အချက်ကို သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်နှင့်တိုင်းတို့ရှိ လျှပ်စစ်ဌာနများနှင့် ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ဟု ဦးအုန်းကြည်က ဆိုသည်။ ■

mizzima Daily
www.mizzima.com,
www.mizzimaburmese.com,
www.mzineplus.com

**အမှုဆောင်အရာရှိချုပ်** ဆန်နီဆွေ
**အထွေထွေမန်နေဂျာ** ဝေလင်း
**အယ်ဒီတာချုပ်** စိုးမြင့်
**တာဝန်ခံအယ်ဒီတာ (အင်္ဂလိပ်)** ဂျက်ဖရီဂေ့ါဒတ်
**တာဝန်ခံအယ်ဒီတာ (မြန်မာ)** မျိုးသန့်
**ရုပ်သံတာဝန်ခံ** ရဲမင်း
**အတိုင်ပင်ခံအယ်ဒီတာ**
**(ကျား/မရေးရာနှင့် မတူကွဲပြားမှု)** သင်းသင်းအောင်
**အတိုင်ပင်ခံ အယ်ဒီတာ** မျိုးသာထက်၊
မြင့်ကျော်၊ ဂျူလီယန် ဂဲရင်း၊ ခရစ္စတိုဖာ ရှီရား။
**အယ်ဒီတာများ** မြင့်စိုး၊ ကိုကိုအောင်၊ လင်းကိုကိုထက်၊ငြိမ်းဝေ၊ ဖြူဖြူဇင်၊တင်ဇာအောင်၊တည်ကြည်အေး၊ ဝေမာသိမ့်၊ စုမြတ်ဝေ၊ ဝင်းကိုကိုလတ်၊ နီနီမြင့်၊ မြတ်ကျော်သူ၊ ဘုန်းနေလ၊ ဉာဏ်လှိုင်လင်း၊ သိင်္ဂီထွန်း၊ အောင်မင်းစိုး၊ သဲနှင်းအေး (အမျိုးသမီးကဏ္ဍ)
**ပင်တိုင်ဆောင်းပါးရှင်** စည်သူအောင်မြင့်
**ဓာတ်ပုံအယ်ဒီတာ** ဟောင်ဆာ(ရာမည)
**လက်ထောက်အယ်ဒီတာများ** ရဲရင့်ငွေ၊ ဇေယျာဖြိုး၊ ကိုညီညီ၊ ရဲထွဋ်သိန်း၊ ဝင်းကိုကို၊ ကျော်သူရ
**သတင်းထောက်များ**
ထင်လင်းအောင်၊ နန်းမြင့်သင်းသင်းဟိန်း၊ ဇော်ဇော်ထွေး၊ ပန်းမြတ်ဇော်၊ မင်းမင်း၊ ကေဇင်ဦး၊ သီဟကိုကို ၊ စ,ချိုကိုကို၊ ယုဝေ၊ နန်းလွင်နှင်းပွင့်၊ အေးမြင့်စန်း၊ ဖိုးစိုးသူ၊ သီဟဇော်၊ ချစ်ကိုကို၊ မိုးသူ၊ကြယ်ပြာ၊ ခင်မြတ်မြတ်ဝေ၊ ကိုကိုကြီး၊ ဟိန်းကိုစိုး၊ ရွှေရည်ဝင်းထက်၊ မေနှင်းကြည်၊ မျိုးမြင့်အောင်၊ ခင်ဇာခြည်သိမ့်၊ မြင့်မြင့်စိုး၊ မို့မို့သန္တာ၊ ခင်လပြည့်ဝန်း၊ ဇာနည်အောင်၊ သိမ့်သဥ္ဇာဇင်၊ ဖြိုးမမမောင်၊ တင်ကိုကိုငွေ၊ ညီညီမိုးအောင်
**နယ်သတင်းထောက်များ** ကွန်းချမ်း၊ ဟသ်ာနီ(မွန်မြေ)၊ ရေခဲ(ပြည်)၊ ဂျွန်ချစ်ငြိမ်း၊ တိုးကြီး(မုံရွာ) ၊ ဝိုင်းအောင်(မကွေး)၊ ဖနိဒါ၊ စည်သူမောင်မောင်(ပုသိမ်)၊ ပြည့်ဖြိုးအောင်(ဘားအံ)။
**ဝက်ဘ်ဆိုက်တာဝန်ခံ** ပေါ်ရှန်ကင်၊ စိုင်းဆိုင်မိန်း
**သုတေသနနှင့်ဖွံ့ဖြိုးရေး၊ဥပဒေအကြံပေး** ဦးသန်းထိုက်
**ဘာသာပြန်** ဦးကိုကို (ဌာနမှူး)၊ ဗိုလ်မှူးကြီးလှမိုး(ငြိမ်း)၊ ဦးတင်ဦး(ကျူရှင်)၊ ကောင်းကင်ကို၊ ဆုလာဘ်ရတနာ၊ ခိုင်ခိုင်ဝင်း၊ စောရည်မွန်၊ ဖြိုးဝင်းကိုကို၊ ဇော်မြင့်လွင်၊ နိုင်ဝင်းကို။
**ဓာတ်ပုံ** ရန်နောင်ဘို၊ ဟိန်းထက်ငွေဝင်း၊ ငြိမ်သစ်ညီ၊ လွင်မောင်မောင်၊ ရဲဟိန်း။
**ရုပ်သံထုတ်လုပ်ရေးမန်နေဂျာ** အေးသက်လှိုင်
**ရုပ်သံသတင်းထောက်** ရှုမဝအောင်၊ အောင်သူရ၊ ထက်ထက်အောင်၊ လင်းဆက်အောင်၊ အောင်သိခ်၊ ခိုင်မွန်ချို၊ စိုးထွန်းသိန်း၊ သဲဇာခြည်ခိုင်၊ ဉာဏ်ဝင့် (ထုတ်လုပ်)၊ ဥမ္မာထွေး(မှတ်တမ်း/သုတေသန)။
**ရုပ်သံကင်မရာ** စည်သူအောင်
**ရုပ်သံအထူးပြုလုပ်ချက်** နေလင်းထက်
**စာပြင်ဆရာ** လေပြေသုန်၊ ဖြိုးဝေလင်း။
**သတင်းခန်းအတွင်းရေးမှူး** မူမူဆွေ
**ထုတ်လုပ်ရေးမန်နေဂျာ** အောင်ကျော်ဦး
**အကြီးတန်းစာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** ထွန်းမင်းစိုး
**စာမျက်နှာဖွဲ့စည်းမှုအဖွဲ့** ကျော်ကျော်ထွန်း၊ ကျော်ဇင်ဦး၊ နိုင်နိုင်အေး၊ဝါဝါလွင်၊ မြသန္တာ၊ မဟော်၊ ကျော်လင်းဦး၊ စည်သူအောင်၊ အောင်မျိုးလွင်၊ လှလှဝေ။
**ဈေးကွက်နှင့် ကြော်ငြာအရောင်းဒါရိုက်တာ** ခင်သန္တာငွေ
**ဈေးကွက်နှင့် ကြော်ငြာအရောင်းမန်နေဂျာ** ပြည့်ဖြိုးအောင်၊ မျိုးသီတာ။
**ဈေးကွက်နှင့် ကြော်ငြာအရောင်းလက်ထောက်** အိခိုင်ဇာ၊ ဟန်သီအောင်၊ ဇင်မျိုးအေး။
**ဖြန့်ချိရေး မန်နေဂျာ** ရဲလင်းငွေ
**ဝန်ထမ်းရေးရာဌာနမန်နေဂျာ** နန်းမေစီကျော်
**အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုမန်နေဂျာများ** အဟောင်း စောရွှေလင်း။
**ပုံနှိပ်ဌာနမှူး** ငွေမောင်
**ငွေစာရင်းအရာရှိ** သဇင်နီ
**စာရင်းကိုင်** ကေသွယ်အောင်
**ပြင်ပဆက်သွယ်ရေး** ဖူးပွင့်ဝေ
**နေပြည်တော် ရုံးခွဲတာဝန်ခံ** စိုးသန်းလင်း
**သတင်းထောက်များ** အောင်သူရထွန်း
**မန္တလေး ရုံးခွဲတာဝန်ခံ** ရွှေစင်ခိုင်
**သတင်းထောက်များ** အောင်ကိုဦး၊ ဖြိုး၊ မျိုးသန့်။
**စီမံ/ဝန်ထမ်းရေးရာမန်နေဂျာ** သွေးသွေးတင်
**ဈေးကွက်နှင့်ကြော်ငြာအရောင်းလက်ထောက်** သက်ဝါဝါဆွေ
**ဖြန့်ချိရေးတာဝန်ခံ (မန္တလေး)** ရဲထွန်းနိုင်
**ထုတ်ဝေသူ** ဦးမြတ်ဆွေ(ယာယီမှတ်ပုံတင်အမှတ် ၂၁၅၃)
**ပုံနှိပ်သူ** ဒေါ်စုစုစိုးညွန့်(မှတ်ပုံတင်အမှတ်-၁၂၂၃၁)
7 Day ပုံနှိပ်တိုက်၊ အမှတ်-၂၈၉/၂၉၁၊ စက်မှုဇုန်လမ်းမကြီးနှင့် မကွေးလမ်းထောင့်၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်။
**ဆက်သွယ်ရန် - မဇ္ဈိမ မီဒီယာ ဂရု(ပ်)**
အခန်းအမှတ် ၄၀၇ ၊ ၄လွှာ၊ ပုလဲ ကွန်ဒို၊ (စီ)ဆောင်၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။ ရန်ကုန် ၁၁၂၀၁၊ မြန်မာ။
အီးမေးလ် mizzima@mizzima.com
ဈေးကွက်နှင့် ကြော်ငြာအရောင်းဌာန
adsales@mizzima.com
မိုဘိုင်းလ် + ၉၅- ၉ ၄၂၀၀၁၀ ၁၁၁၊ ဖုန်း + ၉၅-၁- ၅၅၈၆၇၅
**မန္တလေးရုံးခွဲ** – အမှတ်(၂၇၃)၊ ၇၆ လမ်း၊ ၃၂လမ်း နှင့် ၃၃ လမ်းကြား၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံ၊ မန္တလေးမြို့။ ဖုန်း - ၀၂-၃၆၈၃၅
**နေပြည်တော်ရုံးခွဲ** – အမှတ်(ပ/၇၀)၊ သပြေကုန်းပွဲရုံတန်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - ၀၆၇-၄၃၂၀၅၅

# တိုက်ပွဲများဖြစ်ပွားခြင်းအတွက် အစိုးရနှင့် KIO တို့ မေလ ၁၀ ရက်တွင် မြစ်ကြီးနားမြို့၌ ဆွေးနွေးမည်

■ ဖနိဒါ
**ချင်းမိုင်၊ ဧပြီ ၂၉**

တိုက်ပွဲဖြစ်ပွားနေမှုများကို ဆွေးနွေးရန် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ UPWC ထံ ဧပြီလ ၂၉ ရက်တွင် စာပေးပို့လိုက်ကြောင်း ကချင်လွတ်မြောက်ရေးတပ်မတော် KIA ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်ကပြောသည်။

KIO ၏ ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးဆွမ်းလွတ်ဂမ်က ဝန်ကြီးဦးအောင်မင်း ဦးဆောင်သောအဖွဲ့အား မြစ်ကြီးနားမြို့တွင် တွေ့ဆုံဆွေးနွေးပွဲရန် မတ်လ ၁၀ ရက်က ဖိတ်ကြားစာ ပေးပို့ခဲ့ခြင်းဖြစ်သည်။

"အဓိကတော့ ဒီကြားထဲမှာ ဖြစ်နေတဲ့ တိုက်ပွဲအခြေအနေတွေနဲ့ တခြားဆွေးနွေးရမယ့် အချက်အလက်တွေ အများကြီး ဆွေးနွေးရဖို့ရှိတယ်။ ဒီဆွေးနွေးရေးဖြစ်စဉ်တွေတစ်ခုလုံး လုပ်နေတဲ့အချိန်မှာ တိုက်ပွဲတွေများပြားလာတဲ့ ကိစ္စကို အဓိကဆွေးနွေးမှာပါ"ဟု ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်က မဇ္ဈိမကိုပြောသည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်မှ ၁၀ ရက်အထိ KIO နှင့် အစိုးရတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဖြစ်ပွားနေသော အခြေအနေများကို နှစ်ဦးနှစ်ဖက် တွေ့ဆုံ၍ အမြင်သဘောထားများ ဖလှယ်ခြင်း၊ ညှိနှိုင်းခြင်းဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ ငြိမ်းချမ်ရေးဖြစ်စဉ်တွင် ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆွေးနွေးပွဲသို့ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေးနမ်ဗီယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mr Wang Yingfan၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) ခေါင်းဆောင်များကိုလည်း ဖိတ်ကြားသွားမည်။



*ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် NCCT အဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်ခဲ့ပြီး အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းအတွက် မေလ ၁၀ ရက်တွင် ဆွေးနွေးနိုင်ရန် အစိုးရကိုယ်စားလှယ်များထံ စာရေးသားပို့လိုက်သည်။* ***ဓာတ်ပုံ-ဖနိဒါ***

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း အစိုးရတပ်မှ ထိုးစစ်ဆင်နေမှုနှင့် တိုက်ပွဲများ ဖြစ်ပွားနေသဖြင့် UNFC က ရှုတ်ချကြောင်း ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်က ထုတ်ပြန်ထားသည်။

တစ်ချိန်တည်းတွင် NCCT ခေါင်းဆောင်များက ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ဧပြီ ၂၈ နှင့် ၂၉ ရက်များက ပြုလုပ်သော အစည်းအဝေးတွင်လည်း လာမည့် မေလ တတိယပတ်တွင် UPWC နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ၉ ဦးစီပါဝင်သော အပစ်ရပ်မှုကြမ်း ရေးဆွဲရေးအဖွဲ့များ ပြန်လည် တွေ့ဆုံရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်ဟု NCCT ခေါင်းဆောင် နိုင်ဟံသာက ပြောသည်။

"အရေးကြီးဆုံးရှေ့လုပ်ငန်းစဉ်ချမှတ်လိုက်တာကတော့ UPWC အစိုးရကိုယ်စားလှယ်နဲ့ တွေ့ဆုံဖို့ ဆုံးဖြတ်ချက် ချမှတ်လိုက်ပါတယ်။ လာမည့် တတိယပတ်၊ စတုတ္ထပတ် အကူးလောက်မှာ တွေ့ဆုံရန် ဆုံးဖြတ်ချက် ချမှတ်လိုက်တယ်။ အဲဒီတွေ့ဆုံပွဲမှာလည်း NCCT နဲ့ UWPC အနေနဲ့ သွားမှာမဟုတ်ပါဘူး။ single text ရေးဆွဲဖို့ ကော်မတီစုအနေနဲ့သွားဖို့ စီစဉ်ထားတယ်"ဟု သူက မဇ္ဈိမကို ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ NCCT ခေါင်းဆောင် ဖဒိုကွယ်ထူးဝင်း ဦးဆောင်သော ကိုယ်စားလှယ်များက တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးစဉ် အစိုးရဘက်မှ တင်ပြသော လက်နက်စွန့်ရေးအပါအဝင် အချက်ခြောက်ချက်အပေါ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ လက်မခံနိုင်သဖြင့် ထပ်မံညှိနှိုင်းရန်ရှိသည်ဟု အစည်းအဝေးအပြီးတွင် နိုင်ဟံသာက ပြောသည်။

"NCCT ဆိုတာက မူတွေကို ပြင်ဆင်ပြီး အဆုံးအဖြတ်ပေးတာမဟုတ်ဘူး။ ညှိနှိုင်းတဲ့အဖွဲ့အစည်းဘဲ ဖြစ်တယ်။ အစိုးရဘက်က တင်ပြတဲ့ လက်နက်စွန့်ရမယ်ဆိုတဲ့ကိစ္စတွေက အဆုံးအဖြတ်မပေးနိုင်ဘူး။ ဒါကို လက်မခံနိုင်ကြဘူး"ဟု ပြောသည်။

၂၀၁၃ ခုနှစ်အောက်တိုဘာလက KIO နှင့် အစိုးရတို့၏ သုံးရက်ကြာ အစည်းအဝေးတွင် KIO ဦးဆောင်သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ၏ လိုင်ဇာညီလာခံ ကျင်းပရန်၊ စစ်ရှိန်လျှော့ချရေးနှင့် တိုက်ပွဲများ ထပ်မံမဖြစ်ပွားစေရေးအတွက် ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီကို ပဋိပက္ခဖြစ်ပွားရာ ဒေသအားလုံး အကျုံးဝင်စေမည့် ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းသွားရန် အခြေခံ ငါးချက်နှင့် စည်းကမ်းချက် ၁၈ ချက်တို့ ပါဝင်သည့် သဘောတူညီချက် ခုနစ်ချက်ကို လက်မှတ်ထိုးခဲ့ကြသည်။ ■

# လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက် ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်း ၂၄ ဖွဲ့ဆွေးနွေး

■ ရွှေရည်ဝင်းထက်
**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာနိုင်ငံတွင် ပိုများလာနေသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ ဥရောပသမဂ္ဂအဖွဲ့ (EU) နှင့် အရပ်ဖက်အဖွဲ့အစည်း ၂၄ ဖွဲ့တို့သည် ဧပြီလ ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂအဖွဲ့(EU) ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံမှုတွင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို အရပ်ဘက်အဖွဲ့အစည်းများက တင်ပြဆွေးနွေးခဲ့ကြပြီး ဥရောပသမဂ္ဂမှ တင်ပြလာသော အကြံပြုချက်များကို နားထောင်ကာ အစိုးရနှင့် ဥရောပသမဂ္ဂတို့ တွေ့ဆုံဆွေးနွေးသည့်အခါ အဆိုပါကိစ္စရပ်များကို ထည့်သွင်းပြောကြားသွားမည်ဟု တွေ့ဆုံပွဲသို့ တက်ရောက်ဆွေးနွေးသူ ကချင်ငြိမ်းချမ်းရေး အမျိုးသမီးကွန်ရက်မှ ဒေါက်တာစိုင်းကူထံမှ သိရသည်။

ဒေါက်တာစိုင်းကူက "ကချင်ပြည်နယ်မှာ မြေသိမ်းမှုတွေလုပ်တယ်။ သင့်လျော်တဲ့ လျော်ကြေးမပေးဘူး။ အမျိုးသမီးတွေဆိုရင်လည်း အနိုင်ကျင့်တာတွေရှိတယ်။ ဂုဏ်သိက္ခာမဲ့တဲ့လုပ်ရပ်တွေ ဖြစ်နေတယ်။ အမျိုးသမီးတွေအနေနဲ့ နေရတာ လုံခြုံမှုမရှိဘူး"ဟုပြောသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများမှာ ယနေ့အထိ လျော့နည်းမသွားဘဲ ပိုမိုဖြစ်ပေါ်နေဆဲ ဖြစ်သည်ကို ဆွေးနွေးပွဲတက်ရောက်လာသူများက ပြောကြသည်ဟုလည်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ဦးဘိုကြည်က တစ်ဆင့်ပြန်ပြောသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုအကြောင်းအရာများအဖြစ် သပိတ်စခန်းဖြိုခွင်းမှုများ၊ ကချင်ပြည်နယ်တွင် ဒုက္ခသည်များ နေရေး၊ စားရေး ရပ်တည်မှုခက်ခဲနေပြီး နိုင်ငံတကာမှ အကူအညီပေးမှုများကို ပိတ်ပင်နေမှုများ၊ စစ်ပွဲအတွင်း အမျိုးသမီးများ၏ ဘဝ မလုံခြုံမှုများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ပိတ်ပင်သည့် သတင်းထောက်များကို ထောင်ချခြင်းများ၊ နိုင်ငံတစ်ဝန်းတွင် လယ်ယာမြေသိမ်းဆည်းနေမှုများကို ဥရောပသမဂ္ဂအဖွဲ့ (EU)နှင့် အရပ်ဘက်အဖွဲ့အစည်း ၂၄ ဖွဲ့တို့ နှစ်နာရီကြာဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS)၊ ကချင်ငြိမ်းချမ်းရေး အမျိုးသမီးကွန်ရက် အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။ ■

# ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ သုံးသပ်ရန် NBF ဆွေးနွေးမည်

■ နန်းလွှင်နှင်းပွင့်
**ရန်ကုန်၊ ဧပြီ ၂၉**

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား နှစ်နှစ်ကျော်ကြာ ဆွေးနွေးဆဲဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန် တိုင်းရင်းသားပါတီ ၁၅ ခုဖြင့် ဖွဲ့စည်းထားသော ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း (NBF)မှ ကိုယ်စားလှယ်များဖြင့် မေလ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့၌ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်သွားမည်ဟု ပါတီ၏ ပြောဆိုခွင့်ရှိသူ ဦးစောမြင့်က ပြောသည်။

"ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နောက်ဆုံးအခြေအနေ ထွက်အောင်ပေါ့။ သူတို့တွေဆွေးနွေးနေတဲ့အခြေအနေ ဘယ်လိုရှိလဲ၊ တိုင်းရင်းသားတွေ ဆွေးနွေးနေတဲ့ အခြေအနေ၊ လိုအပ်ချက်တွေ ဘာတွေ ဘယ်လိုရှိလဲဆိုတာပေါ့"ဟု ပြောသည်။

NBF ကိုယ်စားလှယ်များ သီးသန့်ဆွေးနွေးမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ လက်ရှိအနေအထား၊ ငြိမ်းချမ်းရေး ဆောင်ရွက်နေစဉ်အတွင်း ယုံကြည်မှုပျက်ပြားစေသည့် ကိစ္စရပ်များကို အဓိကထား ဆွေးနွေးကာ ငြိမ်းချမ်းရေးနှင့် ဆက်စပ်သည့် အကြောင်းအရာများကို သုံးသပ်ချက်ပြုနိုင်ရန်ဖြစ်သည်ဟု ဆိုသည်။

ငြိမ်းချမ်းရေးဆွေးနွေးမှု၏ အဓိကပြေလည်ရန် လိုအပ်ချက်မှာ ယုံကြည်မှုရှိစေရန်ဖြစ်ပြီး တပ်ပိုင်းဆိုင်ရာအောက်ခြေပိုင်း ထိုးစစ်ဆင်မှုများမှာ အဟန့်အတားတစ်ခုဖြစ်နေသည်ဟု ဦးစောမြင့်ကပြောသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆွေးနွေးမှုအောင်မြင်မှုရရှိပြီး နှစ်ဖက်အပစ်ရပ်မှုကြမ်း တစ်ပေါင်းတည်း ဖြစ်သွားသော်လည်း ယုံကြည်မှုပျက်ပြားစေသည့် ကိစ္စရပ်များ ပြန်လည်ဖြစ်ပေါ်နေသဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးမှ အလှမ်းဝေးနိုင်သေးသည်ဟုလည်း ဧပြီ ၂၈ ရက်တွင် ချင်းမိုင်မြို့၌ ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အစည်းအဝေးအပြီးတွင် အဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ နိုင်ဟံသာက မဇ္ဈိမကို ပြောဆိုထားသည်။

NBF အလုပ်ရုံဆွေးနွေးပွဲမှ အဖြေများကို အစိုးရကိုယ်စားလှယ်များနှင့် ပြန်လည် တွေ့ဆုံဆွေးနွေးမည်မဟုတ်ဘဲ တိုင်းရင်းသားများ လိုအပ်ချက်နှင့် ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးခြင်းသာဖြစ်သည်ဟုဆိုသည်။

အစိုးရ၏ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ မတ်လ ၁၇ ရက်တွင် အပစ်ရပ်ပြီးနောက် ပြုလုပ်မည့် နိုင်ငံရေးဆွေးနွေးပွဲတွင်ပါဝင်ရန်ဟုဆိုကာ NBF ကို ခေါ်ယူဆွေးနွေးခဲ့ဖူးသည်။ ထိုဆွေးနွေးမှုမှာ အပစ်ရပ်ရေးကိစ္စနှင့် ပတ်သက်၍ ပါတီတစ်ဖွဲ့ချင်းခေါ်ယူတွေ့ဆုံရာတွင် ပထမဆုံးအဖွဲ့ဖြစ်သည်။ ■

# DKBA နယ်ခြားစောင့်တပ် စစ်မှုထမ်းဟောင်းအိမ်ရာမှ လူ ၁,၅၀၀ အတွက် စားနပ်ရိက္ခာလိုအပ်နေ

■ ယုဝေ
**ရန်ကုန်၊ ဧပြီ ၂၉**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် အတွင်းရှိ DKBA နယ်ခြားစောင့်တပ် (BGF)မှ အငြိမ်းစားတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အသက်ဆုံးရှုံးရသူများ၏ ကျန်ရစ်သူများနှင့် စစ်အတွင်းကိုယ်လက် အင်္ဂါဆုံးရှုံးခဲ့သူများ စုစုပေါင်း လူ ၁၅၀၀ ခန့် နေထိုင်သည့် သစ္စာအေးမြိုင် အိမ်ရာ အတွက် စားနပ်ရိက္ခာထောက်ပံ့မှုများ လိုအပ်နေသည်ဟု အိမ်ရာအုပ်ချုပ်ရေးမှူးရပ်မိရပ်ဖ ကော်မတီအတွင်းရေးမှူး စောမင်းခေတ်က ပြောသည်။

လှိုင်းဘွဲ့မြို့နယ်၊ မအဲကျေးရွာအုပ်စုတွင် တည်ရှိသည့် ယင်းအိမ်ရာရှိမိသားစု ၂၁၇ ခုမှာ အစိုးရထံမှ ဆန်တစ်မျိုးတည်းသာရရှိပြီး၊ မိသားစုဦးရေအလိုက် တစ်အိမ်ထောင်လျှင် ၂၄ ပြည်ဝင် ဆန်တစ်အိတ်မှ နှစ်အိတ်အထိ လစဉ်ရရှိနေသည်။ ၎င်းတို့အတွက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် အချိုမှုန့်တို့ကို ယခင်က DKBA မှ ပြောင်းလဲဖွဲ့စည်းထားသည့် နယ်ခြားစောင့်တပ်ထံမှ ရရှိခဲ့သော်လည်း ယခုထောက်ပံ့မှု မရသည်မှာ သုံးလကြာပြီဟု စောမင်းခေတ်က ဆိုသည်။

ကျေးရွာမှာ ဒုက္ခိတနဲ့ မုဆိုးမတွေရဲ့ မိသားစုပဲ ရှိတာပါ။ အဓိကအသက်မွေးဝမ်းကျောင်း မရှိပါဘူး။ ထောက်ပံ့ပစ္စည်းတွေကိုပဲ အဓိကအားထားနေရတာပါ” ဟု ပြောသည်။

သစ္စာအေးမြိုင်အိမ်ရာရှိ မိသားစု၂၁၇ စုတွင် မသန်စွမ်းဦးရေ ၁၁၆ ဦး၊ ကွယ်လွန်သူ DKBA နယ်ခြားစောင့်တပ်သားများ၏ ဇနီး ၇၅ ဦး ပါဝင်သည်။

၂၀၀၂ ခုနှစ် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ဖြစ်ပွားသည့်တိုက်ပွဲတွင် ဘယ်ဘက်ခြေထောက် ဆုံးရှုံးခဲ့သည့် အသက် ၄၁ နှစ်အရွယ် စောကျော်ဝင်းက “ငါတို့က ဒုက္ခိတတွေဆိုတော့ စိုက်ပျိုးရေး ဘယ်လိုလုပ်လို့ အဆင်ပြေမှာလဲ၊ စစ်ပဲ တိုက်တတ်တာလေ”ဟု ပြောသည်။

သစ္စာအေးမြိုင်အိမ်ရာအနီး စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ရန် ရေအလုံအလောက် မရှိသည့်အပြင် မြိုင်ကြီးငူဆရာတော် ထိန်းချုပ်ဒေသတွင် ပါဝင်နေသည့်အတွက် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ခွင့်မရှိပေ။



*DKBA စစ်မှုထမ်းဟောင်းများကို ကရင်ပြည်နယ် ဆုံဆည်းမြိုင်ကျေးရွာ၌ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။*
***ဓာတ်ပုံ-ဟောင်ဆာ(ရာမည)***

DKBA ဒု-တပ်ကြပ်တစ်ဦး၏ ကျန်ရစ်သူ ဇနီးသည် နော်မူးမူးက “နေ့တိုင်းစားနေတဲ့အထဲမှာ အဓိကဟင်းလျာကတော့ ငရုတ်သီးပါ။ ဒီတိုင်းပဲ လောက်ငတယ်တော့ မဟုတ်ပေမယ့် ဒီတိုင်းဖြစ်သလိုတော့ စားရတာပေါ့”ဟု ပြောသည်။

အသက် ၅၃ နှစ် ရှိပြီဖြစ်သည့် နော်မူးမူး၏ ခင်ပွန်းမှာ လွန်ခဲ့သည့် ၁၁ နှစ်က တိုးတက်သောကရင် ဗုဒ္ဓဘာသာတပ်မတော် (DKBA)နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)တို့ ဖြစ်ပွားသည့် တိုက်ပွဲမှအပြန် ဖျားနာသေဆုံးခဲ့ခြင်းဖြစ်သည်။ နော်မူးမူးနှင့်အတူ မိသားစုဝင် ၁၀ ဦး နေထိုင်လျက်ရှိပြီး မိသားစုဝင်များအားလုံးမှာ အစိုးရထောက်ပံ့သည့် ဆန်နှင့် BGF မှထောက်ပံ့သည့် ရိက္ခာများဖြင့်သာ စားသောက်နေရသည်ဟု ဆိုသည်။

စောမင်းခေတ်က “အစိုးရက ဆန်ပဲ ထောက်ပံ့တာပါ။ ဒီအတိုင်းပဲ ကူညီထောက်ပံ့မှုတွေတော့ အများကြီးလိုအပ်နေတာပေါ့။ ဖြစ်နိုင်မယ်ဆိုရင် အစိုးရဆီက လုံလောက်တဲ့ ထောက်ပံ့ကူညီမှုရချင်ပါတယ်”ဟု ပြောသည်။

သစ္စာမြိုင် စစ်မှုထမ်းဟောင်းအိမ်ရာကို နယ်ခြားစောင့်တပ် စစ်မှုထမ်းဟောင်းများ နေထိုင်ရန် အစိုးရက ၂၀၁၁ ခုနှစ်က ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ကျေးရွာတွင် အမြဲတမ်းနေ ကျန်းမာရေးမှူးတစ်ဦးရှိပြီး ကျေးလက်ဆေးပေးခန်းမရှိချေ။ ■

---

# လက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးကို ဖြုတ်ချရန် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးဆောင်ဆန္ဒပြမည်

■ ရေခဲ(ပြည်)
**အောင်လံ၊ ဧပြီ ၂၉**

အောင်လံမြို့နယ်တွင် တာဝန်ထမ်းဆောင်နေဆဲ ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးကို ဖြုတ်ချရန် ယခင် အုပ်ချုပ်ရေးမှူးဟောင်းက ဦးဆောင်ကာ ဆန္ဒပြသွားမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးဟောင်း ဦးညီလေးငယ်က မဇ္ဈိမကိုပြောသည်။

တာဝန်ထမ်းဆောင်နေဆဲ မကွေးတိုင်း၊ အောင်လံမြို့နယ်၊ စကြီး ကျေးရွာ အုပ်ချုပ်ရေးမှူးကို ဧပြီလ ၃၀ ရက်တွင် ဆန္ဒထုတ်မည်ဖြစ်ပြီး သံဃာတော်များနှင့် ကျေးရွာနေလူထု ၁၅၀ ခန့်ပါဝင်မည်ဟု ဆိုသည်။

“ရပ်သူ ရွာသားတွေကို ဖိနှိပ်တယ်။ ဘာသာသာသနာကို စော်ကားတယ်။ ပြည်သူလူထုဆန္ဒမပါဘဲ လုပ်နေတာတွေ အများကြီးရှိတယ်။ တိုင်းဝန်ကြီးချုပ်ဆီ စာတင်တော့လည်း ဖြုတ်မပေးဘူး။ ဆန္ဒပြဖို့အတွက် ဆောင်ရွက်သွားမယ်”ဟု ဦးညီလေးငယ်က ပြောသည်။

ဆန္ဒဖော်ထုတ်ရန် ခွင့်ပြုချက်မရသော်လည်း ဧပြီလ ၃၀ ရက်တွင် အောင်လံမြို့ ကုသိနာရုံဘုရားရှေ့မှ စတင်ကာ မြို့တွင်းလမ်းများအတိုင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့သို့ ချီတက်မည်ဟု ပြောသည်။

လက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖိုးသီသည် တန်ဘိုးနည်းဖုန်းမဲပေါက်သူများကို တစ်ဦးလျှင် ၆၅၀၀ ကျပ် တောင်းခံခြင်း၊ ဝက်တစ်ကောင်သတ်၍ အသားရောင်းချလျှင် ငွေ ၈,၀၀၀ တောင်းခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူရာတွင် လယ်ယာမြေ အမှန်တကယ်ပိုင်ဆိုင်သူများကို ထောက်ခံမပေးခြင်း စသည့် ပြစ်ချက်များ ရှိသည်ဟု အုပ်ချုပ်ရေးမှူးဟောင်းက စွပ်စွဲပြောဆိုထားသည်။

ထို့ပြင် တရားပွဲ၊ ဓမ္မစကြာပွဲနှင့် ကထိန်ပွဲများ ပြုလုပ်ခြင်းကို တားမြစ်ခြင်း ပြုလုပ်ကြောင်းလည်း ကျေးရွာဘုန်းတော်ကြီးကျောင်း တရားဟောဆရာတော် ဦးဘဒ္ဒန္တဝိသောဓနိယက မိန့်ကြားသည်။

အဆိုပါပြစ်ချက်များကို ကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်နှစ်ပါးအပါအဝင် ကျေးရွာသူရွာသား ၂၃၄ ဦး လက်မှတ်ထိုးကာ မကွေးတိုင်းဝန်ကြီးချုပ်ထံတိုင်တန်းခဲ့သော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိသည့်အတွက် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း ၎င်းကဆက်မိန့်သည်။

ယင်းပတ်သက်ပြီး လက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးဦးဖိုးသီက “ကျွန်တော်က အများဆန္ဒနဲ့ အရွေးခံရတာ။ ကျွန်တော် လူကြီးဖြစ်တဲ့သက်တမ်းတစ်လျှောက်မှာ စာသင်ကျောင်းအသစ်နဲ့ လမ်းရတယ်။ လျှပ်စစ်မီးလင်းရေးရတယ်။ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ အပြစ်ရှာလိုက်တာ”ဟု တုံ့ပြန်ပြောဆိုသည်။

ကျေးရွာမှတိုင်ကြားသောစာအရ တိုင်းအစိုးရအဖွဲ့မှ ၎င်းကို မှတ်တမ်းတင် သတိပေးထားပြီးဖြစ်ကြောင်းနှင့် ထိုသို့ ဆန္ဒထုတ်ဖော်မှုပြုလုပ်ပါက ကျေးရွာအတွင်း လူထု စည်းလုံးညီညွတ်မှု ပျက်ပြားနိုင်ကြောင်းလည်း ၎င်းကပြောသည်။

ဦးဖိုးသီသည် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကာကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဦးညီငယ်လေးသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ ■

---

# ရန်ကုန်-မန္တလေး အမြန်လမ်းမတစ်လျှောက် လုံခြုံရေးတင်းကျပ်ပေးရန် တိုက်တွန်း

■ လပြည့်ဝန်း
**ရန်ကုန်၊ ဧပြီ ၂၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမ တစ်လျှောက်တွင် ကိုယ်ပိုင်ကားနှင့်ယာဉ်ငယ်များကို ပစ်မှတ်ထားပြီး လုယက်မှုများဖြစ်ပေါ်နေသည့်သတင်းများကြောင့် အဝေးပြေးလမ်းလုံခြုံရေးကို ပိုမိုတင်းကျပ်စွာချထားဆောင်ရွက်သင့်သည်ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းထိန်ကပြောသည်။

အမြန်လမ်းတစ်လျှောက် လုယက်၊ တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အွန်လိုင်းမီဒီယာများတွင်လည်း သတိပေး ရေးသားမှုများရှိနေပြီး ထိုသတင်းများကြားသိနေရသည်ဟု မန္တလာမင်းယာဉ်လိုင်းမှ အမည်မဖော်လိုသူ ဝန်ထမ်းတစ်ဦးကဆိုသည်။

“အဓိကကတော့ ယာဉ်သေးသေးလေးတွေကို ပစ်မှတ်ထားပြီး လုယက်တာတွေဖြစ်တယ်လို့တော့ကြားတယ်။ ကျွန်တော်တို့ယာဉ်လိုင်းတွေမှာတော့ လုံခြုံရေးအတွက် နေပြည်တော်အမြန်လမ်းရဲ့ ဖုန်းနံပါတ်တွေကို ထားထားတယ်။ အခုထိတော့ ယာဉ်လိုင်းကြီးတွေကို လုယက်၊ ဓားပြတိုက်တာတော့ မကြားမိဘူး”ဟု မဇ္ဈိမကိုပြောသည်။

အမြန်လမ်းတစ်လျှောက် ညဉ့်နက်အချိန်များတွင် ကျောက်တုံးများ ထည့်ထားသည့် အိတ်များသယ်ယူလာသည့် ဆိုင်ကယ်များက ကားများ ရပ်တန့်သွားစေရန် ထိုအိတ်များကိုပိတ်ဆို့သည့်အတွက် ကားများရပ် တန့်သွားခြင်း၊ တိမ်းမှောက်သွားခြင်း ဖြစ်ပေါ်ပါက လမ်းဘေးခြုံများတွင် အကွယ်ပြု ခိုအောင်းနေသူလူတစ်စုမှ ထွက်လာပြီး လုယက်၊ တိုက်ခိုက်မှုများ ပြုလုပ်မှုများ ဖြစ်ပေါ်နေသည်ဟု အွန်လိုင်းမီဒီယာများတွင် ပျံ့နှံ့လျက်ရှိသည်။

မိုင် ၃၀၀ ကျော်ရှိကွာဝေးသည့် ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက်တွင် ယာဉ်ရပ်နားစခန်းများမှာ တစ်ခုနှင့်တစ်ခု အလွန်ဝေးကွာနေသောကြောင့်ဖြစ်ပြီး၊ လုံခြုံရေးတာဝန်ယူထားသော ရဲစခန်းများတွင်လည်း ကင်းလှည့်နိုင်ရန် မော်တော်ယာဉ်ထားရှိမှု ပြည့်စုံခြင်းမရှိသောကြောင့် လုယက်၊ တိုက်ခိုက်မှုများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု ဦးဝင်းထိန်က ပြောသည်။

နေပြည်တော် အမြန်လမ်းပေါ်တွင် လုယက်မှုနှင့် ဓားပြတိုက်မှုများနှင့် ပတ်သက်ပြီး နေပြည်တော် အမြန်လမ်းရဲစခန်းမှ တာဝန်ရှိသူတစ်ဦးမှ ယနေ့အထိ ထိုကဲ့သို့ အမှုများမရှိသေးဟုလည်း မဇ္ဈိမ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။ ■

# JICA ၏ လျစ်လျူရှုမှု သီလဝါ ဒေသခံများက ဂျပန်အစိုးရထံတိုင်မည်

■ နန်းမြင့်

**ရန်ကုန်၊ ဧပြီ ၂၉**

သီလဝါအထူးစီးပွားရေးဇုန်တွင် ပါဝင်ဆောင်ရွက်နေသည့် ဂျပန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ဒေသခံများ၏ တွေ့ဆုံဆွေးနွေးခွင့်တောင်းဆိုမှုအပေါ် လျစ်လျူရှုခဲ့သည့်အတွက် ဂျပန်အစိုးရနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအပေါ် ကန့်ကွက်သည့် လုပ်ထုံးလုပ်နည်းများနှင့်သက်ဆိုင်သော စုံစမ်းစစ်ဆေးသူများအဖွဲ့သို့ တိုင်ကြားသွားမည်ဟု စီမံကိန်းကြောင့် ဖယ်ရှားခံရသူများအရေး ဆောင်ရွက်ပေးနေသည့် ပဒေသာမိုး အရပ်ဘက်အဖွဲ့အစည်း အမှုဆောင်အရာရှိချုပ် ဒေါ်ဝေဝေလွင်က ပြောသည်။

“လျော်ကြေးဆိုရင် ကာလပေါက်ဈေးအတိုင်း၊ မြေကြီးဆိုရင် နဂိုအတိုင်း ပြန်ပေးရမယ်။ အဲဒါပဲလိုချင်တာ။ သူတို့မှာ လမ်းညွှန်ချက်တွေရှိတယ်။ အဲဒီအတိုင်း မလုပ်ပါဘူးဆိုတာ တိုင်မယ်ဆိုတဲ့ သဘောပါ” ဟု ၎င်းကပြောသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖူမီကိုကီရှီဒါ၊ ဂျိုက်ကာ၏ လမ်းညွှန် ချက်များအပေါ် ကန့်ကွက်သည့် လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သော စုံစမ်းစစ်ဆေးသူများအဖွဲ့ (Examiner for the Objection Procedures on JICA’s Guidelines)၊ ဂျိုက်ကာ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးစဉ်းစားသုံးသပ်ချက်ဆိုင်ရာ အကြံပေးကော်မတီအဖွဲ့ (The advisory committee for JICA’s Environmental and Social Con-sideration) တို့ကို တိုင်ကြားသွားမည်ဟု ဆိုသည်။

သီလဝါအထူးစီးပွားရေးဇုန် ဖယ်ရှားခံဒေသခံတို့က JICAမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခွင့်ရရန် ပဉ္စမအကြိမ်မြောက်အဖြစ် ဧပြီ ၂၃ ရက်နှင့် ၂၄ ရက် နောက်ဆုံးထားတွေ့ဆုံဆွေးနွေးရန် JICAသို့ ဧပြီလ ၇ ရက်က စာပေးပို့ခဲ့ပြီး အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိသည့်အပြင် ဧပြီ ၂၃ရက်က JICA မှ ယန်းငွေသန်း ၅၀၀ (ကျပ်သန်း ၅,၀၀၀)ကို ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ခဲ့သည့်အတွက် JICA မှ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော်မှုတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာချိုးဖောက်မှုများနှင့် ပတ်သက်၍ အရေးတကြီးဆွေးနွေးမှုများအပေါ် လက်ခံဆောင်ရွက်ခြင်းမရှိခဲ့ပေ။

ဧပြီ ၂၇ ရက်တွင် မြန်မာမီဒီယာလိုက်ဘရီတွင်လည်း သီလဝါအထူးဇုန်မှ ရွှေ့ပြောင်းဒေသခံများ၊ သီလဝါဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ပဒေသာမိုးအရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပြုလုပ်မည့် စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးဆိုင်ရာတို့ ချိုးဖောက်မှုများနှင့်ပတ်သက်၍ စောင့်ကြည့်ကူညီဆောင်ရွက်ပေးနေသည့် အရပ်ဘက်အဖွဲ့အစည်းများစုပေါင်း၍ စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

စီမံကိန်းပထမအဆင့်အဖြစ် ဟက်တာ ၄၀၀မှ အိမ်ထောင်စု ၆၈စု(လူဦးရေ ၃၀၀ကျော်)ကို မြိုင်သာယာကျေးရွာတွင် ပြန်လည်နေရာချထားပေးပြီး လျော်ကြေးငွေပေးအပ်ခဲ့သော်လည်း အဆိုပါနေရာတွင် အလုပ်အကိုင်နှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် သန့်ရှင်းသော သောက်သုံးရေမရရှိခြင်းများ ရင်ဆိုင်နေရသည်ဟု ရွှေ့ပြောင်းခံမိသားစုများက ဆိုသည်။ ■

# မသန်စွမ်းသူများဆိုင်ရာကောင်စီ ဖွဲ့စည်းရန် ဖိုရမ် ကျင်းပမည်

■ ဇာနည်အောင်

**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများဖိုရမ်တွင် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ခေါင်းစဉ်ကြီး ၁၇ ချက်ဖြင့် ဇွန်လ ၁၀ ရက်မှ ၁၂ ရက်ထိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပသွားမည်ဟု ဖိုရမ်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေဝါသန်းနိုင်က မဇ္ဈိမကိုပြောသည်။

ဖိုရမ်တွင် ဉာဏ်ရည်ခြားနား မသန်စွမ်းသူများ၊ အမြင်အာရုံမသန်စွမ်းသူများ၊ အကြားအာရုံ မသန်စွမ်းသူများ၊ ခန္ဓာကိုယ်မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ မသန်စွမ်းသူများကြုံတွေ့နေရသည့် ခွဲခြားဆက်ဆံမှုများပါဝင်သည့်အချက်များ ပါဝင်မည်ဟု ဆိုသည်။

“မသန်စွမ်းသူတွေနဲ့ပတ်သက်တဲ့ အခွင့်အရေးဆိုင်ရာတွေ၊ မသန်စွမ်းသူများကာကွယ်ပေးရေးဆိုင်ရာဥပဒေတွေ၊ မသန်စွမ်း အလုပ်ခန့်ထားရေးတွေနဲ့ ပတ်သက်တာအားလုံးကို မသန်စွမ်းအဖွဲ့အစည်းပေါင်း ၁၅ ဖွဲ့ ပါဝင်ဆွေးနွေးမှာ ဖြစ်ပါတယ်”ဟု ဒေါ်ရွှေဝါသန်းနိုင်ကပြောသည်။

နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများ ရင်ဆိုင်နေရသည့် ခွဲခြားဆက်ဆံမှုများ၊ စိန်ခေါ်မှုများကို နိုင်ငံတစ်ဝန်းရှိ ပြည်သူများထံ တင်ပြသွားရန်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြရန်၊ နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူ ၁၃ သိန်းမှ မသန်စွမ်းသူများဆိုင်ရာကောင်စီဖွဲ့စည်းသွားရန်၊ မသန်စွမ်းသူများဆိုင်ရာ ဥပဒေပေါ်ပေါက်ရေးနှင့် ဥပဒေအတိုင်း အကောင်ထည်ဖော်ပေးမှုများကိုလည်း ဖိုရမ်တွင် ဝိုင်းဝန်းတိုက်တွန်းသွားရန်ရည်ရွယ်ထားသည်။

လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၁၃ခုနှစ် စစ်တမ်းကောက်ခံချက်အရ တစ်နိုင်ငံလုံးတွင် မသန်စွမ်းသူ ၁၃သိန်းရှိပြီး ၅၀,၀၀၀ ကျော်သာ အလုပ်အကိုင်များ ရရှိလျက်ရှိသည်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးပါက ကုမ္ပဏီတိုင်းတွင် မသန်စွမ်းဝန်ထမ်း နှစ်ရာခိုင်နှုန်း မခန့်မနေရစနစ် ပါရှိမည်ဖြစ်သည်။ ■

**ဘာဖြစ်ပြန်ပြီလဲ**

# အိုဘားမားရဲ့ သတိပေးချက်နဲ့ တပ်မတော်ရဲ့ တာဝန်ရှိမှု

**စည်သူအောင်မြင့်**

အမေရိကန်သမ္မတ အိုဘားမားဟာ အာရှလေးနိုင်ငံခရီး လှည့်လည်နေပါတယ်။

မလေးရှားနိုင်ငံ ခရီးစဉ်အတွင်းမှာတော့ အာဆီယံနိုင်ငံ (၁၀) နိုင်ငံက မျိုးဆက်သစ် လူငယ်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့ပြီး မေးခွန်းတွေကိုလည်း ဖြေကြားခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံစီကို မေးခွန်းတစ်ခုစီ မေးခွင့်ပြုခဲ့ပြီး အဲဒီအထဲမှာ မြန်မာနိုင်ငံက လူငယ်ကိုယ်စားလှယ်ရဲ့ မေးခွန်းတစ်ခုကိုလည်း ဖြေကြားခဲ့ပါတယ်။ ဘာမေးခွန်းမေးခဲ့ပြီး အိုဘားမားက ဘာတွေပြန်ဖြေခဲ့ပါသလဲ၊ အိုဘားမားပြောတဲ့ အစ္စလာမ်ဘာသာဝင်တွေအပေါ် ဖိနှိပ်မှု မြန်မာနိုင်ငံထဲမှာ ရှိနေတယ်ဆိုတဲ့ကိစ္စ တကယ်ပဲလား၊ ရှိနေတယ်ဆိုရင် ဘယ်သူတွေအပေါ်မှာ တာဝန်ရှိနေသလဲဆိုတာ ဒီကနေ့ ဆွေးနွေးတင်ပြသွားပါ့မယ်။

မြန်မာနိုင်ငံက လူငယ်ကိုယ်စားလှယ်တွေကိုယ်စား သမ္မတအိုဘားမားကို မေးခွန်းမေးခွင့်ရသူက ကရင်လူငယ် စောထက်အောင်ခန့် ဖြစ်ပါတယ်။

သူမေးလိုက်တဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံထဲမှာရော အာဆီယံထဲမှာပါ လူမျိုး၊ ဘာသာ၊ ဘာသာစကားနဲ့ ယဉ်ကျေးမှုတွေ မတူကွဲပြားခြားနားစွာ ဖြစ်တည်နေတဲ့ အနေအထားမှာ အနာဂတ် အာဆီယံခေါင်းဆောင်ဖြစ်လာမယ့် လူငယ်တွေအတွက် ဘယ်လိုများအကြံပေးချင်ပါသလဲဆိုပြီး ဖြစ်ပါတယ်။

သမ္မတ အိုဘားမား ပြန်ဖြေတာကတော့ “မြန်မာနိုင်ငံမှာ အစ္စလာမ်ဘာသာအပါအဝင် ဘာသာရေးယုံကြည်ချက်အရ မတူကွဲပြားတဲ့သူတွေကို ဖိနှိပ်နေတာတွေ ရှိနေသမျှ မြန်မာနိုင်ငံဟာ လက်ရှိ ပြဿနာတွေ၊ အနာဂတ်ပြဿနာတွေကို ဖြေရှင်းတဲ့ဆီမှာ အောင်မြင်မှုရမှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ မတူကွဲပြားတဲ့ ဘာသာရေးတွေ၊ မတူကွဲပြားတဲ့ လူမျိုးစုတွေရှိနေတာက ပြဿနာဖြစ်နေပါတယ်။ ဘာသာရေးနဲ့ လူမျိုးရေးအပေါ်အခြေခံပြီး နိုင်ငံရေးအရ စုစည်းလိုက်မယ်ဆိုရင် ပဋိပက္ခတွေ စပြီး ပေါ်ပေါက်လာမှာ မုချတွေ့ကြုံရမှာဖြစ်ပါတယ်။ အဲဒါက မြန်မာနိုင်ငံကို အလွန်ဆိုးရွားတဲ့ လမ်းကြောင်းဆီ ဦးတည်စေမှာဖြစ်တယ်။”

အစ္စလာမ်ဘာသာကိုးကွယ်တဲ့ မလေးရှားနိုင်ငံမှာ အခြား မတူညီတဲ့ ဘာသာတွေကို ဖိနှိပ်နေမယ်ဆိုရင် မလေးရှားမှာ အနာဂတ်အခွင့်အလမ်း ရှိမှာမဟုတ်ပါဘူး။ အလားတူပဲ မြန်မာနိုင်ငံမှာလည်း မူစလင်နဲ့ အခြား မတူညီတဲ့ ဘာသာဝင်တွေအပေါ် ဖိနှိပ်နေမယ်ဆိုရင် မြန်မာနိုင်ငံမှာလည်း အနာဂတ်အခွင့်အလမ်း ရှိမှာမဟုတ်ပါဘူး။ လူ့ရဲ့ သဘာဝဟာ ကိုယ်နဲ့မတူညီကွဲပြားနေတာကို သည်းခံနိုင်စွမ်းနည်းတတ်၊ ရန်လိုတတ်၊ ရန်ပြုတတ်ပါတယ်။

လူငယ်တွေအနေနဲ့ အဲဒီသဘာဝကို လက်မခံ တွန်းလှန်ဖို့ လိုပါတယ်။ မတူညီတာဟာ အင်အားဖြစ်ပါတယ်။ ကိုယ့်ရဲ့ မူလယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းရမှာဖြစ်သလို သူတစ်ပါးရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း လေးစားသမှု ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အာဆီယံလူငယ်တွေအနေနဲ့ ရေဆန်လမ်းကို လိုက်ရမှာဖြစ်ပါတယ်။ နိစ္စဓူဝ ကြုံတွေ့နေရတာတွေကို ဝေဖန်ဆန်းစစ်တဲ့အမြင်နဲ့ ကြည့်ရမှာပါ။ ပြီးတော့ လူတွေကို ကွဲပြားအောင်လုပ်တဲ့ နိုင်ငံရေးမျိုးအစား လူတွေကို စုစည်းညီညွတ်လာအောင် လုပ်တဲ့ နိုင်ငံရေးမျိုးကို ထောက်ခံအားပေးတဲ့ အနာဂတ်ရဲ့ ခေါင်းဆောင်တွေ ဖြစ်အောင် လုပ်ကြရမှာပါ” ဆိုပြီး ဖြေကြားခဲ့ပါတယ်။

သမ္မတ အိုဘားမား ပြောတာတွေဟာ ထပ်ပြီး အဓိပ္ပာယ်ဖွင့်စရာမလိုအောင် ရှင်းလင်းပါတယ်။ လက်ရှိ ရခိုင်ပြည်နယ်နဲ့ ပြည်မမှာ ဖြစ်ပွားခဲ့၊ ဖြစ်ပွားနေဆဲ ဘာသာရေးဆန်တဲ့ အကြမ်းဖက်မှုတွေကြောင့် မြန်မာနိုင်ငံကရရှိထားတဲ့ အောင်မြင်မှုများစွာကို ဖုံးလွှမ်းသွားအောင် အရုပ်ဆိုးအကျည်းတန်မှုတွေဖြစ်စေတယ် ဆိုတာကိုလည်း အစိုးရထိပ်ပိုင်းခေါင်းဆောင်တွေ ကိုယ်တိုင် ဝန်ခံထုတ်ဖော်ပြောဆိုတာတွေ ရှိလာနေပါပြီ။ ဒါဆိုရင် ဒါကို ဘာလို့မဖြေရှင်းနိုင်ရသေးသလဲ၊ ဖြေရှင်း ပြေလည်မယ့်လမ်းကြောင်းအပေါ်ကို ဘာကြောင့် မရောက်ရသေးသလဲဆိုတာက မေးခွန်း ဖြစ်လာပါတယ်။

လက်ရှိ ဘာသာရေးဆန်တဲ့ အကြမ်းဖက်မှုတွေနဲ့ ပတ်သက်ရင် ရှုပ်ထွေးတယ် ထင်ရပေမယ့် အသေအချာ သုံးသပ်ကြည့်ရင် ရှင်းလင်းပါတယ်။ လူတွေရင်ထဲ အမုန်းတရားကိန်းအောင်းအောင် ပြောတာဟောတာ မမှန်မကန်ဝါဒ ဖြန့်တာတွေ လုပ်ပါတယ်။ လူတွေရင်ထဲ အမုန်းတရား ကိန်းအောင်းသွားရင် ပြဿနာတစ်စုံတစ်ရာဖြစ်လာတဲ့အခါ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းဖို့ မကြိုးစားတော့သလို တရားဥပဒေစိုးမိုးရေး အောက်ကနေ ဖြေရှင်းဖို့လည်း မကြိုးစားကြတော့ပါဘူး။

ဒီကနေတစ်ဆင့် အကြမ်းဖက်မှု ဖြစ်ပွားရတာ ဖြစ်ပါတယ်။ ဒါကိုဖြေရှင်းမယ့် နည်းနာကလည်း သိပ်အခက်ကြီးတော့ မဟုတ်ပါဘူး။ အမုန်းတရား ဖြန့်ဖြူးနေသူတွေကို ဥပဒေကြောင်းအရ အရေးယူဖို့ လိုပါတယ်။ လက်ရှိ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မလုံလောက်ရင် ဥပဒေ ထပ်ပြဋ္ဌာန်းပေးဖို့ လိုပါတယ်။ နောက်ထပ် အရေးကြီးတာကတော့ အကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်သူတွေ၊ စပြီး လုပ်ဆောင်သူတွေ၊ ကာယကံမြောက် ကျူးလွန်သူတွေ၊ အားပေးကူညီသူတွေကို ဥပဒေကြောင်းအရ ထိထိရောက်ရောက် အရေးယူဖို့ ဖြစ်ပါတယ်။

ဒီလို အရေးယူနေတယ်ဆိုတာ ပြည်သူတွေသိအောင် ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ကိုင်ဆောင်ရွက်ပြဖို့ လိုပါတယ်။ ဒါပေမဲ့ ခက်တာက အဲလိုအရေးယူဆောင်ရွက်ဖို့ သမ္မတ ဦးသိန်းစိန်ဆီမှာတောင် လုပ်ပိုင်ခွင့်ရှိမနေတာပါ။ အခုလောလောဆယ် နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်း ပြစ်တင်ရှုတ်ချနေကြတဲ့၊ အပြောင်းအလဲတွေ လုပ်ပြီး အမှတ်ရ ချီးကျူးခံနေတဲ့ အစိုးရအဖွဲ့ကို ခေါင်းမဖော်နိုင်လောက်အောင် အရှက်ရမှုတွေ ထပ်ခါတလဲဖြစ်စေတဲ့ ဒီအမုန်းတရား ဖြန့်ဖြူးမှုတွေကို ထိထိရောက်ရောက် အရေးယူမယ်လို့ သမ္မတ ဦးသိန်းစိန်က ကတိပေးပြောဆိုခဲ့ပေမယ့် ဘာတစ်ခုမှ အရေးယူနိုင်ခြင်းမရှိဘဲ သူကိုယ်တိုင်ပဲ အရှက်ရစရာ ဖြစ်ခဲ့ပါတယ်။

အကြောင်းကတော့ ဒီလို အရေးယူနိုင်မှု လုပ်ပိုင်ခွင့်အာဏာဟာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ချုပ်ကိုင်ထားတဲ့၊ ဒု-ဗိုလ်ချုပ်ကြီးကိုကို လက်အောက်က ပြည်ထဲရေးဝန်ကြီးဌာနလက်ထဲ ရောက်နေလို့ဖြစ်ပါတယ်။

မထောက်မညာပြောရရင် မြန်မာနိုင်ငံထဲဖြစ်နေတဲ့ နောင်လဲဖြစ်လာနိုင်သေးတဲ့ ဘာသာရေးဆန်တဲ့ အကြမ်းဖက်မှုတွေကို မဖြစ်ပွားအောင် တားဆီး၊ အရေးယူဖို့ အဓိကတာဝန်ရှိသူဟာ တပ်မတော်က အပြည့်အဝထိန်းချုပ်ထားတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဖြစ်နေခြင်းပါ။ လက်ရှိ တပ်မတော်ခေါင်းဆောင်တွေအနေနဲ့ ဒီလှုပ်ရှားမှုတွေ၊ အကြမ်းဖက်မှုတွေကြောင့် အစ္စလာမ်ဘာသာဝင်တွေ၊ အတိုက်အခံနဲ့ ပြည်သူလူထုတွေ အပါအဝင် နိုင်ငံ့ပုံရိပ် ထိခိုက်နိုင်ပေမယ့် သူတို့ရဲ့ စစ်တပ်နဲ့ စစ်တပ်အကျိုးစီးပွား ထိခိုက်နိုင်စရာ မရှိဘူးဆိုပြီး ဥပက္ခာပြုထားပုံပေါ်ပါတယ်။ တပ်မတော်ခေါင်းဆောင်တွေရဲ့ ဒီလို သဘောထားအတိုင်း ဆက်အကောင်အထည် ဖော်သွားမယ်ဆိုရင် နောင်တိုင်းပြည်အကြီးအကျယ် ထိခိုက်နစ်နာနိုင်စရာရှိနေပြီး ဒီအတွက် အဓိကတာဝန်ရှိသူတွေဟာ တပ်မတော်ခေါင်းဆောင်တွေပဲ ဖြစ်တယ်ဆိုတာ ရှောင်လွှဲလို့ရနိုင်မှာ မဟုတ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ■

# မတ္တရာမြို့နယ်တွင် ထွန်တုံးတိုက်ပွဲဝင် တောင်သူ ၃၉ ဦး တရားစွဲခံရ၊ လေးဦးကို ဖမ်းဆီးထား

■ အောင်ကိုဦး

မန္တလေး၊ မေ ၂၉

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ကျောက်စရစ်မြောက်ကျေးရွာအုပ်စုနှင့်ရေနံ့သာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၄၉၊၁၄၃ နှင့် ၁၄၄ အတွင်းရှိ လယ်ယာမြေဧက ၆၀၀ ကျော်ကို မူလပိုင်ရှင်တောင်သူများက ပြန်လည်ရယူရန် ထွန်တုံးတိုက်ပွဲဝင်နေရာ ၅၉ ရက်မြောက်ဖြစ်သည့် မေ ၂၉ ရက်တွင် ၃၉ ဦး တရားစွဲခံလိုက်ရပြီး ဦးဆောင်သူလေးဦး ဖမ်းဆီးခံရသည်ဟု မြေသိမ်းထွန်တုံးတိုက်ပွဲဝင်သူများက မဇ္ဈိမကို ပြောသည်။

"ကျွန်တော်တို့ဘက်ကတော့ သူတို့ပြောတဲ့အတိုင်း နည်းမှန်လမ်းမှန်လုပ်ခဲ့ကြတယ်။ ဒါပေမဲ့ လိုက်လျောမှု ဘာတစ်ခုမှမရှိဘူး။ လုပ်ဆောင်ပေးနိုးလုပ်ဆောင်ပေးနိုးနဲ့ စောင့်ခဲ့တယ်။ နှစ်တွေပဲ ကြာလာတယ်။ လုပ်မပေးဘူး။

ဒါကြောင့် ကိုယ့်လယ်ကိုယ့်ယာကို တိုက်ပွဲဝင်ပြီးပြန်သိမ်းလိုက်တာပါ။ ရှင်းရှင်းလေးပဲ ကိုယ့်လယ်ကိုယ်ပြန်ယူတာပဲ။

သူတို့သိမ်းတုန်ကလည်း ဘာမှပေးပြီး သိမ်းခဲ့တာမဟုတ်ဘူး။ ကျွန်တော်တို့ တောင်သူတွေသာ ဒုက္ခကို ခါးစည်းခံခဲ့ကြရတယ်။ အခုမခံနိုင်တော့လို့ ပြန်လုပ်တော့ တရားစွဲခံရတယ်။ စွဲခံရလည်း ဂရုမစိုက်ဘူးရင်ဆိုင်သွားမှာပါ။ မတရားတဲ့ အစိုးရအုပ်ချုပ်နေသရွေ့ တောင်သူတွေ ဒုက္ခရောက်နေဦးမှာပဲ။ တရားစွဲထောင်ချနေဦးမှာပဲ"ဟု ကျောက်စရစ်မြောက်ရွာမှ ၅၀၅ (ခ) (အစိုးရနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသော ပြစ်မှု) ဖြင့် ဖမ်းဆီးခံရသူဦးနေဝင်းက တရားရုံးအချုပ်အတွင်းမှ မဇ္ဈိမကို ပြန်လည်ဖြေကြားသည်။

အဆိုပါ အမှုဖြင့်ပင် ထပ်မံဖမ်းဆီးခံရသူ နောက်တစ်ဦးဖြစ်သည့် ဦးကိုကိုအောင်ကလည်း "ကျွန်တော့်ဘဝတွေကစစ်အစိုးရသတ်လို့ သေခဲ့ပြီးပြီ။ ကျွန်တော်တို့ ဘာမှမလိုချင်ဘူး။ မြေပဲပြန်လိုချင်တယ်။ ကျွန်တော်တို့ မိဘဘိုးဘွားတွေလယ်မဲ့ယာမဲ့ဘဝနဲ့ အလုပ်လက်မဲ့ဖြစ်ပြီး ဘဝကို အရှုံးပေးခဲ့ကြရတယ်။ အဲဒါကြောင့် ကျွန်တော်တို့ပါ ဘဝကိုခက်ခဲပင်ပန်းစွာ ရုန်းကန်ခဲ့ရတယ်။ ဒီနေ့ပြည်သူ တင်မြှောက်တဲ့ အစိုးရလက်ထက်မှာ ကျွန်တော်တို့ မြေပြန့်တောင်းတယ်။ ဘာလို့ ပြန်တောင်းတာလည်းဆိုတော့ ကျွန်တော်တို့ရဲ့အနာဂတ် မျိုးဆက်အတွက်ပဲ။ သူတို့ကို လူတစ်လုံး သူတစ်လုံး ဖြစ်စေချင်တယ်။ ဒါကြောင့် ကျွန်တော်တို့တောင်သူတွေ တစ်စိတ်ထဲ တစ်သံထဲနဲ့ မြေသိမ်းထွန်တုံးတိုက်ပွဲဝင်တာပဲ။ ဒါကို ပုဒ်မတွေ အမျိုးမျိုးတပ်တဲ့အပြင် ပုဒ်မ ၅၀၅ (ခ)နဲ့ဖမ်းတယ်။ ကျွန်တော်တို့က နိုင်ငံတော်ပုန်ကန်နေသူတွေ မဟုတ်ဘူး။လယ်စိုက်တဲ့တောင်သူ ဒါကို ဒီလိုပုဒ်မတပ်ဖမ်းတာ မြန်မာအစိုးရပဲရှိတယ်"ဟု ပြောသည်။

ဧပြီလ ၁၁ ရက်တွင်လည်း ၅၀၅ (ခ) ဖြင့်ပင် ဦးရဲရင့်အောင်နှင့်ဦးဇော်ဝင်းတို့သည်လည်း ဖမ်းဆီးထားရပြီးဖြစ်သဖြင့် ဖမ်းဆီးခံရသူ လေးဦးရှိသွားပြီဖြစ်သည်။

၎င်းတို့သည် အခြားသော ပုဒ်မ ၄ခု ဖြင့်လည်း အရေးယူခံထားရသည်။ အခြားသော တရားစွဲခံထားရသူ ၃၉ဦးကိုမူ အာမခံပေးထားပြီး မေလ ၈ရက်တွင် တရားရုံးသို့ လာရောက်ရန် ဆင့်ခေါ်ခြင်း ခံထားရသည်။

"ဒီလိုဖမ်းဆီးမှုတွေလုပ်တာဟာ ဦးချိုးလိုက်တာပါပဲ။ ကျွန်မတို့ ဦးဆောင်သူတွေ အဖမ်းခံရပေမယ့် ကျွန်မတို့ တိုက်ပွဲဝင်နေမှာပါ။ အခုကျွန်မပြန်ယူထားတဲ့ မြေတစ်လက်မတောင်ပြန်မပေးဘူး"ဟု ဒေါ်ခိုင်ခိုင်အေးက ပြောသည်။

ထွန်တုံးတိုက်ပွဲ ဆင်နွှဲနေသည့် လယ်ယာမြေများတွင် ရွှေသွယ်ရင်စပါးစိုက်ပျိုးထားပြီဖြစ်ကြောင်း ရိပ်သိမ်းခြွေလှေ့ ပြီးသည်အထိ လုပ်သွားမည်ဟု ဒေသခံတောင်သူများက ပြောသည်။

ဒေသခံတောင်သူ၁၀၀ကျော်တို့ တိုက်ပွဲဝင်ထွန်ယက်စိုက်ပျိုးထားသော စပါးများအား သက်ဆိုင်ရာ မှ ဝင်ရောက်ဖျက်ဆီးမှုများပြုလုပ်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ ဖြင့် ပြန်လည်တရားစွဲဆိုသွားမည်ဟု ဒေသခံများက ဆိုကြသည်။

တောင်သူများတရားစွဲဆိုခံထားရသူမ ၂၁းအား တရားဥပဒေအရ ကူညီဆောင်ရွက်ပေးနေသူ တရားလွှတ်တော်ရှေ့နေဦးအောင်ကျော်ဦးမှ "မြေကတော့ နိုင်ငံတော်က သိမ်းတယ်။ အဖွဲ့အစည်းက သိမ်းတယ်။ စီမံကိန်းဆိုပြီး အကြောင်းအမျိုးမျိုးပြသိမ်ခဲ့တာပဲ။ တချို့လယ်ယာမြေတွေက ပြန်ပေးလို့ရတယ်။ ဒါလည်း မပေးဘူး။ မပေးလို့ အခုလိုပြဿနာဖြစ်နေတယ်။ ၁၈၉၄ မြေယာဥပဒေက အခုချိန်ထိ အသက်ဝင်တုန်းပဲ။ မူလပိုင်ရှင်တွေမှာ အမွေဆက်ခံပိုင်ခွင့်ရှိတယ်။ လွှဲပြောင်းခွင့်ရှိတယ်။အဲလိုပြထားတာဆိုတော့ အခုအရေးယူခံထားရသူတောင်သူတွေနဲ့ဖမ်းဆီးခံထားရသူတွေမှာ ဥပဒေချိုးဖောက်ထားတာမရှိဘူး။ နိုင်မယ်ရှုံးမယ်ကတော့ ပြောလို့မရပါဘူး။ ရှေ့နေဆိုတာ အမှန်တရားဖော်ထုတ်သူတွေပါ။ စွပ်စွဲပုဒ်မတပ်သူတွေကလည်း ဥပဒေနဲ့အညီ ဆောင်ရွက်မယ်။ ခုခံခြေပသူကလည်း ဥပဒေနဲ့အညီခြေပမယ်။ ပြီးတော့ တရားရုံးကလည်း ဥပဒေနဲအညီ ဆုံးဖြတ်မယ်ဆိုရင် အမှန်တရားပေါ်မှာပါ"ဟု မဇ္ဈိမကို ပြောသည်။

အဆိုပါလယ်ယာမြေများကို ၁၉၈၆ ခုနှစ်တွင် သမဝါယမဝန်ကြီးဌာန စိုက်ပျိုးကုန်ထုတ်သမအသင်းလီမိတက်အမည်ဖြင့် သိမ်းယူခဲ့ပြီး ယင်းအချိန်ကတည်းက မူလပိုင်ရှင်တောင်သူများကို နစ်နာကြေးနှင့် လုပ်ကိုင်စားသောက်ရန်မြေယာအစား ပြန်ပေးခြင်းမရှိ၍ မူလပိုင်ရှင်တောင်သူ ၁၀၀ ကျော်တို့က မတ်လ ၁ရက်မှစတင်၍ ထွန်တုံးတိုက်ပွဲစတင်ဆင်နွှဲခဲ့သည်ဟု ဆိုကြသည်။

၎င်းတို့သည် ဘိုးဘွားပိုင် ဓားမဦးချလုပ်ကိုင်ခဲ့သော မူလပိုင်ရှင်များဖြစ်သည်ဟု ပြောကြသည်။

လယ်ယာမြေများပြန်လည်ရရှိစေရန် အတွက်သက်ဆိုင်ရာအဆင့်ဆင့်သို့ ၂၀၀၀ ခုနှစ်မှစတင်၍ ၂၀၁၄ ခုနှစ်အထိ အကြိမ်ကြိမ်စာတင်ကာ တောင်းဆိုမှုများ လုပ်ခဲ့သော်လည်း ယနေ့တိုင် ဖြေရှင်းပေးခြင်းမရှိဟု ပြောသည်။ ■


(ဓာတ်ပုံ-အောင်ကိုဦး)

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်း တွန်တုံးတိုက်ပွဲဆင်နွှဲနေသည့် လယ်မြေများတွင် စပါးစိုက်ပျိုးနေစဉ်။

## Complain Center မန်း၌ ဖွင့်မည်

■ မျိုးသန့်

မန္တလေး၊ မေ ၂၉

မန္တလေးမြို့အတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သော ကိစ္စရပ်များ ဖြေရှင်းပေးမည့် Complain Center တစ်ခုကို မေလအတွင်း ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်နေသည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်း မန်နေဂျာ ဦးစောထူးသာက ဧပြီလ ၂၉ရက်တွင် ပြုလုပ်သော မီဒီယာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

"မန္တလေးမြို့အတွင်းမှာရှိ ပြည်သူတွေ အနေနဲ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ပတ်သက်တာကို ဖြေရှင်းပေးမယ့် စင်တာတစ်ခုကို ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ်။ မေလအတွင်းမှာဖွင့်ဖို့ စီစဉ်နေပါတယ်။ ဖြေရှင်းရမှာတွေအတွက် ကြိုတင်ပြင်ဆင်မှုတွေကို ပြုလုပ်နေပါပြီ"ဟု တိုင်းမန်နေဂျာက ပြောသည်။

ပြည်သူများ မေးမြန်းမည့် ကိစ္စရပ်များပေါ်မူတည်ပြီး မည်သည့် ပမာဏအထိ ဖြေရှင်းပေးနိုင်မည်ဆိုသော ကိစ္စများ၊ ဝန်ထမ်းအင်အားနှင့် အရည်အချင်းမြှင့်တင်ခြင်းများစတင်လုပ်ဆောင်နေပြီဟု အဆိုပါဌာနက ဆိုသည်။

စင်တာဖွင့်လှစ်ရာတွင် ဝန်ထမ်းအင်အားသုံးဦးသာ ထားရှိမည်ဖြစ်ပြီး ဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သော ကိစ္စရပ်များအားလုံးကို ဖြေရှင်းဆောင်ရွက်ပေးရန် စီစဉ်ထားသည်။

လိုအပ်ပါက မော်တော်ယာဉ်တစ်စီး အဆင်သင့်ထားရှိကာ ဆက်သွယ်ရေးနှင့် ပတ်သက်သော ပြုပြင်မှုများ လုပ်ဆောင်ပေးမည်ဟုဆိုသည်။

"သုံးစွဲသူတွေအတွက် ပြင်ဆင်ဖို့ (Customer Care)လိုအပ်ရင် လိုက်လံပြုပြင်ပေးမှာဖြစ်ပေမယ့် အကုန်လုံးကိုတော့ လိုက်လံလုပ်ဆောင်ပေးနိုင်မှာတော့ မဟုတ်ပါဘူး။ လိုအပ်တဲ့ဟာမျိုးကိုတော့ လိုက်လံပြုပြင်ပေးမှာဖြစ်ပါတယ်။ အင်တာနက်လိုင်းနဲ့ ပတ်သက်လို့ ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ လုပ်ဆောင်နေတဲ့နေရာတွေ ပျက်ခဲ့ရင် သူတို့နဲ့ ပူးပေါင်းလုပ်ဆောင်ပေးမှာဖြစ်ပါတယ်" ဟု တိုင်းမန်နေဂျာ ဦးစောထူးသာက ပြောသည်။

ချို့ယွင်းချက်ဖြစ်ပေါ်နေသည်ကို သိရှိနိုင်သည့် စက်ကို တိုင်းရုံးအတွင်းထားရှိကာ ပြုပြင်မှု ပြုလုပ်ရမည့်နေရာပေါ်မူတည်၍ တုံ့ပြန်မည်ဟုဆိုသည်။ ■

# ဖုန်းလိုင်းများ ကောင်းမွန်စေရန် မိုဘိုင်းရေဒီယိုစခန်း ၁၂၀ တိုးချဲ့မည်

■ မျိုးသန့်

မန္တလေး၊ မေ ၂၉

မြန်မာ့ဆယ်သွယ်ရေးလုပ်ငန်းမှ မန္တလေးတိုင်းအတွင်းရှိ မိုဘိုင်းဖုန်းလိုင်းများ ကောင်းမွန်စေရန်အတွက် မိုဘိုင်းရေဒီယိုစခန်း၁၂၀ ကို တိုးချဲ့သွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးစောထူးသာက ဧပြီလ၂၉ရက်တွင် မဇ္ဈိမကို ပြောသည်။

"မိုဘိုင်းဖုန်းလိုင်းတွေ ကောင်းမွန်စေဖို့အတွက်ယခင်ကရှိတဲ့ ဖုန်းလိုင်းအရေအပြင် ထပ်မံပြီး ရေဒီယို စခန်း ၁၂၀ တိုးချဲ့လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ တိုးချဲ့ဖို့အတွက်စတင်စီစဉ်နေပါပြီး နှစ်ပတ်အတွင်း လုပ်ဆောင်သွားဖို့ ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မိုဘိုင်းရေဒီယိုစခန်းများအဖြစ် အော်တိုတယ်လီဖုန်း ၅၂ စခန်း၊ ဂျီအက်စ်အမ် ၂၃၃ စခန်း၊ WCDMA ၁၄၅ စခန်း၊ CDMA-450 MHz ၄၃ စခန်း၊ CDMA-800 MHz WILL၃၅ စခန်း၊ CDMA-800 MEC Tel 59 စခန်း စုစုပေါင်း ၅၆၇ စခန်းရှိခဲ့သော်လည်း ထပ်မံတိုးချဲ့ရန် စီစဉ်နေခြင်းဖြစ်သည်။

မန္တလေးခရိုင်ဖြစ်သည့် အောင်မြေသာစံမြို့နယ် ကိုးစခန်း၊ မဟာအောင်မြေမြို့နယ် ကိုးစခန်း၊ ချမ်းအေးသာစံမြို့နယ် ခုနစ်စခန်း၊ ချမ်းမြသာစည်မြို့နယ် ကိုးစခန်း၊ ပြည်ကြီးပျော်ဘွယ်မြို့နယ် ၁၁ စခန်း၊ အမရပူရမြို့နယ်တွင် ခြောက်စခန်း၊ ပုသိမ်ကြီးမြို့နယ်တွင် လေးစခန်းဖြစ်ပြီး စုစုပေါင်း ၅၅ စခန်းနှင့် ကျန်ရှိသော ၂၁ မြို့နယ်အတွက် စခန်းပေါင်း ၆၅ စခန်း တိုးချဲ့သွားမည် ဖြစ်သည်။

"မိုဘိုင်းရေဒီယိုစခန်းတွေက လက်ရှိရှိတဲ့ စာရင်းအရ မန္တလေးခရိုင်အတွင်းမှာ လိုင်းပေါင်း ခြောက်သိန်းကျော် အသုံးပြုနိုင်ပါတယ်။

"လက်ရှိချထားပေးတဲ့ စာရင်းအရ လိုင်းပေါင်း ငါးသိန်းကျော် အသုံးပြုနေတဲ့အပြင် တခြားမြို့နယ်တွေက ဧည့်သည်တွေ ဝင်ရောက်လာတဲ့အခါမှာ လက်ရှိလိုင်းအင်အားနဲ့တွက်ချက်ရင် မကိုက်တော့တဲ့ အခုလို အင်တာနက်လိုင်းတွေ ကျပ်နေတာဖြစ်ပါတယ်။ အဲဒီအတွက် ပြင်ဆင်မှုတွေ လုပ်ဆောင်နေပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတိုးချဲ့မည့် စခန်းများကြောင့် အင်တာနက်လိုင်းပေါင်း သုံးသိန်းကျော် မန္တလေးမြို့ထဲတွင် အသုံးပြုမှုရနိုင်မည်ဖြစ်သောကြောင့်တည်ဆောက်ပြီးလျှင် လိုင်းများ ပိုမိုကောင်းမွန်လာနိုင်သည်ဟုဆို မြန်မာ့ဆက်သွယ်ရေးတာဝန်ရှိသူတို့က ပြောဆိုသည်။ ■




*စည်ပင်သာယာဝန်ထမ်းများ ကျုံးဘေးတွင် သန့်ရှင်းရေးပြုလုပ်စဉ် စည်ပင်သာယာအမှိုက်သိမ်းကားကို တွေ့ရစဉ်။* ***(ဓာတ်ပုံ-ဖြိုး)***

# ကျုံးဘေးရှိ သင်္ကြန်တွင်း စွန့်ပစ်အမှိုက်များ ၁၁ ရက်ကြာ ရှင်းလင်းခဲ့ရ

■ ဖြိုး
**မန္တလေး၊ ဧပြီ ၂၉**

မန္တလေးမြို့တွင် သင်္ကြန်ကာလပြီးနောက် ကျုံးဘေးပတ်လည်တစ်လျှောက် မဏ္ဍပ်များမှ စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်နှင့် အညစ်အကြေးများကို ဆယ့်တစ်ရက်ကြာ သန့်ရှင်းရေးပြုလုပ်ခဲ့ရသည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနမှ ဌာနခွဲမှူး ဦးစိုးတင့်အောင်က ပြောသည်။ “တချို့ မဏ္ဍပ်တွေက တော်တော်ဆိုးရွားတယ်။ မိလ္လာကန်တွေလည်း မစွန့်ပစ်ခဲ့ဘဲ ဒီတိုင်းထားခဲ့ကြတယ်။ အဲဒါမျိုးကို ထိထိရောက်ရောက် အရေးယူဖို့ကောင်းတယ်” ဟု ၎င်းက ဆိုသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့ကျုံးအတွင်းသို့ ငါးဘေးမဲ့လွှတ်ခြင်း၊ ကောင်းမှုကုသိုလ်ပြုလုပ်သူများ ရှိသဖြင့် ထို့နေ့မတိုင်ခင် သင်္ကြန်အတက်နေ့ ညကတည်းက သန့်ရှင်းရေးလုပ်သား အင်အား ၃၀၀ နီးပါးခန့်ဖြင့် ညလုံးပေါက်စတင်ဆောင်ရွက်ခဲ့သော်လည်း ဧပြီ ၂၇ရက်အထိ ဆယ့်တစ်ရက်တိုင် ရှင်းလင်းခဲ့ရသည်ဟု ဌာနတာဝန်ရှိသူက ပြောသည်။ မန္တလေးမြို့၏ ပြယုဂ်နေရာတစ်ခုဖြစ်သည့် ကျုံးဘေးပတ်လည်ကို ရှုမြင်စရာကောင်းစေရန် မန္တလေးမြို့သူမြို့သားများအနေဖြင့် ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်သည်ဟု ဦးစိုးတင့်အောင်က သုံးသပ်သည်။ “ဌာနက ရှင်းမှာပဲဆိုပြီး ဒီတိုင်းပစ်ထားခဲ့ကြတယ်။ ဌာနက တာဝန်အရ ဘယ်လောက်ပဲ ရှင်းရှင်း၊ ကိုယ်တာဝန်တော့ ကိုယ်ယူရမှာပါ၊ အခုတော့ ကျုံးထဲလည်း အမှိုက်တွေပစ်တယ်၊ အညစ်အကြေးစွန့်တယ်။ သံပန်းတွေဖျက်ဆီးတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။ သင်္ကြန်ကာလလေးရက်အပြီး မန္တလေးကျုံးဘေးပတ်လည်တွင် အမှိုက်များ၊ ဖော့ဘူးခွံများ မြင်မကောင်းအောင်တွေ့ရခြင်း၊ ကျုံးတွင် ကာရံထားသော သံပန်းများ ဖျက်ဆီးခြင်း၊ လမ်းလယ်ကျွန်းအုတ်ရိုးများ ကျိုးပဲ့ခြင်း၊ စိုက်ပျိုးထားသော အလှပန်းပင်များ ပျက်စီးခြင်းတို့ကို တွေ့ရှိရသဖြင့် နောင်နှစ်သင်္ကြန်တွင် သတ်မှတ်ထားသော မဏ္ဍပ်စည်းကမ်းများကို မလိုက်နာပါက ထိရောက်စွာ အရေးယူရန် အစီအစဉ်ရှိသည်ဟု ၎င်းက ပြောသည်။ ■

# အသက်၁၅နှစ်အောက် ကလေးလုပ်သား အရေအတွက် မန်းတွင် များလာ

■ မျိုးသန့်
**မန္တလေး၊ ဧပြီ ၂၉**

မန္တလေးမြို့တွင်း ဖွင့်လှစ်မှုများလာသည့် လက်ဖက်ရည်ဆိုင်များ၊ ဘီယာဆိုင်များတွင် အသက် ၁၅ နှစ်အောက်ကလေးလုပ်သားအရေအတွက် တိုးမြင့်ခန့်အပ်လာသည်ဟု ကလေးချစ်သူများအဖွဲ့နှင့် စောင့်ရှောက်ရေးအဖွဲ့အစည်းများက မဇ္ဈိမကို ပြောသည်။

အလုပ်လုပ်ကိုင်နေသောကလေးများမှာ ကျောင်းနေသောအရွယ်များသာ ဖြစ်သော်လည်း မိဘများမှ စားဝတ်နေရေး အဆင်မပြေခြင်း၊ မိဘများ ရှိသော်လည်း ဂရုစိုက်မှုမခံရခြင်းတို့ကြောင့် ကျေးရွာများမှ မြို့ပေါ်သို့လာရောက်ကာ အလုပ် လုပ်ကိုင်နေသူများ အများဆုံးဟု ၎င်းတို့က ဆိုသည်။

“ကျွန်တော်ဒီဆိုင်မှာ လုပ်နေတာ ခြောက်လလောက်တော့ ရှိပါပြီ။ နေထိုင်တာကတော့ ရွှေဘိုနားကရွာ တစ်ရွာမှာ နေထိုင်တာ ဖြစ်ပါတယ်။ မိဘက အဆင်မပြေလို့ ဒီရောက်လာတာ ဖြစ်ပါတယ်။ အိမ်ကိုလည်း ပိုက်ဆံ ပို့ပေးရပါတယ်။ အိမ်မှာက ကျွန်တော်ထက်အငယ်သုံးယောက် ရှိသေးတယ်။ လစာအနေနဲ့ မရပါဘူး။ မုန့်ဖိုးအနေနဲ့ပဲ သတ်မှတ်ပေးတာ ဖြစ်ပါတယ်” ဟု မြောက်ပြင်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ အသက် ၁၁ နှစ်အရွယ် မောင်ဖိုးထူးက ပြောသည်။

ယခုကဲ့သို့ ကလေးငယ်များအနေဖြင့် စာသင်ကြားနေရသည့်အရွယ်တွင် သင်ကြားနိုင်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေရခြင်းနှင့်ပတ်သက်ကာ ကလေးစောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ကိုင်နေသူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း လက်ရှိတည်ဆဲဖြစ်သော ကလေးသူငယ်ဥပဒေ

**ကျောင်းမနေနိုင်သည့် အရေအတွက် တိုးမြင့်လာခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးမှုပိုင်းဆိုင်ရာများ နောက်ကျကာ လူစွမ်းအားအရင်းအမြစ်...**

အား ပြင်ဆင်ပေးရန် တောင်းဆိုမှုများကိုလည်း ပြုလုပ်ထားရှိသည်ဟုဆိုသည်။

ကလေးငယ်များအနေဖြင့် အလုပ်ဒဏ်ကြောင့် စိတ်ဒဏ်ရာများ၊ ငွေကြောင့်အကျင့်စာရိတ္တပျက်ပြားမှုများ၊ ကျောင်းမနေနိုင်သည့်အရေအတွက် တိုးမြင့်လာခြင်းကြောင့်နိုင်ငံဖွံ့ဖြိုးမှုပိုင်းဆိုင်ရာများ နောက်ကျကာ လူစွမ်းအားအရင်းအမြစ်များလည်း ဆုံးရှုံးလာနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လျစ်လျူရှုမနေဘဲ မည့်ကဲ့သို့စောင့်ရှောက်ပေးလျှင် အဆင်ပြေနိုင်မည့်နည်းများကို စဉ်းစားပေးစေလိုကြောင်း ကလေးချစ်သူများအဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင် လက်ဖက်ရည်ဆိုင်နှင့် ဘီယာဆိုင်များ၊ စားသောက်ဆိုင်များမှာ တစ်နှစ်ထက် တစ်နှစ်တိုးမြင့်လာခဲ့ခြင်းကြောင့် လုပ်သားလိုအပ်ချက်မှာလည်း မြင့်မားလာချိန်တွင် အသက် ၁၆ နှစ်အထက်ဝန်ထမ်းလစာများမှ ကျပ်သုံးသောင်းနှင့် အထက်ပေးချေရမည်ဖြစ်၍ အသက် ၁၅ နှစ်အောက်ကလေးငယ်များကို အလုပ်သင်သဘောခိုင်းစေမှု ပိုများလာသည်ဟု အဆိုပါအဖွဲ့များက သုံးသပ်သည်။ ■

# စည်းကမ်းပျက်ယာဉ် စစ်ဆေးရာတွင် လိုင်စင်မဲ့ကားနှင့် ဒုစရိုက်မှုများပါ စိစစ်ဖော်ထုတ်

■ ဖြိုး
**မန္တလေး၊ ဧပြီ ၂၉**

စည်းကမ်းပျက်ယာဉ်များကို ညပိုင်းစစ်ဆေးအရေးယူရာတွင် လိုင်စင်မဲ့ကားများ၊ ဒုစရိုက်မှုများကို စစ်ဆေးတွေ့ရှိရသဖြင့် ညပိုင်းစစ်ဆေးအရေးယူမှုကို ဆက်တိုက်အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၃)၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (မန္တလေး)မှ ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောသည်။

“ညပိုင်း စည်းကမ်းပျက်ယာဉ်တွေကို စစ်တဲ့အခါမှာ စည်းကမ်းပျက်ယာဉ်တွေသာမကဘဲ without ကားတွေလည်းမိတယ်။ မူးယစ်ဆေးဝါးတို့၊ ဟိုတလောကဆိုကျောက်စိမ်းတွေသယ်လာတဲ့ ကားမိတယ်။ အဲဒီအတွက် ညပိုင်းမှာ စစ်ဆေးအရေးယူခြင်းဟာ ဒုစရိုက်မှုတွေကို ပိုမိုတွေ့နိုင်ပြီး နယ်မြေရဲကို ကူညီဖော်ထုတ်ပေးနိုင်တဲ့အတွက် တောက်လျှောက် ဆောင်ရွက်သွားမှာပါ”ဟု ၎င်းက ပြောသည်။

စည်းကမ်းပျက်ယာဉ်များ ညပိုင်းစစ်ဆေးအရေးယူခြင်းကို မတ်လ ၂၃ ရက်က




*ညပိုင်းတွင် ယာဉ်စစ်ဆေးမှုများ ပြုလုပ်နေစဉ်။ နောက်သုံးလေးလအတွင်း လိုင်စင်မဲ့ယာဉ် ၁၁ စီး ဖမ်းဆီးနိုင်ခဲ့သည်။* ***(ဓာတ်ပုံ-ဖြိုး)***

စတင်ဆောင်ရွက်ခဲ့ပြီး ဧပြီလကုန်ပိုင်းအထိ ယာဉ်အစီးရေ ၄၀၀၀ နီးပါးကို စစ်ဆေးအရေးယူခဲ့ပြီးဖြစ်သည်။

၂၀၁၄ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ လိုင်စင်မဲ့ယာဉ် အစီးရေ ၁၁ စီးခန့် ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၎င်းတို့ကိုမန္တလေးတိုင်းကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပို့အပ်ကာ တရားဝင်မှတ်ပုံတင်ထားခြင်းရှိ၊ မရှိပို့အပ်စိစစ်ဆဲဖြစ်သည်။

ထို့အတူ ညပိုင်းစစ်ဆေးတွေ့ရှိရသော မူးယစ်ဆေးဝါးမှု၊ ကျောက်စိမ်းနှင့် အခြားမှုခင်းများကိုမူ သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ သက်သေခံပစ္စည်းများနှင့် ရှာဖွေပုံစံသိမ်းဆည်းကာ တရားရုံးသို့ တရားစွဲတင်အမှုဖွင့်ရန် ဌာနက စီစဉ်နေသည်။

ထိုသို့ ညပိုင်းစည်းကမ်းပျက်ယာဉ် စစ်ဆေးအရေးယူမှုများတွင် မော်တော်ဆိုင်ကယ်အများဆုံးဖြစ်ပြီး အဓိကအားဖြင့် ဆိုင်ကယ်စီးဦးထုပ် မဆောင်းသဖြင့် အရေးယူခံရခြင်းဖြစ်နေသည်။

မန္တလေးမြို့တွင် ညနေ ၆နာရီမှ ည ၁၂ နာရီကြား ယာဉ်တိုက်မှုအဖြစ်များဆုံးအချိန်ဖြစ်ပြီး ထိုအချိန်တွင် ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးမှုများ မကြာခဏဖြစ်ပွားရသဖြင့် မော်တော်ဆိုင်ကယ်စီးရာတွင် အသက်အန္တရာယ်အတွက် စိတ်ချရမည့်ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းစေလိုသည်ဟု ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။ ■

mizzima Daily
မေ ၃၀ ရက်၊ ၂၀၁၄ (ဗုဒ္ဓဟူးနေ့)

# ကြန့်ကြာမှုများရှိနေသော်လည်း နိုင်ငံခြားဘဏ်များကို မြန်မာပြည်တွင်းတွင် ဖွင့်လှစ်ခွင့်ပေးမည်

■ ထင်လင်းအောင်
**ရန်ကုန်၊ မေ ၂၈**



ကန့်သတ်ချက်များဖြင့် ဖွင့်လှစ်ခွင့်ပြုပါက ပြည်တွင်းဘဏ်များကို ထိခိုက်နိုင်မည်မဟုတ်ဟု ဆိုသည်။ **(ဓာတ်ပုံ–ဟိန်းထက်)**

စီစဉ်ဆောင်ရွက်နေဆဲအနေအထားများကြောင့် အချိန်ကြန့်ကြာမှုများရှိနေသော်လည်း မြန်မာ့ဘဏ္ဍာရေးတိုးတက်ရေး လိုအပ်ချက်အရ နိုင်ငံခြားဘဏ်များကို ပြည်တွင်း၌ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပေးသွားမည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က မီဒီယာများကိုပြောကြားလိုက် သည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံခြားဘဏ်များအပေါ်ထားရှိသည့် နိုင်ငံတကာတွင် ကျင့်သုံးသော ကန့်သတ်ချက်စံနှုန်းများအတိုင်းခွင့်ပြုသွားမည်ဟု ၂၅ ရက်က ကုန်သည်/စက်မှုအသင်းချုပ် UMFCCI တွင် ကျင်းပသော သီလဝါအထူးစီးပွားရေးဇုန်အစုရှယ်ယာရောင်းချခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများကို ပြောခဲ့ခြင်းဖြစ်သည်။

ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က “ နိုင်ငံခြားဘဏ်တွေကို ဖွင့်ခွင့်ပေးလိုက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းဟာ ထင်ထားတာထက်အများကြီးမြန်သွားမှာဖြစ်ပါတယ်။ ကန့်သတ်ချက်တွေနဲ့ ခွင့်ပြုလိုက်ရင် ပြည်တွင်းဘဏ်တွေလဲထိခိုက်မှုမရှိဘူး။ နိုင်ငံခြားဘဏ်တွေကလဲကျေနပ်တယ်။ နိုင်ငံရဲ့ financial centre (ငွေရေး ကြေးရေးကဏ္ဍ)က လဲ တိုးတက်မှုအများကြီးဖြစ်လာမဲ့အတွက် အားလုံးအဆင်ပြေခဲ့ Win Win Saturation ဖြစ်မယ်လို့ထင်ပါတယ်”ဟု ပြောသည်။

နိုင်ငံခြားဘဏ်လုပ်ငန်းများအား ကန့်သတ်ချက်များထားရှိရာတွင်မူ အပ်ငွေလက်ခံခြင်းကဲ့သို့သော လက်လီဘဏ်လုပ်ငန်းများ ( Retial Banking ) များခွင့်မပြုခြင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် အဓိကရုံးခွဲ (Domain Staff Branch) တစ်ခုတည်းသာထားရှိရမည်ဆိုသည့် အချက်များပါဝင်မည်ဟု ယင်းကဆိုသည်။

လက်ရှိတွင်ထိုင်းနိုင်ငံ၌ နိုင်ငံခြားဘဏ်များခွင့်ပြုရာတွင်လဲ တစ်နိုင်ငံလုံးတွင် အဓိကရုံးခွဲ (Domain Staff Branch)ဖွင့်ခွင့်အရေအတွက်များကို ကန့်သတ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

ဆက်လက်၍ ဦးဆက်အောင် က “ ဆောင်ရွက်ဆဲဖြစ်နေတော့ ဘယ်အချိန်မှာ ဘယ်နှစ်ဘဏ်ကိုပေးဖွင့် သွားမလဲဆိုတာတော့အတည်မပြုနိုင်သေးဘူး။ မြန်မာနိုင်ငံရဲ့ financial centre ကောင်းဖို့အတွက် ရည်ရွယ်လုပ်တာဖြစ်တဲ့အတွက် JV လဲဖြစ်ချင်ဖြစ်မယ်။ ရုံးခွဲလဲဖြစ်ချင်ဖြစ်မယ်ကြိုတော့မပြောနိုင်သေးဘူး” ဟုပြောသည်။

မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါက်တာစိုးထွန်းက “ ငွေရေးကြေးရေးစနစ် မဖွံ့ဖြိုးဘဲနဲ့ တိုင်းပြည်စီးပွားရေးမဖွံ့ဖြိုးနိုင်ဘူး။ အဲတော့ ပြည်တွင်းဘဏ်လုပ်ငန်း တစ်ဆယ်ကျော်နဲ့ သန်း ၆၀ လူဦးရေတွေရဲ့ စီးပွားရေးတိုးတက်မှု နှစ်ခုကြားမှာ ဘာကိုကြည့်မလဲဆိုတာအရေးကြီးတဲ့အချက်ပါ” ဟု မဇ္ဈိမကို ပြောသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားဘဏ်လုပ်ငန်းများကို ၂၀၁၄ ခုနှစ်တွင် ခွင့်ပြုသွားမည်ဟု ထုတ်ပြန်ထားမှုရှိသော်လည်း လက်ရှိအချိန်တွင်စီစဉ်နေဆဲသာဖြစ်ပြီး နိုင်ငံခြားကိုယ်စားလှယ်ရုံးခွဲများကို ၃၅ ခုအားဖွင့်လှစ်ခွင့်ပြုထားသည်။ ■

# ရင်းနှီးမြှုပ်နှံမှုများတိုးလာခြင်းက အကျိုးရှိနိုင်သော်လည်း အခွင့်အရေးချိုးဖောက်ခံရနိုင်သည့် အန္တရာယ်များပါရှိနေ

■ သီဟကိုကို
**ရန်ကုန်၊ မေ ၂၉**

မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှု ပမာဏရုတ်တရက် အလွန်အမင်းတိုးမြင့်လာခြင်းနှင့်အတူ အကျိုးကျေးဇူးများပြားစွာ ခံစားရနိုင်သော်လည်း အလွန်အမင်းအခွင့်အရေးချိုးဖောက်ခံရနိုင်သည့် အန္တရာယ်များပါရှိနေသည်ဟု စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အရင်းအမြစ်ဗဟိုဌာန BHRRC ၏ Excutive Director Phil Bloomer က မေပြီလ ၂၉ ရက်တွင် ပန်ဆိုးတန်းပွဲတော်ခန်းမတွင် ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သတိပေးပြောဆိုသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတွင် လုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီအများစုသည် ပွင့်လင်းမြင်သာမှုဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်နေသည် ဟု ယင်းက ဆက်လက်ပြောကြားသည်။

BHRRC ၏ Excutive Director Phil Bloomer က “ မိမိတို့နေထိုင်ရာ မြေရာအိုးအိမ်တွေကနေ အတင်းအကြပ်ရွှေ့ပြောင်းခံရခြင်းတွေ၊ အလွန်နည်းပါးတဲ့လုပ်ခလစာနဲ့ အန္တရာယ်ရှိတဲ့အလုပ်ခွင် အခြေအနေစတဲ့ အခွင့်အရေးချိုးဖောက်တာတွေနဲ့ဆိုင်တဲ့ အန္တရယ်တွေရှိနေပါတယ်။ ဒါကြောင့် ကုမ္ပဏီတွေ ဆောင်ရွက်သင့်တာက အများပြည်သူကိုအသိပေးနိုင်တဲ့ စီမံကိန်းတွေ၊ လူ့အခွင့်အရေးမူဝါဒတွေကို အကျိုးသက်ရောက်မှုခံရနိုင်တဲ့ လူ့အဖွဲ့အစည်းတွေကို သိရှိနားလည်အောင်ပြုလုပ်ပေးခြင်းပဲဖြစ်တယ်” ဟု ပြောသည်။

ယင်းက ဆက်လက်၍ အထက်ပါကဲ့သို့ အခြေခံကျသည့် အဆင့်ပါဝင်လာမှသာ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာခြင်းက မြန်မာနိုင်ငံသားများအားလုံးအကြား ကြွယ်ဝမှုနှင့် လုံခြုံမှုကိုမျှဝေခံစားရစေမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်းစီးပွားရေးရင်းနှီးမြှုပ်နှံမှုသည် တာဝန်ယူသည့် အလေ့အထများ၊ လူ့အခွင့်အရေးအပေါ်လေးစားမှုများနှင့် ယှဉ်တွဲနေရမည်ဖြစ်သည် ဟုပြောသည်။

လွန်စွာစိုးရိမ်မကင်းဖြစ်ရသည့် ဖြစ်စဉ်များတွင် ရေအားလျှပ်စစ်၊ သတ္တုတွင်းတူးဖော်ခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကြောင့်နေရာရွှေ့ပြောင်းရမည့် ပြည်သူများနှင့်ပတ်သက်နေပြီး ယင်းပြည်သူများကို လုံလောက်သည့် ဆွေးနွေးတိုင်ပင်မှုနှင့် မျှတသည့် လျော်ကြေးတို့ကိုရရှိခံစားသင့်ပြီး အလုပ်သမားများအတွက် လူမှုနေထိုင်မှု စရိတ်နှင့်ညီသည့် ထိုက်သင့်သော လုပ်ခလစာရရှိရန် အာမခံများရရှိသင့်သည်ဟု BHRRC က ထုတ်ပြန်သည်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးဆိုင်ရာစွပ်စွဲမှုများနှင့် ပတ်သက်သည့် ကုမ္ပဏီများ၏ လူသိရှင်ကြားတုံ့ပြန်ဖြေရှင်းမှုကိုကြည့်ရှုလျှင် တုံ့ပြန်မှုနှုန်း ၄၇ ရာခိုင်နှုန်းသာ ရှိသည်ဟုလည်း BHRRC ၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

မြန်မာနိုင်ငံအတွင်း လူ့အခွင်အရေးဆိုင်ရာ စည်ကမ်းချိုးဖောက်မှုများရှိသည်ဟု BHRRC သို့တိုင်ကြားမှုများရှိခဲ့ပြီး BHRRC ကဖြေရှင်းပေးရန် တိုင်ကြားခံလုပ်ငန်းများကို ချဉ်းကမ်းခဲ့ရာ ချဉ်းကပ်မှု၏ ၄၇ ရာခိုင်နှုန်းမှာ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးလုပ်ငန်းများဖြစ်ပြီး ၁၉ ရာခိုင်နှုန်းမှာ ဘဏ္ဍာရေး၊ ဘဏ်နှင့် အာမခံလုပ်ငန်းများဖြစ်သည်။ ၁၀ ရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်းနှင့် ၈ ရာခိုင်နှုန်းမှာ ရေကာတာတည်ဆောက်မှုနှင့် ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင်းအခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်သည့် စွပ်စွဲမှုများကို ကုမ္ပဏီများဘက်မှ တုံ့ပြန့်ဖြေရှင်းမှုကို ဆန်းစစ်ရာတွင် အာရှကုမ္ပဏီများ၏တုံ့ပြန်မှုမှာ ၄၇ ရာခိုင်နှုန်းရှိပြီး အာရှဒေသပြင်ပတွင် အခြေစိုက်သည့် ကုမ္ပဏီများ၏ တုံ့ပြန်မှုနှုန်းမှာ ၇၄ ရာခိုင်နှုန်းရှိသည်။

BHRRC သည် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အရင်းအမြစ်ဗဟိုဌာနသည် တစ်ကမ္ဘာလုံးတွင် ကုမ္ပဏီပေါင်း ၅,၀၀၀ ကျော်တို့၏ အပေါင်း အနုတ်ဆောင်သည့် လူ့အခွင့်အရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုအများအာရုံစိုက်လာစေရန် ဆောင်ရွက်သည့်အဖွဲ့အစည်းဖြစ်သည်။ ■

### မေ ၂၉ ရက် စားသောက်ကုန် ဈေးနှုန်းများ

| | |
|---|---|
| ဆန် (တစ်အိတ်နှုန်း) | |
| ပေါ်ဆန်းမွှေး(မြောင်းမြ) | ၂၉,၀၀၀/၃၁,၀၀၀ |
| ပေါ်ဆန်းမွှေး(ဖျာပုံ) | ၂၇,၀၀၀/၂၈,၀၀၀ |
| ဧယာ | ၁၆,၅၀၀/၁၇,၅၀၀ |
| တောင်ပျံ | ၂၇,၅၀၀ |
| ရွှေစရာဆန်ပွဲရုံမှ ကူညီသည်။ | |

ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးနှုန်း

| | |
|---|---|
| ဆီ (တစ်ပိဿာနှုန်း) | |
| မြေပဲဆီ | ၃,၆၀၀ |
| နှမ်းဆီ | ၄,၆၀၀ |
| စားအုန်းဆီ | ၁,၅၉၀ |
| ပဲမျိုးစုံ (တစ်ပိဿာနှုန်း) | |
| ကုလားပဲလုံး | ၇၇၀ |
| စားတော်ပဲလုံး | ၁,၅၅၀/၁,၆၀၀ |
| မတ်ပဲ RAW | ၁,၁၀၈ |
| ကုလားပဲခြမ်း | ၁,၀၀၀ |
| ကြက်သွန်နီ (တစ်ပိဿာနှုန်း) | |
| ဆိပ်ဖြူရှယ် | ၄၆၅ |
| ဆိပ်ဖြူလတ်ကြီး | ၄၄၀ |
| ဆိပ်ဖြူလတ်သန့် | ၃၈၅ |
| ဆိတ်ဖြူလတ်ချော | ၂၈၅ |
| ကြက်သွန်ဖြူ (တစ်ပိဿာ) | |
| ကြူကုတ် ရှယ်-၁ | ၁,၁၇၅ |
| အောင်ပန်း ထူး-၂ | ၉၅၀ |
| အောင်ပန်း ထူး-၃ | ၁,၁၀၀ |
| အောင်ပန်း ထူး-၄ | ၁,၂၅၀ |
| ထန်းလျက် (တစ်ပိဿာနှုန်း) | |
| တောင်သာထန်းလျက် | ၈၁၀ |
| ညောင်ဦးဆေးရှယ် | ၈၇၀ |
| မန်ကျည်း (တစ်ပိဿာနှုန်း) | |
| ရမည်းသင်းပွင့်ကပ် | ၆၇၅ |
| ကျောက်ပန်းတောင်း (အသား) | ၁,၁၀၀ |
| သကြား (တစ်ပိဿာနှုန်း) | |
| သကြား (ရှယ်) | ၉၂၆ |
| သကြား (ရိုးရိုး) | ၈၆၀ |
| အာလူး (တစ်ပိဿာနှုန်း) | |
| အောင်ပန်း A1 | ၃၆၀ |
| အောင်ပန်း OK | ၅၀၀ |
| အောင်ပန်း S1 | ၅၅၀ |
| ပုစွန်ခြောက် (တစ်ပိဿာနှုန်း) | |
| ဖျာပုံရွှေပုစွန်ရှယ် | ၂၃,၀၀၀/၂၄,၀၀၀ |
| မြိတ် ပုစွန်လတ် | ၁၅,၀၀၀/၁၆,၀၀၀ |
| ရခိုင်ရွှေပုစွန် ရှယ် | ၁၄,၀၀၀/၁၅,၀၀၀ |
| ငါးခြောက် (တစ်ပိဿာနှုန်း) | |
| ငါးကျည်းကျပ်တိုက်ကြီး | ၂၀,၀၀၀/၂၂,၀၀၀ |
| ငါးရံ့ခြောက်ကြီး | ၁၈,၀၀၀/၁၉,၀၀၀ |
| ငါးကွမ်းရှပ် | ၉,၅၀၀/၁၀,၀၀၀ |

မှတ်ချက်
ဈေးနှုန်းအတက်အကျရှိနိုင်သည်။

### မေ ၂၉ ရက် ငွေလဲနှုန်း

| ငွေကြေး | ဝယ် | ရောင်း |
|---|---|---|
| အမေရိကန် | ၉၆၁ | ၉၆၅ |
| ယူရို | ၁,၃၁၆ | ၁,၃၃၁ |
| စင်ကာပူ | ၇၆၀ | ၇၆၈ |
| ဂျပန် | ၉. ၀၂ | ၉. ၅၂ |
| ထိုင်း | ၂၈. ၈၁ | ၃၀. ၃၁ |

ဘုရင့်နောင် ကုန်စည်ဒိုင်မှ ရရှိသော ဈေးနှုန်းများဖြစ်ပါသည်။

**မေ ၂၉ ရက် ရွှေဈေး**

၁၅ ပဲ - ၆၂၃,၀၀၀ ကျပ်
၁၆ ပဲ - ၆၆၃,၀၀၀ ကျပ်

**ကမ္ဘာ့ရွှေဈေး**

၁,၂၉၅ ဒေါ်လာ (အမေရိကန်)

တိတ်စိန်ရတနာရွှေဆိုင်မှ ရရှိသော ဈေးနှုန်း ဖြစ်ပါသည်။

# ထိပ်တန်းမြန်မာကုမ္ပဏီကြီးအနည်းငယ်သာ တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းအလေ့အထများကို တရားဝင်ဖော်ပြမှုရှိ

■ သီဟကိုကို
**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာနိုင်ငံ၏လုပ်ငန်းပမာဏ အကြီးမားဆုံးကုမ္ပဏီ အနည်းငယ်သာ တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများ၏ အလေ့အထများကို ဝက်ဘ်ဆိုဒ်အသုံးပြု၍ ဖော်ပြနေသည်ဟု မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) ၏ ဒါရိုက်တာ ဗစ်ကီဘိုးမန်းက ဧပြီ ၂၉ တွင် ပန်းဆိုးတန်းပွဲတော်ခန်းမတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး၊ လုံခြုံစိတ်ချမှုနှင့် သဘာဝပတ်ဝန်းကျင်ရေးရာကဏ္ဍများတွင် ပွင့်လင်းမြင်သာမှု တိုးမြှင့်စေရန်ရည်ရွယ်ပြီး မတ်လ ၁၈ ရက်မှစတင် စစ်တမ်းကောက်ခဲ့သည့် ပွင့်သစ်စစီမံချက်၏ လတ်တလောလေ့လာတွေ့ရှိချက်များကို မူတည်ကာ ယင်းက ပြောဆိုခြင်းဖြစ်သည်။

ဒါရိုက်တာ ဗစ်ကီဘိုးမန်းက “ မြန်မာ့စီးပွားရေးမှ ထင်ရှားတဲ့ကုမ္ပဏီတွေကို သုံးသပ်ကြည့်ရမှာ တချို့ကသူတို့ရဲ့ ဝက်ဘ်ဆိုဒ်မှ ကုမ္ပဏီအုပ်စုအကြောင်းအသေးစိတ်ဖော်ပြထားသလို၊ တချို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်ချက်တွေကိုဖော်ပြတယ်။ နည်းပါးတဲ့အရေအတွက်ကပဲ တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းရဲ့ အလေ့အထတွေကိုဖော်ပြဖို့ ဝက်ဘ်ဆိုဒ်ကိုသုံးနေကြတယ်”ဟု ပြောသည်။



ဧပြီလ ၂၉ ရက်တွင်ပြုလုပ်သည့် MCRB ၏ သတင်းစာရှင်းလင်းပွဲ။

လုပ်ငန်းအကြီးမားဆုံးကုမ္ပဏီ ၆၀ခု၏ ဝက်ဘ်ဆိုဒ်များကို လေ့လာသုံးသပ်ရာတွင် ကုမ္ပဏီကြီး ၃၄ ခုသာ ဝက်ဘ်ဆိုဒ်ရှိသေးသည်ဟု MCRB က ထုတ်ပြန်သည်။

ပွင့်သစ်စစီမံချက်မန်နေဂျာ ဦးဝင်းကျော်ကျော်က “ ကျွန်တော်တို့က ဒီကုမ္ပဏီတွေကို Black List သတ်မှတ်ဖို့လုပ်တာမဟုတ်ပါဘူး။ ကုမ္ပဏီတွေရဲ့ ပွင့်လင်းမြင်သာမှုတွေကို ဘယ်လိုတိုးမြှင့်နိုင်မလဲဆိုတာအားပေးဖို့ပဲ။ ကုမ္ပဏီတွေရဲ့ ပွင့်လင်းမြင်သာမှုအားနည်းမယ်ဆိုရင် အခုချိန်မှာ အကျိုးသက်ရောက်မှုမရှိ သေးပေမဲ့ နိုင်ငံခြားစီးပွားရေးတွေ ဝင်လာတဲ့အချိန်မှာ လုပ်ငန်းတွေတိုးချဲ့လာတာနဲ့အမျှ ပွင့်လင်းမြင်သာမှုမရှိတဲ့ အကျိုးသက်ရောက်မှုကို ခံစားရမှာပဲ” ဟု ပြောသည်။

ပွင့်သစ်စစီမံချက်၏ နောက်တစ်ဆင့်အနေဖြင့်လက်ရှိအကြမ်းဖျင်းတွေ့ရှိချက်များကို မေလပထမပတ်နောက်ဆုံးထားကာ ကုမ္ပဏီများကို ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ကာကုမ္ပဏီများ၏ သတင်းအချက်အလက်များကို ဝက်ဘ်ဆိုဒ်များတွင် တင်ပြရန် ဖိတ်ခေါ်သွားမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှု အဆုံးသတ်အချိန်ထိ သတင်းအချက်လက်များကို ပိုမိုထုတ်ပြန်ပေးရန် ကုမ္ပဏီများကို နှစ်လခန့်အချိန်ပေးမည်ဖြစ်ကာကုမ္ပဏီများမှပေးမည့် သတင်းအချက်အလက်ပေါ် မူတည်ကာ အမှတ်ပေးမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိမှု အမှတ်ရလဒ်များကို ဇူလိုင်လတွင် ထုတ်ပြန်သွားမည်ဖြစ်သည်။

ဒါရိုက်တာ ဗစ်ကီဘိုးမန်းက “ စီးပွားရေးကုမ္ပဏီကြီးတွေဟာ သူတို့ရဲ့သတင်းအချက်အလက်၊ အဂတိလိုက်စားမှု တိုက်ဖျက်တာ။ လူ့အခွင့်အရေးလိုက်နာမှုတွေကို ဝက်ဘ်ဆိုဒ်မှ တရားဝင်ဖော်ပြနိုင်တာမျိုးတောင်မလုပ်နိုင်ဘူး။ လက်တွေ့မှာ ဘယ်လိုဆောင်ရွက်နေမလဲဆိုတာ ခန့်မှန်းကြည့်လို့ရပါတယ်” ဟု ပြောသည်။

စီမံချက်တွင် ပါဝင်သည့်ကုမ္ပဏီများကို ဝင်ငွေခွန်အများဆုံးပေးဆောင် သူစာရင်း ၁၀၀နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ စာရင်း ၁၀၀ ကို အခြေခံကာ ရွေးချယ်ထားခြင်းဖြစ်ပြီး ယင်းကုမ္ပဏီများကို တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများ၏ အလေ့အထနှင့် ပတ်သက်သည့် မေးခွန်း ၃၅ ခု မေးမြန်းမည်ဖြစ်သည်။

MCRB သည် ယူကေအခြေစိုက် လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ဒိန်းမတ်လူ့အခွင့်အရေးအဖွဲ့အစည်းတို့ ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာစံညွှန်းနှင့်အညီ တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများဖြစ်ပေါ်လာစေရေးအတွက် ကူညီပေးနိုင်ရန် ဖွဲ့စည်းထားခြင်း ဖြစ်သည်။■

## အမေရိကန်အဖွဲ့ ငါးကန်ထိန်းသိမ်းမှု နည်းပညာပေးရန်လာရောက်မည်

■ မိုမိုသန္တာ
**ရန်ကုန်၊ ဧပြီ ၂၉**

ပြည်တွင်းရှိ ငါးကန်အရည်အသွေးများကို ထိန်းသိမ်းနိုင်ရန်အတွက် နည်းပညာအကူအညီပေးရန် အမေရိကန်နိုင်ငံမှ ဌာနကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မေလအတွင်း မြန်မာနိုင်ငံ သို့လာရောက်လေ့လာမှုများပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်က ဧပြီလ ၂၉ ရက်တွင်ပြုလုပ်သည့် ငါးလုပ်ငန်းအပတ်စဉ်အစည်း အဝေးတွင် ပြောသည်။

ငါးကန်အရည်အသွေးကောင်းမွန်ရန်အတွက် ထိန်းသိမ်းရမည့် နည်းလမ်းများအကြောင်းကို ဟောပြောဖို့ချပေးမည့်အပြင် လက်တွေ့စစ်ဆေးမှုများလည်းပြုလုပ်သွားမည်ဖြစ်သည်ဟု ဦးဝင်းကြိုင်က ပြောသည်။

ဦးဝင်းကြိုင်က “အရည်အသွေးမီတဲ့ ရေထွက်ကုန်တွေမွေးမြူပြီး နိုင်ငံတကာဈေးကွက်မှာယှဉ်ပြိုင်ဖို့ ဆိုရင်မြန်မာ့ရေထွက်ကုန်တွေ ကောင်းမွန်ဖို့လိုပါတယ်။ ဒါကြောင့် ရေထွက်ကုန်တွေမွေးမြူတဲ့ကန်တွေကို အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ပေးတာပါ” ဟုပြောသည်။

ကန်အရည်အသွေးများကို ထိန်းသိမ်းသည့် နည်းပညာများပြုလုပ်ဆောင်ရွက်ပြီးပါက ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းများကိုလဲတိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ပြီး ငါး၊ ပုစွန်များကိုလဲ တိုးချဲ့မွေးမြူသွားမည်ဖြစ်သည်ဟု ဦးဝင်းကြိုင်က ပြောသည်။

ဈေးကွက်အသစ်များ တိုးချဲ့လာခြင်းများကြောင့် မြန်မာနိုင်ငံ၏ ထွက်ကုန်များကို ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် သတိထားတင်ပို့မှုများပြုလုပ်သင့်ပြီး မလိုလားအပ်သည့် ပြဿနာများမဖြစ်ရန် ထွက်ကုန်များ ပြည်ပတင်ပို့မှုကို နည်းစနစ်ကျကျဖြင့်ဆောင်ရွက်သင့်ကြောင်း ရေထွက်လုပ်ငန်းနှင့် ပို့ကုန်လုပ်ငန်းရှင် ဦးထွန်းအေးကပြောသည်။

ဦးထွန်းအေးက “ ရေထွက်ကုန်ကို စက်ရုံတစ်ခုက အမေရိကန်ကို ပို့တာကုန်ပစ္စည်းအရည်အသွေးပိုင်းမှာ နည်းနည်းအခက်အခဲဖြစ်နေတယ်လို့ ကြားတယ်။ ဈေးကွက် အသစ်ကို စဖောက်တဲ့ အချိန်မှာ သူတို့ဘက်ကငြိုငြင်စရာတွေ မဖြစ်စေချင်ဘူး။ တစ်ကုမ္ပဏီကဖြစ်လိုက်တာနဲ့ ကျန်တဲ့ကုမ္ပဏီတွေပါထိခိုက်မယ်” ဟုပြောသည်။

ရေထွက်ကုန်များကို စနစ်ကျသည့်နည်းပညာများဖြင့် မွေးမြူမှုများပြုလုပ်မည်ဆိုပါက ရေထွက်ကုန်လုပ်ငန်းများအတွက်များစွာ အထောက်အကူဖြစ်နိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း ပိုမိုမြင့်တက်လာနိုင်သည်ဟု ၎င်းက ပြောသည်။ ■



တက်ကြွ၍မိမိကိုယ်ကိုယုံကြည်မှုရှိသော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ လစ်လပ်လျက်ရှိပါသည်။

**Web Designer** M-2
CMS, HTML, CSS, CSS3, HTML5, Jquery, Photoshop, Illustrator Software များကို ကောင်းစွာ အသုံးပြုနိုင်သူ၊ (*C Panel, Web Hosting ပိုင်းဆိုင်ရာကို နားလည်သူ၊ Web Design နှင့် ပတ်သက်၍ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။)

**Marketing Executive** F-10
လမ်းညွှန်စာအုပ်ထုတ်ဝေရေးတွင် တာဝန်ထမ်းဆောင်ရန် ရုပ်ရည်အသင့်အတင့်ရှိ၍ စကားပြောပြေပြစ်သူ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ လမ်းညွှန်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွေ့အကြုံရှိသူ (သို့) ကြော်ငြာရောင်းအတွေ့အကြုံ (၂)နှစ်ရှိသူ။ (*နယ်ခရီးသွားနိုင်ရမည်။)

**Marketing Assistant** F-20
ရုပ်ရည်အသင့်အတင့်ရှိပြီးစကားပြော ပြေပြစ်သူ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ ကြော်ငြာအရောင်းအတွေ့အကြုံရှိသူ (သို့) လမ်းညွှန်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**Tele Advertising Sales** F-2
စကားပြောပြေပြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ တယ်လီဖုန်းဖြင့် ကြော်ငြာရောင်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Data Entry** F-3
တက္ကသိုလ်ဝင်တန်းအောင်မြင်ထားပြီး၊ English/ မြန်မာလက်ကွက်ကျွမ်းကျင်စာရိုက်တတ်ရမည်။ Microsoft Office, Pagemaker ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

**Data Collector** M-10
အသက် (၂၀)မှ(၂၅)နှစ်အတွင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူ၊ စကားပြောပြေပြစ်ပြီး၊ ရန်ကုန်မြို့တွင်းရှိ နယ်မြေများကို ကောင်းမွန်စွာသွားလာနိုင်သူ။ (*နယ်ခရီးသွားနိုင်သူဖြစ်ရမည်)

**Driver** M-1
အသက် (၂၅-၄၅) အတွင်း၊ ယာဉ်မောင်းအတွေ့အကြုံ (၃)နှစ် အထက်ရှိပြီး ယာဉ်မောင်းလိုင်စင် အနက်ရှိရမည်။ ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာ သွားလာနိုင်ပြီး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရမည်။

လျှောက်ထားလိုသူများသည် CV နှင့်အတူ (ဓါတ်ပုံနှစ်ပုံ)၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူများနှင့်အတူ ( ၁၅.၅.၂၀၁၄ ) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

LOGIMEDIA
Logistics Media Services Co.,Ltd.
HR / Admin Department
No.2, Room (9 / D-E), Zagawar Condo, Moe Kaung Rd, Yankin Tsp, Yangon. Tel :01-559768,01-554776
Email : admin@logimedia.com.mm

mizzima Daily
ဧပြီ ၃၀ ရက်၊ ၂၀၁၄ (ဗုဒ္ဓဟူးနေ့)

# ထိုင်းရင်းနှီးမြှုပ်နှံသူများ မြန်မာအပေါ် သဘောထား အမြင်ပြောင်းလဲသင့်ပြီဟု ထိုင်းသံအမတ်ကြီး ပြော

■ သည်နေရှင်း

မြန်မာနိုင်ငံသည် စီးပွားရေးအတွက် ရေခံမြေခံကောင်းသော တိုင်းပြည်တစ်ပြည်ဖြစ်ရာ ဈေးကွက်ရှာဖွေကြသော ထိုင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းနိုင်ငံအပေါ်ထားသည့် ခေတ်ဆွေးအမြင်သဘောထားများကို ပြောင်းလဲပစ်သင့်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ထိုင်း သံအမတ်ကြီး ပီဆာနုစူဝန်နာဂျာတာက ပြောဆိုညွှန်ကြားထားသည်ဟု သည်နေးရှင်းသတင်းတွင် ဧပြီ ၂၈ ရက်က ရေး သားသည်။



> မြန်မာနိုင်ငံသည် စီးပွားရေးနှင့် နိုင်ငံရေးအခင်းအကျင်းများ ရုတ်ခြည်းပြောင်းလဲနေရာ သွားရောက်ရင်းနှီးမြှုပ်နှံမည့် သူများအတွက် အခွင့်အလမ်း သာနေကြောင်း ထိုင်း သံအမတ်ကြီး ပီဆာနုက ပြောသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာ၌ အဓိက ဆူးညောင့်ခလုတ်မှာ သဘောထား အမြင်များပင်ဖြစ်ကြောင်း ၎င်းကသုံးသပ်သည်။ ထိုင်းရင်းနှီးမြှုပ်နှံသူများမှာ မြန်မာနိုင်ငံအပေါ် ကောင်းစွာနားမလည်နိုင်သေးကြောင်း၊ ၎င်းတို့၏အမြင်တွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး မှောင်ခိုကူးမှုများ၊ လူမျိုးရေးပဋိပက္ခများနှင့် ချွတ်ခြုံကျဆင်းရဲမွဲတေမှုများရှိသည့် နိုင်ငံတစ်ခုအဖြစ်သာ အစွဲကြီးစွာ ရှုမြင်နေကြဆဲဖြစ်သည် ဟုလည်း ၎င်းကထောက်ပြသည်။

လက်တွေ့တွင် မြန်မာနိုင်ငံသည် ပြန်လည်ထူထောင်ရေး ကနဦးလုပ်ငန်းစဉ်များမှတစ်ဆင့် စီးပွားရေးနှင့် နိုင်ငံရေး အခင်းအကျင်းများ ရုတ်ခြည်းပြောင်းလဲနေရာ သွားရောက်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အခွင့်အလမ်းသာနေကြောင်း ထိုင်းသံအမတ်ကြီး ပီဆာနုက ပြောသည်။

စီးပွားရေးသဘောအရ မြန်မာနိုင်ငံသည် ယခုနှစ်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှု ( GDP) ကို ၉ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပြီး ရေရှည်တွင်လည်း တိုးလက်နိုင်မည့် အလားအလာ ကောင်းရှိကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေအရ လက်ရှိတစ်နှစ်တာ အမေရိကန်ဒေါ်လာ ၈၅၀ (ဘတ် ၂၇၄၃၀) ရှိရာမှ ၂၀၃၀ တွင် ဒေါ်လာ ၂,၀၀၀ မှ ၃,၀၀၀ ကြားထိ ရှိလာမည်ဟု အာရှဖွံ့ဖြိုးမှုဘဏ် (ADB) က ခန့်မှန်းထားသည်ဟု ပီဆာနုက ပြောသည်။

စိတ်ဝင်စားဖွယ်ရာ ကောင်းသည်က ပိတ်ဆို့မှုကာလများအတွင်း မြန်မာ့စီးပွားရေးသည် ဆက်လက်အားကောင်းနေခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။ မြန်မာနိုင်ငံ ပြည်တွင်းနိုင်ငံရေး ပဋိပက္ခကာလအတွင်း ဖွံ့ဖြိုးမှုနှုန်းသည် အဆိုးဘက်သို့ရောက်သွားခဲ့ရသည်ဟုလည်း ၎င်းကပြောသည်။

မြန်မာနိုင်ငံရှိမြို့ပြ လမ်းမကြီးများပေါ်တွင် ယာဉ်ထူပြောပိတ်ဆို့ခြင်းများ နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လိှမ့်ဝင်မှုရှိနေခြင်း တို့က မြန်မာ့စီးပွားရေးတိုးတက်မှု၏ ပြယုဂ် များပင်ဖြစ်သည်။

၎င်းအပြင် မြန်မာနိုင်ငံသို့ခရီးသည်ဝင်ရောက်မှုပမာဏမှာလည်း များပြားနေသည်ဟုလည်း ပီဆာနုက ဆိုသည်။

လွန်ခဲ့သည့်သုံးနှစ်အတွင်းက မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုအရေအတွက်မှာ နှစ်သိန်းရှိခဲ့သော်လည်း ယမန်နှစ်တွင်ဦးရေသည် ၁ ဒသမ ၆ သန်းအထိဝင်ရောက်ခဲ့ပြီး လက်ရှိနှစ်တွင် ၁ ဒသမ ၈ သန်း ထိဝင်ရောက်လာလာမည်ဟု မျှော်လင့်ထားသည်။

ခရီးသွားလုပ်ငန်းက မဟာစီးပွားရေးအသီးအပွင့်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအပြင် အဒန်မင်ပင်လယ်အတွင်း ကျွန်းတစ်ကျွန်းရှိဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော မြိတ်မြို့မှာလည်း ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်ရာနေရာတစ်နေရာဖြစ်သည်ဟုလည်း ထိုင်းသံအမတ်ကြီးက ပြောသည်။

ခရီးသည်ဝင်ရောက်မှုများပြားသော်လည်း မြန်မာနိုင်ငံရှိမြို့ကြီးများတွင် ကောင်းမွန်သည့် စားသောက်ဆိုင်အရေအတွက်မှာနည်းပါးနေကြောင်း ၎င်းကဆိုသည်။

မြန်မာ့စီးပွားရေးဈေးကွက်ကို စိတ်ဝင်စားကြသည့် ထိုင်းခရီးသွား ကိုယ်စားလှယ်အသင်း ( ATTA) အများစုပါဝင်သည့် ထိုင်းကိုယ်စားလှယ် ၁၂၅ ဦးနှင့် ပီဆာနုတို့သည် ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ရန်ကုန်တွင် တွေ့ဆုံစကားပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံအတွင်း နိုင်ငံရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေရာ အထူးသဖြင့် ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးတို့မှ ခရီးသွားများ ထိုင်းနိုင်ငံသို့ ဝင်ရောက်မှု ဦးရေကျဆင်းလာသည့်အတွက် ထိုင်းလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန် စိတ်ဝင်စားလာကြခြင်းဖြစ်သည်။ လာမည့်နှစ်တွင် ရုပ်လုံးပေါ်လာမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းအတွက် ပြင်ဆင်မှုအနေဖြင့် အိမ်နီးချင်းဈေးကွက်များကို လေ့လာခြင်းလည်းဖြစ်ကြောင်း ထိုင်းကိုယ်စားလှယ်များ၏ လေးရက်ကြာ ခရီးကိုရည်ညွှန်းလျက် ATTA ဥက္ကဋ္ဌ စီစဒီဝချာချီဝါရာတာနာပွန်က ပြောခဲ့သည်။

မြန်မာ့ခရီးသွားလုပ်ငန်းသည် ထိုင်းရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးအခွင့်အလမ်းကောင်းကြီးဖြစ်ကြောင်း အဓိကအားဖြင့် ခရီးသွားဝန်ဆောင်မှုများနှင့် ဟိုတယ်တည်ဆောက်ရေးနယ်ပယ်တွင် စိတ်ဝင်စားမှုများပြားနေကြောင်း ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုတွင် ရှေ့တန်းရောက်လာနိုင်ကြောင်း ATTA ဥက္ကဋ္ဌက ဆိုသည်။

ထိုင်းခရီးသွားလုပ်ငန်းက မြန်မာနိုင်ငံသို့ လာရောက်လေ့လာခြင်းကို ကြိုဆိုကြောင်းနှင့် မြန်မာ့ခရီးသွား လုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်ပါကြောင်း မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့ ချုပ်ဒုတိယ ဥက္ကဋ္ဌနှင့် SM ခရီးသွားနှင့် သယ်ယူပို့ဆောင်ရေးမှဥက္ကဋ္ဌဖြစ်သူ ဦးမောင်မောင်ဆွေက ပြောသည်။

ပိုမိုရောက်ရှိလာမည့် ဧည့်သည်များကို ဝန်ဆောင်မှုပေးနိုင်ရန် ကြယ်လေးပွင့်နှင့် ကြယ်ငါးပွင့်ဟိုတယ်များဖွင့်နိုင်ရေး အတွက် မြန်မာ့ခရီးသွားလုပ်ငန်းတွင် နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါကြောင်း ဦးမောင်မောင်ဆွေက ဆိုသည်။

လက်ရှိကာလ၌ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဟိုတယ်အလုံးရေ ၁,၀၀၀ ရှိပြီး အခန်းပေါင်း ၂၈,၀၀၀ ခန့်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။ တိုင်းပြည်၏ အကြီးဆုံးမြို့ဖြစ်သော မြို့တော်ဟောင်း ရန်ကုန်မြို့တွင် ဟိုတယ်ခန်းပေါင်း ၉,၀၀၀ ရှိပြီး ၄,၀၀၀ ခန့်သည် ကြယ်လေးပွင့်နှင့် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်များ ဖြစ်သည်။

ဟိုတယ်ရင်းနှီး မြှုပ်နှံမှုကို ဖိတ်မန္တကပြုကြောင်းနှင့် ကြယ်လေးပွင့်နှင့် ကြယ်ငါးပွင့်ဟိုတယ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံခွင့်ပြုထားပါကြောင်း ဦးမောင်မောင်ဆွေက ဆိုသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုသည် ယခုနှစ်တွင် ယခင်နှစ်ထက်နှစ်ဆ ပိုပြီး ၃ သန်းအထိရှိလာမည်ဖြစ်ကာ၊ ခရီးသွားများ၏ ၆၀ မှ ၆၅ ရာခိုင်နှုန်းသည် အာရှမှခရီးသည်များဖြစ်နိုင်ကြောင်း ဦးမောင်မောင်ဆွေက သုံးသပ်သည်။

ထိုင်းနိုင်ငံသို့ ယမန်နှစ်က သွားရောက်လည်ပတ်ခဲ့သူ မြန်မာနိုင်ငံသားဦးရေ ၂၀၀,၀၀၀ ခန့်ရှိခဲ့ပြီး ယင်းတို့အထဲမှ ၈၀,၀၀၀ နှင့်အထက်သည် ဆေးဝါးကုသရန်သွားရောက်ခြင်းဖြစ်သည်ဟု ရန်ကုန်အခြေစိုက် ရှမ်းရိုးမခရီးသွားလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှအေးက ပြောသည်။

ထိုင်းနိုင်ငံတွင် ကမ္ဘာ့လှည့် ခရီးသည်များ ရေပန်းစားလူကြိုက်များသည့် နေရာများမှာ ဘန်ကောက်၊ ပတ္တရား၊ ချင်းမိုင်နှင့် ဖူးခက်တို့ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံတွင် နိုင်ငံရေးပဋိပက္ခများဖြစ်ပေါ်နေသော်လည်း ခရီးသွားလုပ်ငန်းကို ပိတ်ပင်တားမြစ်ထားမှုမရှိကြောင်း ထိုင်းသံအမတ်ကြီးက ပြောသည်။

ထိုင်းနိုင်ငံက မြန်မာနိုင်ငံသားများအတွက် ဗီဇာကန့်သတ်ချက် ရုပ်သိမ်းပေးခဲ့လျှင်လာရောက်သူ ဧည့်သည်ဦးရေသည် ငါးဆအထိ တိုးပွားလာနိုင်သည်ဟု ဦးလှအေးက ပြောသွားခဲ့သည်။ ■

## သတင်းတိုများ

### Build Tech Yangon ၂၀၁၄ ပြပွဲအတွက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

ဆောက်လုပ်ရေးနည်းပညာပြပွဲ တစ်ရပ်ဖြစ်သော Build Tech Yangon 2014 အမည်ရှိပြပွဲတစ်ခုအား ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ၊ Myanmar Convention Centre (MCC) ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲအား မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ် UMFCCI နှင့် စင်ကာပူနိုင်ငံမှ Sphere Exhibits Pte. Ltd(a subsidiary Singapore Press Holdings) တို့ ပူးပေါင်းစီစဉ် ကျင်းပမည်ဖြစ်သည်။ ■

### ပြည်တွင်းထုတ် ဓာတ်ဆားများ ဝယ်လိုအားမြင့်တက်

အပူချိန်လွန်ကဲနေသော ယခုနှစ်နွေရာသီတွင် ရေဓာတ်ပြန်လည်ဖြည့်ဆည်းရန်အတွက် သောက်သုံးသည့် ဓာတ်ဆားများအရောင်းသွက်လျက်ရှိသည်ဟု ဆေးဝါးအရောင်းဆိုင်များက ပြောသည်။

ပြည်ပဓာတ်ဆားပေါင်းများစွာမှာ မြန်မာနိုင်ငံသို့ အမှတ်တံဆိပ်မျိုးစုံဖြင့် ဝင်ရောက်လာသော်လည်း မြန်မာနိုင်ငံထုတ် MPF ဓာတ်ဆားအင်နှင့် ယိုးဒယားနိုင်ငံထုတ် သီးစုံဓာတ်ဆားများသာ ဝယ်လိုအားရှိကြောင်း ပြည်တွင်းနိုင်ငံခြားဆေးဆိုင်များထံမှသိရသည်။

မြန်မာဓာတ်ဆားမှာ တစ်ထုပ်လျှင် ကျပ် တစ်ရာဈေးရှိပြီး ထိုင်းသီးစုံဓာတ်ဆားမှ ကျပ် ၁၅၀ ဈေးရှိသည်ဟု ဆေးဝါးအရောင်းဆိုင်များ က ပြောသည်။ ■

### ဧပြီလအတွင်း၌ ဖွဲ့နုဈေးနှုန်းများ ကျဆင်းနေဟုဆို

တိရစ္ဆာန်အစာဖြစ်သည့် ဖွဲ့နုဈေးမှာ ဧပြီလအတွင်း အနည်းငယ်ကျဆင်းသွားကြောင်း မြန်မာနိုင်ငံတိရစ္ဆာန်အစာ ထုတ်လုပ်ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာ သက်မျိုးက ပြောသည်။

မတ်လတွင် ဖွဲ့နုတစ်ပေါင်မှာ ၈၅ ကျပ် ၈၆ ကျပ်ရှိသော်လည်း ဧပြီလတွင် ၈၂ကျပ်၊ ၈၅ကျပ်ရှိသောကြောင့် ဖွဲ့နုဈေးကျနေကြောင်း ဒေါက်တာသက်မျိုး က ပြောသည်။ ■

### သင်္ကြန်အတွင်း မြင့်တက်ခဲ့သည့် ငါးဈေးပုံမှန်ပြန်ဖြစ်

လက်ရှိငါးဈေးများမှာ သင်္ကြန်မတိုင်မီ ငါးဈေးများအတိုင်းပုံမှန်ပြန် ဖြစ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်းမှ အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

လက်ရှိကာလတွင် ငါးကြင်းမှာ လက်လီဈေး တစ်ပိဿာ ၆,၀၀၀ ရှိပြီး တီလားပီးယား လက်လီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂,၅၀၀ ရှိတော့သည်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင် က ပြောသည်။ ■

# စင်ကာပူအလုပ်သမားဈေးကွက် အခက်အခဲများနှင့် ရင်ဆိုင်နေရဟု အလုပ်သမားဌာနအကြီးအကဲ ဆို

■ တူဒေးအွန်လိုင်း
**စင်ကာပူ၊ မေ ၂၉**

စင်ကာပူနိုင်ငံရှိအလုပ်သမားဈေးကွက်တွင် ကျွမ်းကျင်ဝန်ထမ်းများရှားပါးခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများနေရာပြောင်းရွှေ့မှုများပြားခြင်း၊ လက်ရှိအလုပ်လက်မဲ့ဦးရေများပြားခြင်းစသော အခြေအနေများကြောင့် အခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်ဟု စင်ကာပူအလုပ်သမားဌာနအကြီးအကဲ လင်ဆွီစေးက ပြောကြောင်း တူဒေးအွန်လိုင်းသတင်းတွင် မေ ၂၈ ရက်ကရေးသားဖော်ပြသည်။

စင်ကာပူနိုင်ငံရှိ အလုပ်သမားပြဿနာမှာ မလူးသာမလွန့်သာ အခြေအနေတွင်ရှိနေပြီး ယင်းအခြေအနေများမှာ လာမည့် ၂၀၃၀ ခုနှစ်အထိ ဆက်လက်ရှိနေနိုင်သည်ဟု လင်ဆွီစေးက ပြောကြားသည်။



*စင်ကာပူနိုင်ငံတွင်အလုပ်သမား လူတန်းစားများမှာ အသက်အရွယ်ကြီးမြင့်နေကြသည်။*

စင်ကာပူအမျိုးသား ကုန်သွယ်ရေးအသင်းအဖွဲ့ (NTUC) ၏ အတွင်းရေးမှူးချုပ်အလုပ်သမားဌာနအကြီးအကဲ လင်ဆွီစေးက စင်ကာပူနိုင်ငံ၏အလုပ်သမားပြောင်းလဲမှုတွင် အလုပ်သမားများ၏ အရည်အသွေးများကို မြှင့်တင်ရန်နှင့် ကောင်းမွန်သည့် အလုပ်အကိုင်များ ဖန်တီးနိုင်ရန်လိုအပ်သည်ဟု ဆိုသည်။ ထို့ပြင် ၎င်းက စင်ကာပူ နိုင်ငံသားတိုင်း မိမိတို့၏ စိတ်ပိုင်းဆိုင်ရာခံယူချက်များကို ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဟုလည်း တိုက်တွန်းပြောဆို ခဲ့သည်။

မစ္စတာလင်က ပြောကြားရာတွင် အလုပ်ရှင်များဘက်မှ အလုပ်သမားတိုင်းကို မှန်မှန်ကန်ကန်အသုံးချနိုင်ရန် လေ့လာသင်ယူ၍ အလုပ်သမားတိုင်းကို ကောင်းမွန်စွာထိတွေ့ဆက်ဆံရမည်ဟု ဆိုသည်။ ဆက်လက်၍ ၎င်းက ထူးချွန်ကောင်းမွန်သောအလုပ်ရှင်များသာလျှင် ထူးချွန်၍ အရည်အသွေး ရှိသောအလုပ်သမားများကို ဆွဲဆောင်သိမ်းသွင်း၍ ၎င်းတို့၏လုပ်ငန်းများတွင် အကျိုးအမြတ်ကောင်းများရရှိအောင်ဆောင်ရွက်နိုင်သည်ဟုပြောသည်။

လက်ရှိနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ကောင်းမွန်လျက်ရှိပြီး အလုပ်သမားများ၏လစာနှုန်းထားများမှာ တိုးတက်လျက်ရှိနေသော်လည်း စီးပွားရေးပြန်လည်တည်ဆောက်မှုလုပ်ငန်းများကို အကျိုးရှိရှိ မှန်မှန်ကန်ကန် လုပ်ဆောင်ရန် လိုအပ်ဟု ၎င်းက မှတ်ချက်ပြု ပြောကြား ခဲ့သည်။

"တကယ်လို့ ကျွန်တော်တို့ လုပ်တာကိုင်တာမှားယွင်းမယ်ဆိုလျှင် ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေမှာ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ကျွန်တော်တို့ရဲ့အလုပ်အကိုင် အခွင့်အလမ်း တိုးတက်မှုတွေဟာလည်းနှေးကွေးသွားနိုင်ပါတယ်။ နောက်ဆုံးမှာ ကျွန်တော်တို့ လုပ်ငန်းတွေ ရွှေ့ရင်ရွှေ့မရွှေ့ရင်လည်း လုံးဝပိတ်သိမ်းလိုက်ရတာမျိုးတွေဖြစ်နိုင်ပါတယ်" ဟု ၎င်းက သတင်းထောက်များကို ပြောသည်။

လက်ရှိအလုပ်သမားဈေးကွက် အကျပ်အတည်းများနှင့် ပတ်သက်၍ ၎င်းကလက်ရှိကမ္ဘာပေါ်တွင် အလုပ်သမားအပေါ် မှီခိုနေခြင်းကိုလျှော့ချရန် အလုပ်ခွင်များတွင်စက်ရုပ်များ၊ အဆင့်မြင့်နည်းပညာများ အသုံးပြုလာကြသည်ဟု ဆိုသည်။ စင်ကာပူနိုင်ငံသားများအနေဖြင့် လက်ရှိအလုပ်ပေါ်တွင် တန်ဖိုးထားပြီး ဂုဏ်ယူတတ်ရန်လိုသည်ဟု လည်း ၎င်းက ပြောကြားသည်။

စင်ကာပူ လူသားအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သောအချက်အလက်များအရ ယမန်နှစ်က အလုပ်သမားဦးရေ ၁၁,၅၆၀ အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရပြီး ယင်းမှာ ၂၀၁၂ ခုနှစ်က ထုတ်ပယ်ခံခဲ့ရသည့် အလုပ်သမားဦးရေ ၁၁,၀၁၀ ထက်အနည်းငယ် ပိုမိုများပြားခဲ့သည်။ ဤကဲ့သို့သော အခြေအနေများက လက်ရှိလုပ်ငန်းခွင်ရှိ အလုပ်သမားများအတွက်အားတစ်ရပ်ကဲ့သို့ ဖြစ်နေစေသည်ဟု သိရသည်။

စင်ကာပူနိုင်ငံတွင်အလုပ်သမား လူတန်းစားများမှာ အသက်အရွယ်ကြီးမြင့်လာခြင်းနှင့်အတူ နိုင်ငံခြားမှအလုပ်သမားခေါ်ယူမှု ပေါ်လစီကိုလည်း တင်းကျပ်ထားမှုတို့ကြောင့် လက်ရှိနိုင်ငံ၏ အလုပ်သမားဈေးကွက် အကျပ်အတည်းများမှာ နောင်နှစ်ပေါင်းများစွာအထိ ရှိနေနိုင်သည်။ ■

## ဖေဖော်ဝါရီလတွင် အိန္ဒိယသို့ FDI နှစ်ဘီလီယံ ဝင်ရောက်

■ အီကိုနောမစ်တိုင်းမ်
**ယူးဒေလီ၊ မေ ၂၇**

အိန္ဒိယသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ( FDI ) ဝင်ရောက်မှုမှာ ယခုနှစ်ဖေဖော်ဝါရီလကုန်ထိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁ ဘီလီယံရှိခဲ့ပြီး ယင်းပမာဏမှာ ၂၀၁၃ ဖေဖော်ဝါရီလ ထက် ၁၂ ဒသမ ၂၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု အီကိုနောမစ်တိုင်းမ်သတင်းတွင် မေ ၂၇ ရက်က ဖော်ပြသည်။

၂၀၁၃ ဖေဖော်ဝါရီလက FDI မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉ ဘီလီယံရှိခဲ့သည်ဟု စက်မှုကဏ္ဍမူဝါဒဖော်ဆောင်ခြင်းမြှင့်တင်ရေးဌာန၏ အချက်အလက်များအရ သိရသည်။

၂၀၁၃-၂၀၁၄ ပထမ ၁၁ လအတွင်း ဝန်ဆောင်မှုလုပ်ငန်းများသို့ ဝင်ရောက်သည့် FDI ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈ ဘီလီယံ ဖြင့်အမြင့်ဆုံးစီးဝင်ခဲ့ပြီး၊ ကားထုတ်လုပ်ရေးကဏ္ဍသို့ ၁ ဒသမ ၂၈ ဘီလီယံ၊ ဆေးဝါးထုတ်လုပ်ရေး ကဏ္ဍသို့ ၁ဒသမ ၂၇ ဘီလီယံနှင့် ဆောက်လုပ်ရေးလုပ်ငန်းသို့ ဒေါ်လာ ၁ ဒသမ ၀၅ ဘီလီယံ အသီးသီးဝင်ရောက်ခဲ့သည်။

အိန္ဒိယသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွင် မောရစ်ရှပ်စ်နိုင်ငံသည် အမေရိကန် ဒေါ်လာ ၄ ဒသမ ၄၈ ဘီလီ ယံဖြင့် ထိပ်ဆုံးတွင်ရှိသည်။ ယင်းနောက်တွင် စင်ကာပူက ၃ ဒသမ ၉၁ ဘီလီယံ၊ ဗြိတိန်က ၃ ဒသမ ၂၁ ဘီလီယံနှင့် နယ်သာလန်က ၂ ဒသမ ၂၀ ဘီလီယံ အသီးသီးရင်းနှီးမြှုပ်ထားခဲ့ကြသည်ဟု အီကိုနောမစ်တိုင်းမ်တွင် ဖော်ပြသည်။ ■

# ဗီယက်နမ်ဘဏ်များ၏ကြွေးဆုံး ဒေါ်လာ ၁၃ ဘီလီယံရှိ

■ သည်ဝေါလ်စရိတ်ဂျာနယ်
**ဗီယန်ကျင်း၊ မေ ၂၇**

ဗီယက်နမ်နိုင်ငံရှိ ဘဏ် ၃၇ ခု၏ စုစုပေါင်းကြွေးဆုံးပမာဏသည် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ ရှိနိုင်ကြောင်း နိုင်ငံပိုင်မီဒီယာက ခန့်မှန်းထုတ်ပြန်သည်ဟု သည်ဝေါလ်စရိတ်ဂျာနယ်က မေ၂၇ တွင်ရေးသားဖော်ပြသည်။ နိုင်ငံပိုင် ကြွေးမြီရှင်းပေးရေး အေဂျင်စီက ဆောင်ရွက်ပေးသည့်ကြားမှပင် ကြွေးဝန်ပိဘဏ်များ၏ ကြွေးဆုံးပမာဏပေါင်းသည် ၂၀၁၂ ခုနှစ် ၂၂ ထရီယံဒေါင်ရှိခဲ့ရာမှ ပြီးခဲ့သည့် နှစ်ကုန်တွင် ၃၀ ထရီယံဒေါင် (အမေရိကန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ) သို့မြင့်တက်ခဲ့သည်။

ဗီယက်နမ်တွင် ပုဂ္ဂလိကဘဏ် ၃၇ ဦးရှိပြီး ဘဏ် ၉ခုမှာ ပြည်သူပိုင် ဖြစ်ခဲ့သည်။ ကြွေးမှတ်တမ်းဝင် ဘဏ် ၄ခု အပါအဝင် ဘဏ် ၁၀ ဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြင့်လုပ်ငန်းလည် ပတ်နေရသည်။

သို့ရာတွင် ၂၀၁၂ ခုနှစ်မှစကာ နိုင်ငံစီးပွားရေးသိသာစွာ နှေးကွေးခဲ့ပြီး ဘဏ်လုပ်ငန်းများသည် အောင်မြင်မှုမရှိခဲ့ပေ။ အစိုးရပိုင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အစုအစပ် ကုန်သွယ်ရေးဘဏ် (BIDV) ၏ ရှယ်ယာဈေးနှုန်းများမှာလည်း ၁၄ ရာခိုင်နှုန်း ထိကျဆင်းရိပ်ပြနေသည်။

ဗီယက်နမ်၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ မျှော်လင့်ထားသလောက်ဝင်ရောက်မှုတ မရှိခဲ့ပေ ။

ဗီယက်နမ်ရှိဘဏ်အားလုံး၏ သုံးပုံတစ်ပုံပမာဏသာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရရှိထားပြီး၊ နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုကို ဘဏ်လုပ်ငန်းတစ်ခုလုံး ရင်းနှီးမြှုပ်နှံမှု၏၂၀ ရာခိုင်နှုန်း သာသတ်မှတ်ထားခြင်းကလည်း ပြည်ပလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတား ဖြစ် စေခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေး အစုအစပ် ကုန်သွယ်ရေးဘဏ်၏ ရှယ်ယာ ၁၉ ဒသမ ၇၃ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံမှ တိုကျို-မစ်ဆူဘီရှိ UFJ ဘဏ်ကဝယ်ယူသွားသည်။ ■



mizzima Daily
ဧပြီ ၃၀ ရက်၊ ၂၀၁၄ (ဗုဒ္ဓဟူးနေ့)



# ပေါင်းလောင်းဆည်စီမံချက်အတွက် ပေးဆပ်ရမှုများ

■ နန်းခမ်းထွေး(ဘာသာပြန်)

ပေါင်းလောင်းမြစ် ရေလွှမ်းမိုးမှုက ထောင်နှင့်ချီသော ဒေသခံလူထုကို ကုန်းမြင့်ပိုင်းကို တွန်းပို့လိုက်သည်။ သက်ရှိဟူ၍ နွားခလောက်သံ တစ်ချက်နှစ်ချက်သာလျှင် ကြားနိုင်တော့သည့် စွန့်ပစ်ခဲ့ရသော တဲအိမ်များက ထိုနေရာတွင် ကျန်ရစ်သည်။

တရုတ်က ထောက်ပံ့ပေးထားသော ရေကာတာက လာမည့်လအနည်းငယ်အတွင်း ရေတံခါးကို ပိတ်မည့်အချိန်တွင် ထိုနေရာရှိ ရွာပေါင်း ၂၀ ကျော်ကို ရေဖုံးလွှမ်းသွားတော့မည့် ယင်းစီမံချက်က မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် ရည်ရွယ်ပြီး တည်ဆောက်သည့်မြို့ကို လျှပ်စစ်စွမ်းအင်ပေးမည် ဖြစ်သလို၊ အလျင်အမြန်ဖွင့်လိုက်သော နိုင်ငံတစ်ခု၏အနာဂတ်အတွက် ငြင်းခုန်စရာများလည်း ပိုလာလေတော့သည်။

"ကျွန်မတို့ ဒီလိုတစ်ခါမှ မခံစားရဖူးဘူး" အသက် ၂၄ နှစ်အရွယ် မခင်ဦးဝေက ပြောသည်။ သူ့မိသားစုက စပါးစိုက်ခင်းများကိုစွန့်ပစ်ခဲ့ရပြီး ယခုအခါ တောင်းရက်ရောင်းပြီး အသက်မွေးနေရသည်။ တောင်ကုန်းပေါ်က ရွှေ့ပြောင်းနေထိုင်ရသည့် နေရာသစ်တွင် ထင်းရှားနေရလေပြီ။ "တိုင်းပြည်အတွက် ဘယ်လို အကျိုးရှိမယ်တော့ ကျွန်မမသိဘူး။ ဒါပေမဲ့ ကျွန်မတို့ရွာအတွက်ကတော့ ဒါက တကယ့်ကို ဆုတ်ယုတ်တာပဲ။

ပေါင်းလောင်းမြစ်အထက်ပိုင်း ဖွံ့ဖြိုးမှုနှင့် မြန်မာနိုင်ငံတစ်လွှား ပြုလုပ်နေသည့် တခြား ရေကာတာစီမံချက်ပေါင်းများစွာနှင့် ပတ်သက်ပြီး ကန့်ကွက်သူများက ယင်းရေကာတာများကြောင့်ရသည့် စွမ်းအင်ရရှိမှုအကျိုးထက် ထိခိုက်နစ်နာရမှုက ကြီးမားလွန်းသည်ဟု ဆိုကြသည်။ သို့ရာတွင် ထောက်ခံသူများကမူ ရေကာတာများက လျှပ်စစ်စွမ်းအင်အတွက် မလွှဲသာမရှောင်သာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု ဆိုသည်။

"ဒီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် လူမှုရေးနဲ့ သဘာဝဝန်းကျင်ပေးဆပ်ရမှုတွေ အတော့်ကို ကြီးမားလိမ့်မယ်" ရန်ကုန်အခြေစိုက် လွတ်လပ်သောလေ့လာသူ ရစ်ချတ်ဟော်ဆေးက ပြောဆိုလိုက်သည်။ "ရေကာတာက မကောင်းဘူးလို့ ပြောရတာ လွယ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက မှန်နေလို့ပါပဲ။ ဒါပေမဲ့ တစ်ဖက်ကလည်း အဲဒါမရှိရင် ပိုဆိုးနိုင်နေပြန်တယ်"

အထက်ပေါင်းလောင်းဆည်သည် သုံးနှစ်သက်တမ်းရှိ အရပ်သားတစ်ပိုင်း အစိုးရသစ်က မေဂါ့ဝပ်တစ်သိန်းရှိနိုင်မည့် ရေအားလျှပ်စစ်ထုတ်ရေးဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ဧရာဝတီနှင့် သံလွင် အပါအဝင် မြန်မာနိုင်ငံကမြစ်ကြီးများကို နိုင်ငံက လိုအပ်နေသည့် လျှပ်စစ်စွမ်းအင် လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်မည့် အရင်းအမြစ်အဖြစ် ယူဆကြသည်။ စွမ်းအင်နည်းပါးမှုကြောင့် ကုမ္ပဏီများ ရပ်တန့်ခဲ့ရပြီး ကျေးလက်နေ လူငါးဦးတွင် လေးဦးနှုန်းလောက် လျှပ်စစ်မီးမရခဲ့ကြကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ဆိုသည်။

သို့ရာတွင် အစီအစဉ်က ရှေ့ကို မတိုးနိုင်သေးပါ။ စီမံချက်တချို့က နောက်ကျနေ သို့မဟုတ် မရေမရာဖြစ်နေသည်။ ထိုနေရာများတွင် အစိုးရနှင့် လက်နက်ကိုင်တပ်များအကြား တိုက်ပွဲများရှိနေ၍ ဖြစ်သည်။ စီမံချက် နေရာအတော်များများတွင် လုံခြုံရေးအတွက် စစ်တပ်မှ စောင့်ကြပ်နေကာ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားသည်။ စီမံကိန်းချထားသည့် ကွမ်လုံဆည်နှင့် မဝေးလှသောနေရာတွင် ပြီးခဲ့သည့် ဒီဇင်ဘာလက ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူသုံးဦး သေဆုံးသွားခဲ့သည်။

တခြား ရေအားလျှပ်စစ် စီမံကိန်းများကလည်း ဆန္ဒပြမှုများစွာကို ဖိတ်ခေါ်နေသည်။ အဘယ်ကြောင့်ဆိုသော် ထွက်ရှိလာသော လျှပ်စစ်ကို စွမ်းအင်ဆာလောင်နေသော ထိုင်းနှင့် အထူးသဖြင့် တရုတ်နိုင်ငံတို့ကို ပေးပို့မည် ဖြစ်သောကြောင့်ပင်ဖြစ်၏။တစ်ပြည်လုံးဆန္ဒပြမှုကို ဖြစ်စေသည့် ၂၀၁၁ ခုနှစ်က ဆန္ဒပြမှုကြောင့် အစိုးရက မြစ်ဆုံ ရေကာတာစီမံကိန်းကို အကန့်အသတ်မရှိ ရပ်ဆိုင်းခဲ့သည်။ ယင်းစီမံချက်တွင် တရုတ်အစိုးရ၏ စွမ်းအင်ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်းက ကန်ထရိုက် ရထားသည်။

"တခြားဒေသက လူတွေကလည်း ဒီလိုစီမံချက်တွေကို ကန့်ကွက်ဆန္ဒပြကြတယ်။ ဒီတော့ သူတို့က ရွှေ့ဆိုင်းတယ်။ ဒါမှမဟုတ် ဖျက်လိုက်တယ်" ပေါင်းလောင်းမြစ်ဒေသက ကံလှရွာသူကြီးဖြစ်သူ အသက် ၄၉ နှစ်အရွယ် ဦးကျော်မြင့်က ပြောဆိုသည်။ "ဒါပေမဲ့ ကျွန်တော်တို့က ဘာမှ မပြောဘူးဆိုတော့ ဆက်လုပ်တော့တာပဲ"

အထက်ပေါင်းလောင်းကထုတ်မည့် မီဂါဝပ် ၁၄၀ သည် တခြားစီစဉ်ထားသော မီဂါဝပ် ၇၁၀၀ ထုတ်မည့် တာဆန်းဆည်ထက် များစွာသေးငယ်ပါသည်။ သို့သော် ယင်းစီမံချက်က ပို၍ကြီးမားသော တိုက်ပွဲများကို ဖိတ်ခေါ်နေသည်။ တရုတ်ပြည် ယူနန်စက်ပစ္စည်း သွင်းကုန်ထုန်ကုန် ကုမ္ပဏီနှင့် ဆွစ်ဇလန်က AF အဖွဲ့တို့ပူးပေါင်းပြီး တည်ဆောက်နေခြင်းဖြစ်ပြီး နေပြည်တော် အဝေးပြေးလမ်းမကြီးအနီးတွင် ဆောက်လုပ်နေသည့် ဒုတိယမြောက်ဆည် ဖြစ်သည်။

ဤဆည်သည် ဒေသခံတံငါသည်များကို ချောက်ချားသွားစေသည်။ တည်ငြိမ်နေသော ပေါင်းလောင်းမြစ်ရေတွင် ငါးရှာနေသော တံငါများကိုသာမက တောတောင်စောင့်နတ်များ၏ရာဇဝင်နှင့် သီးပင်များ စိုက်ခင်းများမှ ခြံလုပ်သားများလည်း ချောက်ချားသွားခဲ့သည်။ နေရာရွှေ့ပြောင်း ရသည့် လယ်သမားများက ယင်းတောင်စောင်းနေရာများသည် သူတို့ ယခင်က လုပ်ကိုင်ခဲ့ကြသည့်တောင်ကြားထက် သွားရေးလာရေး ခက်ခဲသလို မြေဆီသြဇာ နည်းပါးကြောင်း ပြောဆိုကြသည်။ သူတို့အတွက် အစားအစာရှားပါးမှုက ပိုဆိုးလာမည်ကို စိုးရိမ်နေကြသည်။

> ဤဆည်သည်
> ဒေသခံတံငါသည်များကို
> ချောက်ချားသွားစေသည်။
> တည်ငြိမ်နေသော
> ပေါင်းလောင်းမြစ်ရေတွင်
> ငါးရှာနေသော
> တံငါများကိုသာမက
> တောတောင်စောင့်နတ်
> များ၏ရာဇဝင်နှင့်
> သီးပင်များစိုက်ခင်းများမှ
> ခြံလုပ်သားများလည်း ...

"အစိုးရက ကျွန်တော်တို့ရဲ့ အဖေလိုပါပဲ။ ကျွန်တော်တို့အဖေကို ဆန့်ကျင်လို့ မရဘူးလေ" ဟု ဒေသခံ ပေါင်းလောင်းသားတစ်ဦးကပြောသည်။ "ဒီအခြေအနေကို ကျွန်တော် မကြိုက်ဘူး။ ကျွန်တော်တို့ကြားမှာ သူခိုးဓားပြတွေ ဖြစ်လာမယ်" ဟု အသက် ၅၉ နှစ်ရှိ ဦးအေးမောင်က ဆိုသည်။ ဒီနှစ်အတွက် သူ့တွင်ဆန်အိတ် ၄၀ သာရှိပြီး ယင်းသည် သူ့မိသားစုလိုအပ်ချက်၏ တစ်ဝက်ပင်မရှိပါ။

"တစ်အိမ်နဲ့တစ်အိမ် ခိုးနေကြမယ့် အဖြစ်ကို ကျွန်တော် ကြိုတွေးမိတယ်။ ကျွန်တော်ကလည်း သူများဆီကခိုးမှာပဲ။ ဒီတော့ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် တုတ်တွေနဲ့ ရိုက်ကြနှက်ကြ၊ ဓားတွေနဲ့ ထိုးကြသတ်ကြ ဖြစ်လာမယ်"

မျိုးဆက်များစွာ ဖိနှိပ်ခံထားရပြီးသည့်နောက် ရွာသားများက အစိုးရကိုဝေဖန်ရန် ကြောက်ရွံ့နေကြသည်။ အစိုးရက မြေယာသစ်များပေးသည်။ တောင်ပေါ်မှ ရေသွယ်တန်းပေးသည်။ လျှော်ကြေး တချို့တစ်ဝက်ပေးသည်ဟု ပြောဆိုကြသည်။ သို့သော် လျှပ်စစ်မီးတော့ မရသေးပါ။ အခြေခံ မူလတန်းကျောင်းသာရှိပြီး ဆေးရုံလည်းမရှိပါ။

"အစိုးရက ကျွန်တော်တို့ အဖေလိုပါပဲ။ ကျွန်တော်တို့အဖေကို ဆန့်ကျင်လို့မရဘူး" ဟု ဒေသခံတဦးက ခပ်တိုးတိုး ဆိုနေသည်။ ပေါင်းလောင်းစီမံချက်ကို စစ်အစိုးရကစတင်ခဲ့သည့် ပြီးခဲ့သည့် ၁၀ နှစ်က ရာဇဝင်ချီနေသည့် ဖိနှိပ်ခြိမ်းခြောက်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်းကို ဒေသခံများနှင့် တက်ကြွလှုပ်ရှားသူများက ပြောပြသည်။

"ဒီရေကာတာမှာ စက်ပိုင်းဆောက်လုပ်ရေးပိုင်းပြဿနာ ဖြစ်ပါစေလို့ ကျွန်တော်တို့တတွေ ဝိုင်းဆုတောင်းကြတယ်။ ဆည်ကျိုးပေါက်သွားပါစေလို့"

မြန်မာအစိုးရအရာရှိများက ပေါင်းလောင်းမြစ်တစ်ဝိုက်မှ ဒေသခံများကို ငွေကြေးနှင့် ဝန်ဆောင်မှုများပေးခဲ့ကြောင်း ထောက်ပြနေကြသည်။ ထပ်လည်းပေးဦးမည်ဟု ဆိုသည်။ ယင်းပြောဆိုချက်အပေါ် ရေကာတာကုမ္ပဏီ၏တုံ့ပြန်ချက်ကို မေးမြန်းခဲ့သော်လည်း တစ်စုံတစ်ရာ မရရှိသေးပါ။

ယခုလက်ရှိတွင် ပေါင်းလောင်းနားက ရွာသားများက ရေရရန် စောင့်မျှော်နေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံ အပြောင်းအလဲဖြစ်လာနေချိန်တွင် သူတို့၏ စွန့်လွှတ်ရမှုများအတွက် ကျန်နိုင်ငံသားများက တောင်းဆိုပေးမှုမှ ဘာများ ပြန်ရနိုင်ဦးမလဲ။

"ကျွန်တော်တို့ကို လျှပ်စစ်မီးပေးမယ်လို့ ကြားတာပဲ။ ဒါပေမဲ့ ဒါက ဒီရွာအတွက်ပဲဖြစ်မယ်ပြောတယ်" ငယ်စဉ်ကတည်းက ကစားနေကျ ရွာဘောလုံးပွဲအတွက် အာဆင်နယ်၊ လီဗာပူးနှင့်ဘာဆီလိုနာ ရှပ်အင်္ကျီများကိုစုဆောင်းနေရင်း အသက် ၁၈ နှစ်အရွယ် ကိုမိုးအောင်က ပြောဆိုလိုက်သည်။ "ဒါပေမဲ့ အဲဒါကလွဲလို့ ကျန်တာတွေက ဘာတစ်ခုမှ အကျိုးမရှိပါဘူးဗျာ" ■

**Financial Times သတင်းစာပါ Michael Peel \ Villagers count cost of Myanmar dam project ကို ဘာသာပြန်ဆိုပါသည်။**



# မြွေသွားလမ်း

■ စိုးဘားဒိုင်

"မြွေသွားလမ်း" ဟူသော အမည်ဖြင့် လွန်ခဲ့သောဆယ်နှစ်ခန့်က ကျွန်တော် ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့ဖူးသည်။ ကုမ္ပဏီတစ်ခုတွင် ဦးစီးဦးဆောင် လုပ်ကိုင်နေသူကို အစည်းအဝေးတိုင်းတွင် မေးခွန်းထုတ် အတိုက်အခံ လုပ်နေသူတစ်ယောက် အကြောင်း ဖြစ်သည်။ အစုရှယ်ယာ ထည့်ဝင်ထားကြသူ အများစုမှာ မိမိတို့ ထည့်ဝင်ထားသည့် လုပ်ငန်းအကြောင်းကို လေ့လာမှုမရှိကြလေတော့ အစည်းအဝေးတွင် မေးခွန်းထုတ် အတိုက်အခံလုပ်သူကို သူတို့ သဘောကျကြသည်။ သူသာ မထောက်ပြ၊ မေးခွန်းမမေးလျှင် ရှယ်ယာရှင်များမှာ နကန်းတစ်လုံးမှပင် သူတို့လုပ်ငန်းအကြောင်း သိနိုင်ကြမည်မဟုတ်ဟု တွေးကြသည်။

အစည်းအဝေးများသည် သူတို့အတွက် နားထောင်ရှုံသက်သက် လာတက်ကြရသည့်သဘော ဖြစ်နေသည်။ အတိုက်အခံလုပ်သူက မေးမြန်းတာ၊ ငြင်းခုံတာကိုပဲ ဇာတ်ပွဲကြည့်သလို ကြည့်နေကြလေသည်။ တစ်ခါမှာတော့ ထိုအတိုက်အခံ လုပ်နေသူကို ဒါရိုက်တာအဖွဲ့ထဲသို့ ထည့်လိုက်ကြသည်။ ထို့နောက်မှာတော့ အစည်းအဝေးများတွင် မေးခွန်းထုတ်သူ၊ အတိုက်အခံလုပ်သူ မရှိတော့ပေ။

တစ်ရက်မှာတော့ ဒါရိုက်တာအဖွဲ့၏ အကြီးအကဲသည် ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားသည်။ ဒါရိုက်တာ အဖွဲ့ထဲတွင် အကြီးအကဲနှင့် ထိပ်တိုက်တွေ့နေကျ ထိုလူကို လုပ်ငန်းအပေါ် စိတ်ဝင်စားမှုရှိသူဟုသတ်မှတ်ကာ အကြီးအကဲနေရာကိုဆက်ခံခိုင်းခဲ့သည်။ နေရာဆက်ခံပွဲတွင် ထိုလူက ကွယ်လွန်သွားသောအကြီးအကဲ၏ စွမ်းဆောင်ရည်များ၊ များပြားရှုပ်ထွေးလှသည့် တာဝန်များကြောင့် ဦးနှောက်သွေးကြောပြတ်ရသည်အထိ ဖိစီးမှုတွေ ဒဏ်ပိလာရကြောင်းပြောကာ သူကလည်း ထိုလူကြီးမင်းလို ကြိုးစားလုပ်ကိုင်မည်ဖြစ်၍ သူ့အား ဖိအားပေးသည့် ဝေဖန်တိုက်ခိုက်မှုမျိုး မလုပ်ကြဖို့ စကားချွေလိုက်သည်။

ကျွန်တော်က ဝတ္ထုကို "မြွေသွားလမ်း" ဟု ပေးလိုက်သည်။ ဝတ္ထုထဲတွင် မြွေတစ်ကောင်မျှ မပါပါ။ မြွေသည် သူ၏ ဗီဇသဘာဝအတိုင်း တစ်ဖြောင့်တစ်တန်းတည်း သွားလာသည့်အကောင်မဟုတ်ဘဲမြေလိမ်မြေကောက်ဟုဆိုသည့်အတိုင်း တွန့်လိမ်ကောက်ကွေးကာ သွားလာသည်။ အရေပြားကိုတွန့်၍ သွားရသဖြင့် မြွေသွားလမ်းသည် ထိုအရေပြားပွတ်တိုက်သွားသော ကောက်ကောက်ကွေ့ကွေ့လမ်းသာ ဖြစ်လေသည်။ သူဗီဇသဘာဝဖြစ်သဖြင့် ကွေ့ကောက်သွားတတ်သောမြွေကို တစ်ဖြောင့်တည်းသွားပါဟု သတ်မှတ်ခိုင်းစေ၍ မရပါ။

မြွေမှန်လျှင် တွင်းဝင်ဖြောင့်ပေလိမ့်ဟူသည့်အတိုင်း တွင်းထဲဝင်သည့်အခါမှာတော့ တဖြောင့်တည်းလျှောထိုး၍ ဝင်ရသည်။ တစ်ဖြောင့်တည်း လျှောထိန်းဝင်၍ ဝင်ပါမှလည်း တွင်းထဲကို ဖြောင့်ဖြောင့်တန်းတန်း ရောက်သွားမည်ဖြစ်သည်။ ထိုအခါ မြွေသည် သူ့ဗီဇသဘာဝကိုဆန့်ကျင်၍ မကွေ့မကောက်ဝင်ရသည့် မြေတွင်းဝင်တာကိုပဲ ကြည့်ပြီး မြွေဆိုသည့်အကောင်သည် တစ်ဖြောင့်တည်း သွားတတ်သောအကောင်ဟု ဆုံးဖြတ်၍မရပေ။ ဆုံးဖြတ်လျှင် အမှန်တရားနှင့် ဝေးသော အဆုံးအဖြတ်သာ ဖြစ်ပေလိမ့်မည်။

တွင်းဝင်ဖြောင့်သောမြွေကား တွင်းထဲရောက်သည်နှင့် ခွေခေါက်သွားတော့သည်။ သူ့ပင်ကိုယ် ဗီဇသဘာဝကိုပြန်ရောက်သွားသည်။ နဂိုကတည်းက မြွေသည် အကောက်သတ္တဝါ ဖြစ်သည်။ အကောက်သတ္တဝါကို အကောက်သတ္တဝါအဖြစ် မှန်မှန်ကန်ကန် မြင်ရန်လိုသည်။ ကုမ္ပဏီတွင် အမြဲတမ်း အတိုက်အခံလုပ်သူမှာ ကိုယ်တိုင်ဦးဆောင် ဖြစ်လာချိန်တွင် သူ့ပင်ကိုယ်ဗီဇ ပေါ်လာရတော့သည်။ တွင်းဝင်တာကိုပဲ မြင်ဖူးသူတို့ မြွေသွားလမ်းကို တကယ် မြင်လိုက်ကြရသည်။

ကျွန်တော်တို့သည် ပင်ကိုယ်ဗီဇကိုကို မြွေလို အကွေးအကောက်ဖြင့်သာ စခန်းသွားနေကြသူတွေကို ကျွန်တော်တို့ဝန်းကျင်တွင် တွေ့နေကြရသည်။ တစ်ခါတစ်ရံ တွင်းဝင်သွားသော သူတို့၏အပြောင်းအလဲကို တွေ့လိုက်ရလျှင် ထိုသူ ပြောင်းလဲသွားပြီဟု တွက်ဆတတ်ကြသည်။ ထိုအပြောင်းအလဲက ဘယ်လောက်ထိယုံကြည်၍ ရလေမလဲဟု မစောင့်ကြည့်တော့ဘဲ ပစ်ထောက်ခံလိုက်တတ်ကြသည့် သူဝင်ရောက်သည့်နေရာ တွင်းထဲရောက်သောအခါ သူ့ကို ခွေခွေကလေး တွေ့လိုက်ရချိန်တွင် နောက်ကျသွားလေပြီ။

ကျွန်တော်တို့ပတ်ဝန်းကျင်၊ ကျွန်တော်တို့အဝန်းအဝိုင်းတွင် ဝင်ပြနေသော မြွေတွေကို မြင်နေတွေ့နေရသည်။ ဖြောင့်ဖြောင့်တန်းတန်း လျှောခနဲ ဝင်ချသွားတာကို ထင်သာမြင်သာ တွေ့ရလေသည်။ သူတို့ကို ကျွန်တော်တို့ သဘောကျကြသည်၊ ထောက်ခံကြသည်၊ ချီးကျူးကြသည်၊ ထောပနာပြုကြသည်၊ နေရာမှန်လူမှန်ဟု ထင်လာကြသည်၊ မျှော်လင့်ချက်တွေထားကြသည်၊ အားပေးမှုတွေ လုပ်ကြသည်။ သူ့ဘက်ကကာကွယ်ပေးကြသည်၊ သူ့ဘက်က ရပ်တည်ပေးကြသည်၊ သူ့တွင် အင်အားတွေ တိုးလာသည်၊ ယုံကြည်သူတွေ များလာသည်။

တွင်းထဲရောက်၍ နေရာလည်းရသည်နှင့် သူက ခွေလိုက်တော့သည်။ သူ့ပင်ကိုယ်ဗီဇပေါ်လာပြီး အခွေအခေါက်ဇာတိတွေ ပြတော့သည်။ ထိုအခါကျတော့မှ ဒီမြွေကလည်း အလိမ်အကောက် အခွေအခေါက် ကောင်ပါပဲလားဟု သိရတော့သည်။ မြွေမှန်လျှင် တွင်းဝင်ဖြောင့်တာ ထိုမြွေတစ်ကောင်တည်း မဟုတ်တာကို ထိုအခါကျမှ ပြန်လည် သုံးသပ်မိတော့သည်။ ပြန်လည် သုံးသပ်မိကြသူတွေရှိသလို တွင်းဝင်တာကိုပဲတွေ့ပြီး ဆက်လက် ယုံကြည်နေကြဆဲတွေကလည်း ကျန်ရစ်နေသည်။ ထို ကျန်ရစ်သူတွေထဲ ပြန်လည် သုံးသပ်မိသူတွေရဲ့ စကားကိုယုံကြည်ပြီး လိုက်ပါထောက်ခံကြသူတွေလည်း ပါဝင်သည်။

ခွေခွေကလေး နေရာယူနေသော မြွေကိုတွေ့၍ ပြန်လည်သုံးသပ်မိပြီး အမှန်တရားကိုပြောင်း၍ နားလည်စေသောအခါ တချို့သူတွေ ပါမလာကြတော့ပေ။ ခုတစ်မျိုး တော်ကြာတစ်မျိုးဟူ၍ပင် သတ်မှတ် ခံလိုက်ရတော့သည်။ မြွေသွားလမ်းကို မကြည့်ကြတော့ တွင်းဝင်လမ်းကိုပဲ ကြည့်ကြတော့သည်။

ပါးစပ်ဖျားတွင်ပြောပြီး ပြီးသွားသောလူတွေကို ကျွန်တော်တို့ တွေ့နေရသည်။ သူတို့၏ စကားတွေက ပါးစပ်ဖျားမှာပဲ ကိစ္စပြီးသွားကြသည်။ တာဝန်ယူမှုလည်းမရှိ၊ တာဝန်ခံမှုလည်းမရှိ၊ ပါးစပ်ဖျားက စကားတွေ လေထဲရောက်သွားသည်။ လေထဲ ပျောက်သွားသည်။ နောက်ထပ် စကားတွေကတိတွေ ပါးစပ်ဖျား ထပ်ရောက်လာသည်။ ပြောခဲ့တာတွေ ပြီးသွားပြီ။ ပြောတာကို ယုံခဲ့ကြသမျှ လေထဲကလိုက်ဖမ်းပြီး ဝရမ်းထုတ်၍လည်းမရတော့။ သူတို့က နဂိုကတည်းက ကောက်ပြီးသားတွေ ဖြစ်သည်။ ခွေပြီးသားတွေ ဖြစ်သည်။

ကျွန်တော်တို့မှာ ကတိတွေလည်း ခဏခဏရသည်။ ထိုကတိတွေကလည်း အကောင်အထည်ပေါ်မလာဘဲ လေထဲ ပျောက်သွားတာလည်း ခဏခဏ ကြုံနေရသည်။ တစ်ခါတလေ ကတိတွေက ဖြောင့်မတ်ပြတ်သားလွန်းသဖြင့် လက်ခုပ် တီးလိုက်မိကြသည်။ အကောင်အထည် ဖော်ဖို့ကျတော့ စကားတွေကိုက မြွေလိမ်မြွေကောက်တွေ ဖြစ်နေသည်။ ဝေ့ဝိုက်ကာ ဖမ်းဆုပ်၍ မရအောင် ဖြစ်နေသည်။

တတ်လည်း တတ်နိုင်ကြပါတယ် ဟု ပြောကာ ဒေါသထွက်ကြရ၊ စိတ်ဆိုးကြရသည်။ ဒေါသထွက် စိတ်ဆိုးတော့လည်း ဒေါသထွက်ကြသူတွေ စိတ်ဆိုးကြသူတွေ အပြစ်ဖြစ်ကြရတာလည်း မကြာခဏပင်။ ထူးမခြားနားပါပဲကွာဟူ၍ ပြောကြရုံလွဲ၍ ဘာမှ မတတ်နိုင်ကြတော့ပေ။ "ဒီပုတ်ထဲက ဒီပဲတွေ ထွက်လာတာ" ဟူ၍ အမြင်မှန် ရကြသော်လည်း ရွေးချယ်ခွင့်မရှိကြတော့ပေ။

မြွေတွေက သူတို့အတွက် သတ်မှတ်ပေးထားသောလမ်းမရှိဟု တွက်ထားကြပုံရသည်။ ခြုံထဲကိုလည်း သူတို့တိုးကြသည်။ အမှိုက်ပုံကိုလည်း သူတို့ဖြတ်ကြသည်။ သဲလမ်းကိုလည်း သူတို့လျှောက်သည်။ မြေလမ်းကလည်း သူတို့ သွားကြသည်။ တစ်ခါတရံ သံမံတလင်းပေါ် တက်လာပြီး အရေပြားက ကုတ်အားမရှိ၍ ရွေ့မတိုးနိုင် ဖြစ်နေတာကိုလည်း တွေ့ရသည်။ ကတ္တရာလမ်းပေါ် ရောက်လာပြီး အသည်းအသန် ဖြတ်ပြေးဖို့ ကြိုးစားနေတာလည်း မြင်ရသည်။ ရေထဲ ကူးခတ်သွားတာကိုလည်း မြင်ဖူးသည်။ သဲပြင်ပေါ်တွင်လည်း သူတို့ ဖြတ်သွားကြသည်။ မြွေသွားလမ်းကို ထင်ထင်ရှားရှား မြင်ရတာကတော့ သဲပြင်ပေါ်တွင်သွားသည့်အခါတွင် ဖြစ်သည်။ အကွေ့အကောက် စင်းကြောင်းကြီးကို ထင်ထင်ရှားရှား တွေ့ရသည်။ သံမံတလင်းပေါ်တွင်တော့ ခြေရာကိုမတွေ့ရပေ။ သစ်ရွက်တောထဲတွင်မတော့ သစ်ရွက်ခြောက်တွေ ဖယ်ထုတ်ခံထားရတာကိုကြည့်ပြီး တွေ့နိုင်ပါသည်။ ရေထဲမှာတော့ မြွေသွားလမ်းက ချက်ချင်း ပျောက်သွားသည်။

မြွေ၏ ဗီဇသဘာဝနှင့်တူသောလူတွေ၊ မြွေ၏စရိုက်လက္ခဏာနှင့် တစ်သဘောတည်းရှိနေသော ကျွန်တော်တို့ ပတ်ဝန်းကျင်ကလူတွေကလည်း မြွေသွားလမ်းတွေလို သူတို့၏ လုပ်ပုံကိုင်ပုံတွေကို တွေ့နိုင်ပါသည်။ တချို့လူတွေက သိတ်မနပ်တော့ သဲပြင်ပေါ်သွားသလို သွားကြသည်။ သူတို့ သွားသည့်လမ်းကြောင်း ကွေ့ကွေ့ကောက်ကောက်ကြီးကို ထင်းထင်းကြီး မြင်ရသည်။ သူတို့ လုပ်ပုံကိုင်ပုံတွေက ပေါ်တင်ကြီး ဖြစ်နေသည်။

တချို့လူတွေကျတော့ သံမံတလင်းပေါ် သွားသလို သွားကြသည်။ သူတို့သွားသည့် လမ်းကြောင်းကို မမြင်ရပေ။ သူတို့ကို ခြေရာခံဖို့ ခက်သည်။ သူတို့က ပရိယာယ်ကြွယ်ကြသည်၊ ခြေရာပျောက်အောင် ဖျောက်နိုင်ကြသည်။ လူတွေက သူတို့ကို အကဲဖြတ်ဖို့ခက်သည်။ ခန့်မှန်းရခက်သည်။

တချို့လူတွေကျတော့ သစ်ရွက်တောထဲကနေ ဖြတ်သွားကြသည်။ ခြုံတိုးသွားကြသည်။ သစ်ရွက်တောထဲ ခြုံထဲတိုးသွားတော့ မြင်မြင်ထင်ထင်မရှိ အာရုံစိုက်သူလည်းနည်းသည်။ သစ်ရွက်တွေကြား တိုးဝင်သွားတော့ သစ်ရွက်တချို့ ပုံပျက်သွားတာတော့ ရှိသည်။ လူတွေက ထိုနေရာမျိုးကို အာရုံနည်းတော့ သူတို့ လှုပ်သာရှားသာရှိသည်။ လူတကာတို့ရဲ့ အာရုံစိုက်မှုကနေ ကင်းလွတ်သည်။ သူတို့ကို တော်ရုံတန်ရုံနှင့် သတိမထားမိတော့ သူတို့ စိတ်ကြိုက် ဖြစ်နေသည်။

တချို့လူတွေကျတော့ ကတ္တရာလမ်းပေါ် ဖြတ်လျှောက်မိလျက်သား ဖြစ်နေသည်။ အရေခွံကုတ်အားကလည်း ချောနေသည်။ လမ်းပေါ်တွင် ကုတ်၍မမြဲဘဲ ရွေ့မတိုးနိုင် ဖြစ်နေသည်။ နောက်ပြန်လှည့်ပြန်တော့လည်း ထိုကတ္တရာပြောင်ချောကိုပဲ ဖြတ်ရမည့်လမ်းပေါ်တွင် ကားသွားကားလာကလည်း ရှိနေသည်။ သူတို့ကား အန္တရာယ်ကြားထဲ တိုးမိသွားသူတွေ ဖြစ်သည်။ သူတို့ဖြစ်ပျက်နေပုံကို လူတွေက မြင်လိုက်ရသည်။ သူတို့ဖြစ်ပျက်နေတာတွေကို ဖုံးကွယ်၍မရတော့ပေ။

တချို့လူတွေမှာ ရေထဲဆင်းသွားသော မြွေလို သူတို့၏သွားလမ်းက ချက်ချင်း ပျောက်သွားသည်။ သူတို့ သွားလိုက်တာကို သတိမပြုမိလိုက်အောင် လမ်းကို မတွေ့ရတော့ပေ။ လမ်းကိုမတွေ့ရတော့ သူတို့ကို လူတွေကအာရုံထဲ ရောက်မလာသည်အထိ အမှုမဲ့အမှတ်မဲ့ ဖြစ်သွားကြသည်။

မြွေသွားလမ်းတွေပုံစံမျိုးစုံကို လိုက်တွေးကြည့်တော့ ထိုမြွေသွားလမ်းတွေ ပုံစံအတိုင်း ပြုမူလုပ်ကိုင်နေသည်။ လူတွေကို ကျွန်တော်တို့ စူးစမ်းကြည့်၍ ရလာသည်။ လူတွေလူတွေ မြွေစရိုက်၊ မြွေဗီဇ၊ မြွေသဘာဝနှင့်လူတွေ နေရာတကာမှာပင် မြွေသွားလမ်း မျိုးစုံထဲက စိတ်ကြိုက်ရွေး၍ သွားလာ လုပ်ကိုင်နေကြလေသည်ကော။

ထိုလူတွေက ဘယ်လောက် အတိုင်းအတာရှိသောလူတွေကို ကိုယ်စားပြုနေကြသလဲ။ ကိုယ်စားပြုသည့် လူပမာဏများလျှင်များသလောက် သူ့သွားလမ်းက အကျိုးအပြစ် ဖြစ်စေမည် ဖြစ်လေသည်။ မြွေသွားလမ်းတွေ၊ မြွေစရိုက်တွေ ဗီဇသဘာဝရှိသူတွေကို လူအများကလည်း သတိထားစောင့်ကြည့် ရှင်းလင်းနိုင်ဖို့ လိုလေသည်။ မဟုတ်လျှင် ကျွန်တော်တို့သည် အကွေ့အကောက် အခွေအလိမ်တွေဖြင့်သာ ကျွန်တော်တို့ စခန်းသွားနေကြရမည် ဖြစ်သည်။

မြွေတွေကတော့ လမ်းမရွေးပါ။ သွားသည့်လမ်းနှင့် အလိုက်အထိုက် ဖြစ်အောင်တော့ သူတို့သွားကြပါသည်။ သွားသည့်အခါမှာတော့ သူတို့ကို ဖြောင့်ဖြောင့်သွားပါဟူ၍ ကျွန်တော်တို့ခိုင်း၍မရတာကိုလည်း ကျွန်တော်တို့ သတိပြုမည် ဖြစ်သည်။ မြွေကို မြွေလိုမြင်ပြီး မြွေသွားလမ်းကိုလည်း ရှင်းရှင်းလင်းလင်း မြင်ကြရပေမည်။ ■

# ကြားဖြတ်မှာ အကဲမဆတ်ရ

■ မောင်ပိန်(ဝိဇ္ဇာ)

ထနောင်းကိုင်းရွာမှာ "ရွာဆော် သာအေးဗျို့ . . . " ဟစ်လို့မှ မဆုံးသေးဘူး။ ရွာကလူတွေ ခေါင်းချင်းဆိုင်ကုန်ကြတယ်။ ဘကြီးဖြိုးတို့ ဂေါပကအုပ်စုကလည်း ခေါင်းတညိမ့်ညိမ့်နဲ့ ဆွေးနွေးကြသလို ကာလသားခေါင်း ကိုဇော်ရဲတို့စကားဝိုင်းကလည်း အငြင်းအခုံလေးတွေနဲ့ ဆွေးနွေးကြတယ်။

ရွာဆော်သာအေးကတော့ သူ့တာဝန်ကျေအောင် ရွာလယ်လမ်းမအတိုင်း ဗျို့ ဟစ်ကောင်းတုန်း။

"မနက်ဖြန် လပြည့်နေ့ညနေ သူကြီးဦးစိန်ရဲ့အိမ်မှာ အစည်းအဝေးရှိပါသဖြင့် တစ်အိမ်တစ်ယောက် မပျက်မကွက် တက်ရောက်ကြပါရန် သတိပေး နှိုးဆော်လိုက်ရပါတယ်ဗျိုး။ အစည်းအဝေး မတက်ရောက်ပါက မတက်ရောက်သူ၏တာဝန်သာ ဖြစ်ကြောင်းထပ်လောင်း သိစေအပ်ပါသည်ခင်ဗျား . . . "

ထနောင်းကိုင်းတို့၊ မကျည်းကုန်းတို့ ဆိုတဲ့ရွာတွေက တစ်နှစ်လုံးနေလို့ အစည်းအဝေး တစ်ခါလုပ်တဲ့ရွာတွေ မဟုတ်ဘူး။ မဖြစ်မနေအရေးကြီးမှသာ အစည်းအဝေးခေါ်ကြရတဲ့ရွာတွေ။ ထနောင်းကိုင်းရွာမှာ အခုတော့ အစည်းအဝေးရှိတယ် ဆိုပါရောလား။ ရွာဆော်သာအေး ပြောသွားတဲ့ အထဲမှာ အစည်းအဝေး မတက်ရောက်လျှင် မတက်ရောက်သူ၏ တာဝန်ဆိုတာလည်း ထည့်ပြောသွားတော့ ရွာကလူတွေက သူကြီးမင်းဦးစိန်ရဲ့ထိပ်တုံး မျက်စိထဲ ပြေးမြင်ကြတယ်။ ဦးစိန်ရဲ့ထိပ်တုံးက အကြောင်းသုံးပါးရွေးတာ မဟုတ်ဘူး။ ကိုဇော်ရဲတို့ ကာလသားဝိုင်းမှာလည်း သူကြီး အစည်းအဝေးပွဲအကြောင်း၊ အရီးမြတို့ ဆန်ပြာတဲ့ ဝိုင်းမှာလည်း အစည်းအဝေးပွဲအကြောင်း ပြောကြတယ်။

လပြည့်နေ့ညနေ မှောင်ရီပြိုးပြမှာပဲ သူကြီးဦးစိန်ရဲ့အိမ်ကိုရွာကလူတွေတဖွဲဖွဲ ရောက်လာကြတယ်။သူကြီးအစည်းအဝေး ခေါ်လို့သာ လာကြရတာ။ ဘာကြောင့် အစည်းအဝေးလုပ်မှန်း ရွာသားတွေ သိတာ မဟုတ်ဘူး။ လူစုံတော့ အစည်းအဝေး စတယ်။

သူကြီးဦးစိန်က လူဖြောင့်စိတ်တိုရယ်။ မထင်ရင်မထင်သလို ပြောတတ်တဲ့အပြင် လက်က ပါချင်သေးတာ။ သူကြီးက သူ့ယောက်ဖပေသီးကို မေးဆတ်ပြတယ်။ ပေသီးကလည်းသူကြီး အရိပ်အကဲသိတယ်။ သူကြီးမေးဆတ်လိုက်တာနဲ့ မောင်းကို ဒူကနဲနေအောင် ထုလိုက်တယ်။

"ဒူ . . . "

ဆူဆူညံညံဖြစ်နေတဲ့အသံတွေ တိတ်သွားတယ်။ သူကြီးလည်းထိုင်ရာက ထလိုက်ပြီး ခါတ်ရှင်တွေထဲကလို "မိဘပြည်သူများခင်ဗျားတို့၊ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား" တို့စတဲ့ အာလုပ်စကားတွေ ပြောမနေဘဲ အစည်းအဝေး ခေါ် ရတဲ့အကြောင်း ဟောဟောဒိုင်းဒိုင်း ပြောလိုက်တယ်။

"ကျုပ်ရွာမှာ ရွေးကောက်ပွဲလုပ်မယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ခင်ဗျားတို့ သဘောထား သိချင်တယ်။ တစ်ယောက်တစ်ပေါက် မပြောကြနဲ့၊ တစ်ယောက်ပြီးမှ တစ်ယောက်ပြောကြ ဒါပဲ"

သူကြီးစကားလည်းဆုံးရော အစည်းအဝေးတစ်ခုလုံး ငြိမ်သက်သွားလိုက်တာ။ အပ်ကျသံမဟုတ်တောင် ငါးမတ်အိမ်ရိုက်သံကျသွားရင် ကြားရနိုင်တယ်။ ထနောင်းကိုင်းမှာ "ရွေးကောက်ပွဲ" ဆိုတဲ့စကားလုံး မကြားဖူးတာ ကြာလှပေါ့။ ရာစုနှစ်တစ်ဝက်တောင် မကတော့ဘူး။

သူကြီးဦးစိန်သည်ပင် ရွေးကောက်ပွဲနဲ့ အနိုင်ရလာတဲ့သူကြီးမှ မဟုတ်တာ။သူကြီးဦးစိန်အဖေ သူကြီးဦးရှိန်က အာဏာလွှဲပေးခဲ့တာ။ ဦးရှိန်ကလည်း ရွေးကောက်ပွဲနဲ့ နိုင်လာတာတော့ မဟုတ်ဘူး။ သူ့မွေးစားအဖေ သူကြီးဦးလိန်က သေခါနီး အာဏာလက်ဆင့်ကမ်းသွားတာလေ။

သူကြီးတွေသာ တစ်ဆက်ပြီးတစ်ဆက် ပြောင်းသွားတာ ရွာကလူတွေက သူကြီးပြောင်းလို့ ပြောင်းသွားမှန်းတောင် သိတာ မဟုတ်ဘူး။ ဆရာလေးကိုမျိုးဦးက ထပြီး ဆွေးနွေးတယ်။

> သူကြီးစကားလည်း ဆုံးရော အစည်းအဝေး တစ်ခုလုံး ငြိမ်သက်သွား လိုက်တာ။အပ်ကျသံ မဟုတ်တောင် ငါးမတ် အိမ်ရိုက်သံကျသွားရင် ကြားရနိုင်တယ် …

"ဘာအတွက် ရွေးကောက်ပွဲလုပ်တာလဲဗျ။ သူကြီးအုပ်ချုပ်တာ ဘာကြာသေးလို့တုန်း"

ဆရာလေးစကားကြားတော့ သူကြီးက ပြုံးတယ်။ ပြီးမှ ဘာအတွက် ရွေးကောက်ပွဲလုပ်တယ်ဆိုတာ ပြောတယ်။

"ဆယ်အိမ်ခေါင်းကိုဖိုးတုတ်က ကုက္ကိုလ်စုကို ပြောင်းသွားပြီ။ သူ့နေရာ လစ်လပ်သွားလို့ကြားဖြတ်ရွေးကောက်ပွဲလုပ်တာ။ ဒါပေမဲ့ ဒီရွေးကောက်ပွဲမှာ ကျုပ်က ဘာမှဝင်ပြီး စွက်ဖက်မှာ မဟုတ်ဘူး။ ကျုပ်သူငယ်ချင်း ကိုတင်က ဦးဆောင်ကျင်းပပေးလိမ့်မယ်"

ဦးလေးကိုဖိုးတင် ဦးဆောင်ကျင်းပ ပေးမယ်ဆိုတော့ ရွာကလူတွေက ခပ်လန့်လန့်ရယ်။ ဦးလေးကိုဖိုးတင်ကြီးက အငြိမ်းစားလေ။ "သမ" တစ်ခေတ်လုံး သူ့အမျိုးတွေချည်း ခွဲတမ်းပစ္စည်းတွေ မဲပေါက်တာ။ သမဆိုင်ရှေ့မှာတော့ ဝဋ္ဋကျေတမ်းကျေ ဘလက်ဘုတ်ပေါ် မှာ မြေဖြူနဲ့ ရေးထားရှာသား။ "ဦးရာလူရမည်" တဲ့။

ဦးလေးတင်က အစည်းအဝေးလုပ်နေတဲ့လူအုပ်ကြီးထဲက ထရပ်တယ်။ ပြီးမှ သူပြောချင်တာကို ပြောတယ်။

"ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ချင်ရင် ကျုပ်ဆီမှာစာရင်းလာပေးကြ။ကျုပ်က မျှမျှတတနဲ့ သန့်သန့်ရှင်းရှင်းဖြစ်အောင် လုပ်ပေးမယ်"

အဲသည်တော့မှ ရွာကလူတွေက သိတော့သိတယ်။ သိပေမယ့်လည်း ဘယ်သူမှတော့ စိတ်မဝင်စားပါဘူး။ အဲ ဘယ်သူမှ စိတ်မဝင်စားဖူးဆိုသော်လည်း ကာလသားခေါင်း ကိုဇော်ရဲနဲ့ သူကြီးယောက်ဖ ပေသီးတို့ကလွဲရင် ဘယ်သူမှ စိတ်မဝင်စားဘူးဆိုမှ ပိုမှန်တယ်။ ကာလသားခေါင်း ကိုဇော်ရဲက သူသိချင်တာကို ထမေးတယ်။

"ဦးလေးတင် ဆယ်အိမ်ခေါင်းရွေးပွဲ ကဘယ်တော့လောက်လုပ်မယ်မှန်းထားသလဲဗျ"

"ခြေခင်းလက်ခင်း သာချိန်ပေါ့၊ ပဲလေးနှမ်းလေး ရိတ်သိမ်းပြီးချိန်လောက်တော့မှန်းထားတာပဲ မောင်ရာ။ မင်းက ဝင်ပြိုင်ဦးမလို့လား"

"ရပ်ကျိုးရွာကျိုး အတွက်တော့ ပြိုင်သင့်ရင် ပြိုင်ရမှာပေါ့ဗျ" သူကြီးတူ မောင်မူက ဝင်ပြောပါလေရော။

"တောင်ရွာက မောင်တာတို့ဆီကလို ဖြစ်နေပါဦးမယ်ဗျာ။ ရွေးကောက်ပွဲတုန်းကတော့ ရပ်အတွက် ရွာအတွက်လုပ်မယ်ဆိုပြီး ပြောတာပဲ။ ဆယ်အိမ်ခေါင်းလည်း ဖြစ်ရော ထန်းရည်သောက်တတ်၊ ကြက်တိုက်တတ်ရုံ မကတော့ဘူး။ ပိုလိုလေး ခဲတတ်လာတာ အဖတ်တင်တယ်ဆိုတာ ဖြစ်လာဦးမယ်။

သူကြီးယောက်ဖ ပေသီးကတော့ ခေတ်စကားနဲ့ပြောရရင် အေးဆေးပဲ။ သူကြီးဦးစိန်ကိုယ်တိုင်က ရွေးကောက်ပွဲမှာ ဘာမှပါဝင်ပတ်သက်မှာ မဟုတ်ဘူးလို့ ပြောထားသည့်တိုင် သူ့ယောက်ဖအကြောင်း သူအသိဆုံးမဟုတ်လား။ ဒါကြောင့်မို့လည်း အေးရာအေးကြောင်းနေတာ ဖြစ်နိုင်တယ်။

အစည်းအဝေးကတော့ အောင်မြင်စွာပြီးဆုံးသွားတယ်။ ရွာသားတွေလည်း ကိုယ့်အလုပ်ကိုယ်လုပ်နဲ့ ရွေးကောက်ပွဲကို မေ့မေ့လျော့လျော့ ဖြစ်ကုန်ကြတယ်။တစ်ရက်ကာလသားဝိုင်းမှာ လူစုံတော့ တောပြောတောင်ပြော ပြောကြရင်း ရွေးကောက်ပွဲအကြောင်း စကားရောက်သွားတယ်။ ကာလသားခေါင်းကိုဇော်ရဲက ဝင်ပြိုင်ဖို့စဉ်းစားထားတဲ့သူဆိုတော့ သူသိချင်တာကို မေးခွန်းထုတ်တယ်။

"သူကြီးရဲ့သူငယ်ချင်း ကမကထလုပ်တဲ့ ရွေးကောက်ပွဲက သန့်ရှင်းမျှတမှု ရှိပါ့မလားဗျ။ သူကတော့သန့်ရှင်းမယ်၊ မျှတမယ်၊ လွတ်လပ်မယ်လို့ အာမခံတာပဲ"

ဆရာလေးကိုမျိုးဦးက ဘုတ်အုပ်လေးစာစောင်လေးဖတ်တဲ့သူဆိုတော့ တွေးတွေးဆဆ ပြောတယ်။

"နိုင်ငံတကာမှာတော့ ရွေးကောက်ပွဲကော်မရှင်ဆိုတာ ရှိတယ်။ ကော်မရှင်ရဲ့အကြီးအကဲက ဝင်ရောက်ယှဉ်ပြိုင်ကြသူအားလုံးရဲ့ ယုံကြည်ကိုးစားခြင်းခံရသူဆိုပါတော့။ ကော်မရှင်ရဲ့အကြီးအကဲက သမာသမတ်ကျအောင် လုပ်ပေးရတယ်"

သူကြီးတူမောင်မူက ဆရာလေးကိုမျိုးဦး စကားလည်းဆုံးရော မျက်ထောင့်နီကြီးနဲ့ကြည့်ပြီး ဝင်ပြောတယ်။

"ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်ပဲဗျာ။ ကျုပ်ဦးလေးက မျှမျှတတ ယှဉ်ပြိုင်ခိုင်းမှာပါဗျ"

ကာလသားခေါင်းကိုဇော်ရဲက ပက်ကနဲ ပြန်ပြောလိုက်တယ်။

"ဆောက်ဖြစ်မှ ကျောင်းဒကာပါ မောင်မူရာ" အဲသည်တော့မှ တစ်ချိန်လုံးငြိမ်နေတဲ့လူတွေအားလုံး ယိမ်းတိုက်သလို ပြုံးလိုက်ကြပါတော့တယ်။

"သောက်ဖြစ်မှ ကျောင်းဆရာပါဗျာ" ■

## မဇ္ဈိမမီဒီယာတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်း အလိုရှိသည်

### 1. စာရင်းကိုင် (မ) ၁ ဦး

■ MYOB Software ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။ LCCI Level (3) အောင်မြင်ပြီးသူဖြစ်ရမည်။

### 2. Senior Marketing Executive (ကျား / မ)

■ တက္ကသိုလ်မှ ဘွဲ့ရပြီးသူဖြစ်ရမည်။ မီဒီယာ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။ အင်္ဂလိပ်စာ အရေး/အပြော ကျွမ်းကျင်ရမည်။ ဖျတ်လတ်တက်ကြွစွာလုပ်ကိုင်နိုင်ရမည်။

### 3. Receptionist (မ) ၁ ဦး

■ ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ပြီး အင်္ဂလိပ်စကားကောင်းစွာနားလည်ပြောဆိုနိုင်ရမည်။အသက် (၂၀ မှ ၄၀) ကြားရှိရမည်။

### 4. သတင်းစာလက်ပွေ့ရောင်းသူ (ကျား / မ) ၂၀ ဦး

■ လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်၊ လူစည်ကားရာနေရာများတွင် မဇ္ဈိမ သတင်းစာလက်ပွေ့ရောင်းချနိုင်သူဖြစ်ရမည်။ (လစာအပြင် ရောင်းရစာစောင်အပေါ် ကော်မရှင်ပေးမည်။)

အထက်ပါ လစ်လပ်နေသောနေရာများအတွက် လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း (CV) နှင့်တကွ Cover Letter ကို ရုံးခန်းသို့ ကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ Email ဖြင့် ဖြစ်စေ၊ မေ (၁၅)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်ကိုယ်တိုင်လာရောက်ပေးပို့ပါက CV ၊ Cover Letter နှင့်အတူ လျှောက်ထားလိုသောရာထူးကိုစာအိတ်ပေါ် တွင် ရေးရန်လိုအပ်ပါသည်။

**ရုံးခန်း - အမှတ် ၄၀၇ ၊ တိုက်(စီ)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

**စာတိုက်သေတ္တာအမှတ်-၁၀၀၀၂၊ ဖုန်း - ၀၁ ၅၅၈၆၇၅၊**

**Email : hrdepartment@mizzima.com**

# ထိုင်းကြော်ငြာကုမ္ပဏီ၏ ကမ်းလှမ်းမှုဖြင့် ကြော်ငြာရိုက်ကူးသည့် ထက်ထက်မိုးဦးမိသားစု

■ မြင့်မြင့်စိုး
**ရန်ကုန်၊ ဧပြီ ၂၉**

ထိုင်းနိုင်ငံရှိ ကုမ္ပဏီတစ်ခု၏ ကမ်းလှမ်းမှုဖြင့် ထိုင်းကုန်ပစ္စည်းကြော်ငြာတစ်ခုကို အကယ်ဒမီ ထက်ထက်မိုးဦးတို့ မိသားစုသည် ထိုင်းဒါရိုက်တာဖြင့် ရိုက်ကူးခဲ့သည်။ ယင်းထိုင်းကုန်ပစ္စည်းကြော်ငြာကို အကြိမ်အပြီးတွင် သုံးရက်ကြာရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု အကယ်ဒမီထက်ထက်မိုးဦးက မဇ္ဈိမသို့ ပြောသည်။

"ကြော်ငြာရိုက်ဖို့အတွက် ထက်ထက်တို့မိသားစုကို ထိုင်းနိုင်ငံက တိုက်ရိုက်ကမ်းလှမ်းတာပါ။ ဒါပေမဲ့ ကြော်ငြာ ထုတ်လွှင့်ပြသမှုမပြုခင် ဘယ်သူကိုမှ ထုတ်ဖော်မပြောဖို့ စာချုပ်ထဲမှာ ပါပါတယ်။ နောက်ပြီး သူတို့ကုမ္ပဏီကအစ မပြောဖို့ဆိုတာပါပါတယ်။ ရိုက်တာက ထက်ထက်တို့ မိသားစုသုံးယောက်စလုံး ရိုက်တာပါ။ ဒါရိုက်တာကလည်း ထိုင်းနိုင်ငံက ဒါရိုက်တာပါပဲ" ဟု ၎င်းက ပြောသည်။ ယင်းကြော်ငြာရိုက်ကူးမှုသည် နှစ်ပတ်ကြာမြင့်ခဲ့သည်ဖြစ်ပြီး ထိုင်းနိုင်ငံသို့ ရောက်ရှိခိုက်တွင် ၎င်း၏လည်ပင်းအကြိတ်ကိုလည်း ထပ်မံပြီး ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ခဲ့ရာ ရာနှုန်းပြည့် ကောင်းမွန်လျက်ရှိပြီဟု ပြောသည်။




အကယ်ဒမီ ထက်ထက်မိုးဦး၊ ဇူးမြတ်ထက်နှင့် သမီးစစ်လွန်းဝတီထက်တို့ကို တွေ့ရစဉ်။

အကယ်ဒမီ ထက်ထက်မိုးဦးတို့ မိသားစုသည် ဧပြီလ ၂၉ ရက် မနက်ပိုင်းတွင် ထိုင်းလေကြောင်းလိုင်း ခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည် ရောက်ရှိလာကြခြင်းဖြစ်သည်။

ယင်းကြော်ငြာသည် သမီးဖြစ်သူ စစ်လွန်းဝတီထက်၏ သုံးနှစ်ပြည့်မွေးနေ့ အမှတ်တရကြော်ငြာဖြစ်သည်။ ယင်းအပြင် မိခင်ဖြစ်သူ ထက်ထက်မိုးဦးနှင့် သမီးဖြစ်သူ စစ်လွန်း ဝတီထက်တို့၏ နှစ်ဦးတွဲကြော်ငြာအပြင် စစ်လွန်းဝတီထက်တစ်ဦးတည်း ကြော်ငြာများကိုလည်း ရိုက်ကူးသွားမည်ဖြစ်သည်။ လက်ရှိတွင် ထက်ထက်မိုးဦးသည် သမီးဖြစ်သူကို ကိုယ်တိုင်ပြုစုစောင့်ရှောက်ချင်သည့်အတွက် ကလေးဘက်တွင် အချိန်ပြည့်ပေးထားပြီး ခင်ပွန်းဖြစ်သူ ဇူးမြတ်ထက်သည်လည်း စီးပွားရေးနှင့် အနုပညာနှစ်ခုကို မျှတအောင်ဆောင်ရွက်လျက်ရှိသည်ဟု ပြောသည်။

ခင်ပွန်းဖြစ်သူ ဇူးမြတ်ထက်သည် ဇမ္ဗူထိပ်ဗီဒီယိုထုတ်လုပ်ရေးနှင့် ဇာတ်ကား ၁၀ ကား စာချုပ်ချုပ်ထားပြီး ဇာတ်ကားလေးကားမြောက် ရိုက်ကူးခဲ့ပြီး ဖြစ်သည့်အပြင် ၎င်းသည် 'တဖက်သတ်'အယ်လ်ဘမ်ကို ထွက်ရှိထားသူဖြစ်သည်။

ထက်ထက်မိုးဦးသည် အချစ်လေး၊ ရွှေစင်ရွှေဆိုင်၊ ဂွတ်မောနင်းပေါင်မုန့်ကြော်ငြာများအပြင် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများစွာဖြင့် အောင်မြင်ခဲ့သူဖြစ်သည်။ ■



အလှမယ်မိုးစက်ဝိုင်သည် အလှမယ်ပြိုင်ပွဲ ဝင်ပြိုင်ပြီးနောက်ပိုင်းတွင် အနုပညာအလုပ်များ လုပ်ကိုင်ခွင့် ရရှိလာသည်။ ***(ဓာတ်ပုံ–လွင်မောင်မောင်)***

# အလှမယ်မိုးစက်ဝိုင် ဘန်ကောက်လေကြောင်း အစီအစဉ်များတွင် ပါဝင်

■ ပန်းမြတ်ဇော်
**ရန်ကုန်၊ ဧပြီ ၂၉**

ဘန်ကောက် လေကြောင်းလိုင်း၏ သံတမန်အဖြစ် ခန့်အပ်ခြင်းခံရသည့် အလှမယ်မိုးစက်ဝိုင်သည် ယင်းလေကြောင်းလိုင်း၏ဆောင်ရွက်မည့် ဝန်ဆောင်မှုများ၊ တီဗွီအစီအစဉ်များ၊ ရေဒီယိုကြော်ငြာများတွင် ကိုယ်တိုင်ပါဝင်ကာ တင်ဆက်ပြသမည်ဖြစ်သည်။ ယင်းအပြင် အိန္ဒိယနိုင်ငံရှိ မဲလ်တာပင်လယ်ကမ်းခြေတွင် ဘန်ကောက်လေကြောင်းလိုင်း၏ အရောင်းမြှင့်တင်မှုများနှင့် စုပေါင်းလှုပ်ရှားမှုများတွင် မိုးစက်ဝိုင်သည် ပါဝင်လှုပ်ရှားဆောင်ရွက်မည်ဟု ၎င်းကပြောသည်။

"ထူးခြားမှုလေးတွေနဲ့အတူ ဒီဘန်ကောက်လေကြောင်းလိုင်းက တင်ဆက်ချင်တဲ့ ရည်ရွယ်ချက်တွေ ရှိတာကြောင့် အဲဒီရည်ရွယ်ချက်လေးတွေ သဘောကျလို့ လက်ခံဖြစ်တာပါ"ဟု မိုးစက်ဝိုင်က ပြောသည်။

Miss Universe Myanmar 2013 မိုးစက်ဝိုင်ကို နိုင်ငံတကာ လေကြောင်းလိုင်းဖြစ်သည့် Bangkok Airways ၏ပထမဆုံး သံတမန်အဖြစ် ဧပြီလ ၂၈ ရက်တွင် စာနယ်ဇင်းများရှေ့တွင် အသိပေးခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ဘန်ကောက်လေကြောင်းလိုင်းသည် အလှမယ် မိုးစက်ဝိုင်ကို ကုန်ပစ္စည်းသံတမန်အဖြစ် တစ်နှစ်ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ဘန်ကောက်လေကြောင်းလိုင်း တီဗွီ ကြော်ငြာကို မြန်မာနိုင်ငံတွင် မေလအတွင်း၌ ရုပ်သံများတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

"ထိုင်းနိုင်ငံက ဒါရိုက်တာ၊ မိတ်ကပ်ဆရာ၊ ဆံပင်နဲ့ အဝတ်အစား ဒီဇိုင်နာတွေကအစ ကွာခြားတယ်။ သူတို့က ကြိုတင်ပြင်ဆင်မှု အားကောင်းတယ်။ ကြော်ငြာတစ်ခု မရိုက်ခင်မှာ မိုးစက်ဆံပင်က အစကြည့်တယ်။ ဆံပင်အရှည် ဘယ်လောက်ရှိလဲ။ အရောင် ဘယ်လိုရှိလဲ။ ပြီးခဲ့တဲ့နှစ်လ၊ သုံးလက ပုံမဟုတ်ဘဲ အခု အနီးကပ်ဆုံးပုံတွေ ပြန်ကြည့်တယ်။ အဲဒီလောက်ထိ စေ့စပ်ပြီးလုပ်ကြတယ်။ ဟိုရောက်တဲ့အခါကျ အဆင်သင့်ပဲ။ အချိန်မကုန်သလို ကိုယ့်ရဲ့စွမ်းအားလည်း မကုန်ဘူးပေါ့"ဟု မိုးစက်ဝိုင်က ၎င်း၏ ကြော်ငြာရိုက်ကူးမှုများကို ပြောသည်။

အလှမယ် မိုးစက်ဝိုင်သည် ကုန်ပစ္စည်းသံတမန်အဖြစ်လက်ခံသည့်အခါတွင် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးအလိုက်ကောင်းမွန်မှု၊ ရေရှည်အကျိုးသက်ရောက်မှုနှင့် သုံးစွဲသူများအတွက် အကျိုးရှိမှုများကိုကြည့်ပြီး ရွေးချယ်လက်ခံနေခြင်းဖြစ်သည်။ ■

## World Premieres Film Festival- Philippines 2014 တွင် မြန်မာဇာတ်ကားများပြသရန် ဖိတ်ခေါ်

■ ပန်းမြတ်ဇော်
**ရန်ကုန်၊ ဧပြီ ၂၉**

ဖိလစ်ပိုင်နိုင်ငံ ရုပ်ရှင်ဖွံ့ဖြိုး တိုးတက်ရေးကောင်စီမှ ကျင်းပပြုလုပ်မည်ဖြစ်သည့် World Premieres Film Festival-Philippines 2014 တွင် မြန်မာဇာတ်ကားများ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားသည်။

ယင်း World Premieres Film Festival-Philippines သည် ၂၀၁၄ ခုနှစ်တွင် ပထမဆုံးကျင်းပသည့် ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်လာခြင်း ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်၏ ကဏ္ဍသုံးခုတွင် မြန်မာရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသနိုင်ရန် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာနကို ဆက်သွယ် အကြောင်းကြားလာခြင်း ဖြစ်သည်။

ယင်းကဏ္ဍသုံးခုသည် World Premieres Film Festival-Full Feature Film, Cine Verde (Green Cinema) နှင့် ASEAN Skies (Parallel Section of the film Festival) တို့တွင် မြန်မာဇာတ်ကားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများသည် မေလ ၃ ရက်တွင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန (MMPO) သို့ ပေးပို့ရမည် ဖြစ်သည်။

World Premieres Film Festival-Philippines 2014 ကို ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၈ ရက်အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး Grand Festival Prize, Grand Jury Prize, Special Jury Prize, Best Performance by an Actor, Best Performance by an Actress, Best Artistic Contribution , Technical Grand Prize, Best Ensemble Performance နှင့် Cine Verde Award for best Environmental Feature အစရှိသည့် ဆုများကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ ■

# သရုပ်ဆောင် မြနှင်းရည်လွင် ၂၀၁၄ ခုနှစ်ကုန်တွင် မင်္ဂလာပွဲကျင်းပမည်

■ ကြည်ဆုသာ

**ရန်ကုန်၊ ဧပြီ ၂၉ ရက်**

မော်ဒယ်နှင့်သရုပ်ဆောင် မြနှင်းရည်လွင်နှင့် ကိုမျိုးသွင်တို့၏ မင်္ဂလာညည့်ခံပွဲကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတွင် လေးကြိမ်ခွဲကာ ကျင်းပြုလုပ်မည်ဖြစ်သည်ဟု မြနှင်းရည်လွင်က မဇ္ဈိမသို့ ပြောသည်။

"မြနှင်းနဲ့က သူငယ်ချင်းတွေပါ။ သူနဲ့ပတ်သက်ပြီး အမှတ်တရတွေ အများကြီး ရှိပါတယ်။ သူနဲ့ပတ်သက်တဲ့ အမှတ်တရကတော့ ၂၀၁၃ ခုနှစ်က ချစ်သူများနေ့ ဖေဖော်ဝါရီ ၁၄ ရက်၊ မတ်လ ၁၄ ရက်နဲ့ ဧပြီ ၁၄ ရက်တွေမှာ အိမ်ကိုပန်းစည်းပို့ပေးခဲ့တယ်။ ဒါပေမဲ့ ဘယ်သူပို့မှန်း မသိခဲ့ဘူး။ ဧပြီလ ၁၅ ရက်မှာ သူပို့ခဲ့ကြောင်း ဖွင့်ပြောပြီးတော့ မြနှင်းကိုချစ်ခွင့်ပန်ခဲ့တယ်"ဟု ၎င်းကပြောသည်။

၎င်းတို့၏ မင်္ဂလာပွဲများကို လက်မှတ်ရေးထိုးပွဲ ၊ မင်္ဂလာညည့်ခံပွဲ၊ မင်္ဂလာဆွမ်းကျွေးပွဲနှင့် ညစာစားပွဲများကို ရန်ကုန်ဆီဒိုးနားဟိုတယ်၊ မင်္ဂလာဦးဆွမ်းကျွေးပွဲကို မင်းဓမ္မလမ်း၊ ဝိတိုရိယဆေးရုံအနီးရှိ ဓမ္မမောလိသီလရှင်ကျောင်းတိုက်တွင် ဆွမ်းကပ်ကြမည်ဖြစ်သည်။ လက်မှတ်ရေးထိုးခြင်းနှင့် ညစာစားပွဲပြုလုပ်မည့်နေရာများကို ရွေးချယ်နေဆဲဖြစ်သည်။

မြနှင်းရည်လွင်၏ ခင်ပွန်းလောင်းဖြစ်သူ ကိုမျိုးသွင်သည် ကားလုပ်ငန်းနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး တက္ကသိုလ်ရိပ်သာလမ်းရှိ Green Auto Car Showroom ကို ဖွင့်လှစ်ထားသူဖြစ်သည်။ ရည်းစားသက်တမ်း တစ်နှစ်



ကိုမျိုးသွင်နှင့် မြနှင်းရည်လွင်။

ပြည့်တွင် လက်ထပ်ရန်ဆုံးဖြတ်ခဲ့ကြသည်။

၎င်းသည် ၂၀၁၀ ခုနှစ်တွင် စိုင်းစိုင်းခမ်းလှိုင်နှင့် အဲဗားဂေါ်လီ ဗီစီဒီတွင် ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့ပြီး ၂၀၁၁ ခုနှစ် Fashion Euphoria နှင့် Prespious Jewelly Billboard များကို ရိုက်ကူးခဲ့သည်။ Heat N Soul ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးသည့် 'ဒေဗင်ရဲ့နတ်သမီး' ရုပ်ရှင်ဇာတ်ကားကြီးတွင် စိုင်းစိုင်းခမ်းလှိုင်၊ မေဂရေ့စ်၊ ဝင့်ယမုံလှိုင်၊ မာရီနာ၊ ပိုင်ဖြိုးသုတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) ရိုက်ကူးထားသည့် ဇာတ်ကားတွင်လည်း စိုင်းစိုင်းခမ်းလှိုင်၊ ဖွေးဖွေးတို့နှင့်အတူ သရုပ်ဆောင်ထားသူဖြစ်သည်။ သရုပ်ဆောင် မြနှင်းရည်လွင်သည် ၂၀၁၃ ခုနှစ်၏ မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲတွင် ဗန်းကိုင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ ■



အကယ်ဒမီဗန်းကိုင်ပြီးနောက် ဇာတ်ကားရိုက်ကူးမှုများလာသည့် မြနှင်းရည်လွင်။

# ထိုင်းမင်းသမီး ဒါဝိကာနှင့် ရိုက်ကူးရန် မီဒီယာဆဲဗင်း မေလ ဒုတိယပတ်အတွင်း ထိုင်းနိုင်ငံသို့ သွားမည်

■ ပန်းမြတ်ဇော်

**ရန်ကုန်၊ ဧပြီ ၂၉**

မီဒီယာဆဲဗင်းမှ စီစဉ်ရိုက်ကူးမည့် အချင်းချင်း "Love One Another" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် ထိုင်းမင်းသမီးဒါဝိကာ(Davika)နှင့် ဇာတ်ကားရိုက်ကူးမှု ညှိနှိုင်းရန်အတွက် မီဒီယာဆဲဗင်းသည် မေလ ဒုတိယအပတ်တွင် ထိုင်းနိုင်ငံ၌ သွားရောက်ဆွေးနွေးကြမည်ဟု မီဒီယာဆဲဗင်းက တာဝန်ရှိသူ ကိုဝေမင်းမောင်က မဇ္ဈိမသို့ပြောသည်။



ထိုင်းမင်းသမီး ဒါဝိကာသည် ၂၀၁၃ နိုဝင်ဘာတွင် မြန်မာပရိသတ်များနှင့် တွေ့ဆုံခဲ့သည်။

"သူတို့နဲ့ အနုပညာကိစ္စတွေ ညှိနှိုင်းဆောင်ရွက်မှာပါ၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီးက ထိုင်းနိုင်ငံမှာ သုံးပတ်ကြာ ဇာတ်ညွှန်းရေးထားတာပါ၊ ၂၀၁၄ မှာ အပြီးရိုက်မှာပါ"ဟု ၎င်းက ပြောသည်။

မီဒီယာဆဲဗင်းသည် ထိုင်းမင်းသမီး ဒါဝိကာ၏ အနုပညာကြေး ညှိနှိုင်းမှုနှင့် ၎င်းပေးမည့် ရိုက်ကူးမည့်ရက်အပေါ်မူတည်၍ ရိုက်ကူးသွားမည်ဖြစ်သည်။ ယင်းဇာတ်ကားသည် မြန်မာနိုင်ငံ၏ ကျော်စာတစ်ချပ်၏ ကဗျာဆောင်ပုဒ်အစကို ယူပြီး အချင်းချင်းဆိုသည့် ဇာတ်ကား နာမည်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယင်းဇာတ်ကားသည် သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းဖြစ်ပြီး ထိုင်း-မြန်မာ ချစ်ကြည်ရေးကို အဓိကထားကာ ဒါရိုက်တာအဖြစ် လူမင်းမှ ရိုက်ကူးသွားမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မိုးစက်ဝိုင်သည် ပအိုဝ်းတိုင်းရင်းသူ၊ စိုင်းစိုင်းခမ်းလှိုင်သည် ရှမ်းလူမျိုးညည့်လမ်းညွှန်အဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး လူမင်းသည် ထိုင်းမင်းသမီး ဒါဝိကာ၏ မိခင်ဖြစ်သူနှင့် ချစ်ကြိုက်နေသူအဖြစ်ပါဝင်ကာ ဒါဝိကာနှင့် ထိုင်းအဆိုတော် မိုစ့်(Mos Patiparn Pataweekarn)တို့သည် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသူများ အဖြစ် ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

ယင်းဇာတ်ကား ရိုက်ကူးမှု၏ကင်မရာပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းများကို Kantana JK မှ အဓိက ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး ဇာတ်ဝင်ခန်းတချို့ကို ထိုင်းနိုင်ငံ၊ ဘန်ကောက်တွင် သွားရောက်ရိုက်ကူးသွားမည်ဖြစ်ကာ အင်းလေး၊ ပုဂံ၊ ရန်ကုန်မြို့များတွင် ရိုက်ကူးမည်ဖြစ်သည်။ ■




**MRTV-4**

| | |
|---|---|
| ၀၆း၀၀ | MRTV-4 သတင်း |
| ၀၆း၁၀ | Health Fix |
| ၀၆း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |



| | |
|---|---|
| | အချစ်ရှူး(အပိုင်း-၇၅) |
| ၀၇း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |
| ၀၈း၀၀ | MRTV-4 သတင်း |
| ၀၈း၁၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၀၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ သားတို့အိမ်ကလေး(အပိုင်း-၃၄) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |
| ၁၀း၁၅ | Let's Talk |
| ၁၁း၀၀ | Minute to Win It |

**CHANNEL-7**

| | |
|---|---|
| ၀၆း၀၀ | ငါးတန်းနှင့်ပြိုင် ဘယ်သူနိုင် |
| ၀၇း၀၀ | The Model Academy (Season-2) |
| ၀၇း၃၀ | The Guys View |
| ၀၈း၀၀ | Channel-7 ရုပ်သံဇာတ်လမ်းတွဲ ပန်းပျိုးတဲ့လက်ကလေး (အပိုင်း-၆၄) |
| ၀၉း၀၀ | အိပ်မက်ဆုံရာ |
| ၁၀း၀၀ | Channel-7 ရုပ်သံဇာတ်လမ်းတွဲ |



| | |
|---|---|
| | မျှော်လင့်သောမိသားစုလေး (အပိုင်း-၄၀) |
| ၁၁း၀၀ | Channel-7 ရုပ်သံဇာတ်လမ်းတွဲ ချစ်သူရဲ့အောင်သွယ်တော် (အပိုင်း-၂၈) |
| ၁၁း၄၅ | VJ's Music |
| ၁၂း၁၀ | Happy Birthday to You |

**MWD**

| | |
|---|---|
| ၀၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၀၆း၀၆ | အမျိုးသားရေး တေးကဗျာ |
| ၀၆း၂၅ | ကာတွန်းအစီအစဉ် ထူးခြားချစ်စရာ ဒန်ဗာ |
| ၀၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၀၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေး တေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရယ်စရာပျော်စရာ ဟာသကမ္ဘာ မြဝတီ၏ တေးလက်ဆောင် မြဝတီရုပ်မြင်သံကြားသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားတော် |

TV Gide **နှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ကူးယူဖော်ပြသည်။**

# ဂျက်စတင်ဘီဘာနှင့် တွေ့ဆုံရန် သွားရောက်ခဲ့သည့် ဆလီနာဂိုးမက်ဇ်

**လန်ဒန်၊ ဧပြီ ၂၈**



ယခင်က ချစ်သူစုံတွဲများဖြစ်ခဲ့ကြသည့် ဆလီနာဂိုးမက်ဇ်နှင့် ဂျက်စတင်ဘီဘာတို့သည် ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း အကြိမ်ပေါင်းများစွာ ချိန်းဆိုတွေ့ဆုံလျက် ရှိကြသည်ဟု မေးလ်အွန်လိုင်းတွင် ဖော်ပြထားသည်။

အသက် ၂၁ နှစ် ရှိပြီဖြစ်သည့် Wizards Of Wavely Place မင်းသမီး ဆလီနာဂိုးမက်ဇ်သည် ဧပြီလ ၂၅ ရက်ကလည်း ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနှင့် တွေ့ဆုံရန် ဟောလိဝုဒ်ရှိ စတူဒီယိုတေးသံသွင်းတစ်ခုသို့ သွားရောက်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

အညိုရင့်ရောင် ဆံကေသာ အလှပိုင်ရှင် ဆလီနာသည် ယင်းစတူဒီယိုသို့ သွားရောက်စဉ်တွင် အလွန်တိုလှသော နွေရာသီဝတ်စုံ ဂါဝန်တိုကိုဝတ်ဆင်ထားပြီး ၎င်း၏ သေးသွယ်လှပသည့် ခြေတံရှည်များကို ပေါ်လွင်အောင် ပြသထားသည်။

ဆလီနာ၏ နွေရာသီဝတ်စုံတွင် အဖြူရောင်အပေါ် ပန်းသွေးရောင် ပွင့်ဖတ်လေးများ ခပ်ကျဲကျဲပါရှိပြီး ယင်းဒီဇိုင်းက ၎င်း၏အလှကို ပိုမိုပေါ်လွင်ထင်ရှားစေသည်။ ၎င်း၏ဂါဝန်သည် ကျောဘက်တွင် ဟင်းလင်းဖွင့်ထားပြီး အပေါ်မှ ကရင်မ်အရောင် သိုးမွေးအပေါ်ထပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

The Come And Get it တေးသီချင်း အဆိုရှင် ဆလီနာ၏ ဟောလိဝုဒ် စတူဒီယိုသို့သွားရောက်သည့် ခြေလှမ်းများမှာ သွက်လက်တက်ကြွနေပြီး ပရိသတ်များကမူ ၎င်းနှင့် ဂျက်စတင်ဘီဘာ၏ ဆက်ဆံရေးကို စိတ်ဝင်တစားစောင့်ကြည့်လျက် ရှိကြသည်ဟု သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။ ■

> အညိုရင့်ရောင် ဆံကေသာ အလှပိုင်ရှင် ဆလီနာသည် ယင်းစတူဒီယိုသို့ သွားရောက်စဉ်တွင် အလွန်တိုလှသော နွေရာသီဝတ်စုံ ဂါဝန်တိုကို ဝတ်ဆင်ထားပြီး …

**မဖြူမ နိုင်ဖူး
စုစည်းရေးသားသည်။**

# ဆံပင်ဒီဇိုင်း ပြောင်းလိုက်သည့် အဆိုတော် ဟယ်ရီစတိုင်

**နယူးယော့ခ်၊ ဧပြီ ၂၉**

One Direction လူငယ်အဆိုတော် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သလို သရုပ်ဆောင်တစ်ဦးလည်းဖြစ်သည့် ဟယ်ရီစတိုင်သည် ၎င်း၏ လူသိများကျော်ကြားလှသော ဆံပင်ပုံစံဒီဇိုင်းကို ပြောင်းလဲလိုက်ပြီဖြစ်သည်။

ဟယ်ရီစတိုင်သည် နဖူးနှင့်မျက်နှာတစ်ဝိုက်တွင် ဝဲကျနေလေ့ရှိသည့် ဆံပင်များအား မျက်နှာပေါ်မှ ဖယ်ရှားရှင်းလင်းထားကာ နဖူးပေါ်လှန်တင်၍ အပြောင်သိမ်းထားသည့် ဒီဇိုင်းမျိုးဖြင့် တမူထူးခြားနေသည်။

One Direction အဖွဲ့၏ Where We Are ကမ္ဘာလှည့် ဖျော်ဖြေပွဲအတွက် တောင်အမေရိကသို့ သွားရောက်သည့် ခရီးစဉ်တွင်မူ ဟယ်ရီသည် ယင်းဆံပင်ပုံစံနှင့် နေသားကျရန် ကြိုးစားနေရဟန် ရှိလေသည်။



ပျိုမေများ စိတ်ဝင်စားခြင်းကို ခံရသည့် လူငယ်အဆိုတော် ဟယ်ရီ။

ဟယ်ရီ၏ဆံပင်ဒီဇိုင်း ပြောင်းလဲထားသည့် ပုံများကို ၎င်း၏ ဆံပင် အလှဖန်တီးရှင် လုတီးခ်ဒဲလ်က ၎င်း၏ Instagram ပေါ်တွင် တင်ထားသည်။

ယင်း ပုံအတွင်း၌ ဟယ်ရီသည် မီးခိုးရောင် တီရှပ်ကို ဝတ်ဆင်ထားပြီး ၎င်း၏ လက်တွင် ထိုးထားသည့် တက်တူးများကို ပေါ်လွင်အောင် ပြသထားသည်။

ဟယ်ရီ၏ ယခု ပြောင်းထားသည့် ဆံပင်ပုံစံသည် ယခင်က ဆံပင်ပုံနှင့် လုံးဝ ဆန့်ကျင်ဘက်ဖြစ်၍ အမြင်တစ်မျိုး ဆန်းနေသည်။

ပေါ့ပ် လူငယ်အဆိုအဖွဲ့တစ်ဖွဲ့ ဖြစ်သည့် One Direction အဖွဲ့သည် ဧပြီလ ၂၅ရက်က ကိုလံဘီယာရှိ အလွန်ကြီးမားသည့် အားကစားရုံကြီးအတွင်း ဖျော်ဖြေပွဲကို စတင်ပြုလုပ်ခဲ့ကြပြီး ယင်းပွဲ၌ ၎င်းတို့၏ လုံခြုံရေးအတွက် အိုဘားမား၏ လုံခြုံရေးတပ်ဖွဲ့ထက်ပင် ပိုမိုကြီးမားသည့် လက်နက်ကိုင်စစ်တပ်ကို အစောင့် ချထားခဲ့ရသည်ဟု မေးလ်အွန်လိုင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းတို့ အဖွဲ့သည် တေးအယ်လ်ဘမ်သစ်ဖြစ်သည့် Midnight Memories တေးအယ်လ်ဘမ်မှ တေးသီချင်းများကို ဖျော်ဖြေခဲ့သည့် ယင်းဖျော်ဖြေပွဲသို့ ခန့်မှန်းခြေအားဖြင့် ပရိသတ်ပေါင်း ၄၀,၀၀၀ ခန့် တက်ရောက် အားပေးခဲ့ကြသည်။

ယင်းရှိုးပွဲ အပြီးတွင် ၎င်းတို့အဖွဲ့သည် နောက်ထပ် ဖျော်ဖြေပွဲ တစ်ခုအတွက် ပီရူးသို့ ချက်ချင်းပင် ထွက်ခွာခဲ့ကြသည်။ ■

# Girls' Generation ၏ Europa တေးသီချင်းကို ယူရိုပါလိဂ် ဘောလုံးပွဲ နောက်ခံတေးသွားအဖြစ် အသုံးပြု

**ဆိုးလ်၊ ဧပြီ ၂၈**

Girl's Generation အဖွဲ့၏ တေးသီချင်းတစ်ပုဒ်ကို ဘောလုံးပွဲ တစ်ပွဲအတွက် အသုံးပြုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ၎င်းတို့ အဖွဲ့သည် ကမ္ဘာ့အဆင့်မီ အရည်အချင်းမျိုးရှိသည်ကို ထပ်မံ သက်သေပြနိုင်ခဲ့သည်။

ဧပြီ ၂၆ ရက်က ကျင်းပသည့် စပါးနှင့် စတုတ်စီးတီးအသင်းတို့၏ ယူရိုပါလိဂ်ပွဲစဉ်ကို SBS ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ ယင်းဘောလုံးပွဲအပြီးတွင် Girl's Generation အဖွဲ့၏ Europa တေးသီချင်းကို နောက်ခံတေးသွားအဖြစ် ထည့်သွင်းထားခြင်းဖြစ်သည်။

SBS ရုပ်သံလိုင်းမှ ထုတ်လွှင့်မှု အစီအစဉ်ပြီးပြီးချင်းပင် Girl's Generation Europa ဟူသည့် စာတန်းကို ဝက်ဘ်ဆိုဒ်အမျိုးမျိုးတွင် အသားပေးဖော်ပြထားသည်ကို တွေ့မြင်ခဲ့ရပြီး ယင်းစာတန်းသည် အင်တာနက်သုံးစွဲသူများ၏ အာရုံများစွာကို ဖမ်းစားနိုင်ခဲ့သည်။

Europa တေးသီချင်းသည် Girls Generation အဖွဲ့၏ Mr.Mr မီနီအယ်လ်ဘမ်ထဲမှ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ၎င်းတေးအယ်လ်ဘမ်ကို ဖေဖော်ဝါရီလ ၂၄ ရက်က ထုတ်ဝေဖြန့်ချိထားပြီး ဖြစ်ကြောင်း Kpop News အေဂျင်စီက ကြေညာထားခြင်းဖြစ်သည်။ ■






*Girl's Generation ၏ Europa သီချင်း အင်တာနက်သုံးစွဲသူများကို ဖမ်းစားနိုင်ခဲ့သည်။*

မြန်မာနှစ်သစ်ကူး မင်္ဂလာအချိန်အခါသမယ မှာ ဆုမွန်ကောင်း တောင်းလိုသူများအတွက်

Mizzima Daily နှင့် Mizzima Business Weekly တွင်

တပြိုင်တည်း ကြော်ငြာထည့်သွင်းနိုင်မည့် အထူးအခွင့်အရေး

Special Package

# Full Page ~~$ 1115~~ Only $ 400

# Half Page ~~$ 553~~ Only $ 220



( ဧပြီ ၁ ရက်နေ့ မှ ဧပြီ ၃၀ ရက် ထိသာ )

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ပြည့်ဖြိုးအောင်<br>၀၉ ၄၂၀၀၃၄၆၁ | မျိုးသီတာ<br>၀၉ ၇၃၀၈၆၈၆၄ | အိခိုင်ဇာ<br>၀၉ ၃၁၀၅၁၆၇၃ | ဟန်သီအောင်<br>၀၉ ၄၂၅၃၁၁၇၁ | ဇင်မျိုးအေး<br>၀၉ ၂၅၄၂၆၃၁၂၄ | ရန်ကုန် ရုံးဖုန်း<br>၀၉ ၄၂၀၁၀၁၁၁ |
| မန္တလေး | သက်ဝါဝါဆွေ<br>၀၉ ၄၀၂၅၅၀၅၄၀ | မန္တလေး ရုံးဖုန်း<br>၀၂ ၃၆၈၃၅ | | | | |

email : adsales@mizzima.com

# အိန္ဒိယနည်းပညာတက္ကသိုလ်က မြန်မာနည်းပညာ ကျောင်းသား၊ ကျောင်းသူ ၃၀ ကျော်ကို ပညာသင်ခေါ်

■ ဝ, ချိုကို
**ရန်ကုန်၊ ဧပြီ ၂၉**

အိန္ဒိယနည်းပညာတက္ကသိုလ် Bengalore India Institute of technology က မြန်မာနည်းပညာတက္ကသိုလ် ကျောင်းသူ ကျောင်းသား ၃၀ ကျော်ကို ပညာသင်အဖြစ် ခေါ်ယူထားကြောင်း သတင်းအချက်အလက်နှင့် နည်းပညာဘာသာရပ်များ သင်ကြားနိုင်ရန်အတွက် ပညာသင်ခေါ်ယူထားကြောင်း သိပ္ပံနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာစိုးက မဇ္ဈိမကို ပြောသည်။

"ပညာသင်စေလွှတ်မယ့် ကျောင်းသားတွေက အိန္ဒိယ တက္ကသိုလ်ဘက်ကနေပြီး အွန်လိုင်းကတစ်ဆင့် စာမေးပွဲဖြေဆိုခိုင်းပြီး စိစစ်ရွေးချယ်ခဲ့ပြီးပါပြီ။ စိစစ်ရွေးချယ်တာကိုလည်း ရန်ကုန်နည်းပညာတက္ကသိုလ်နဲ့ မန္တလေးနည်းပညာတက္ကသိုလ်နှစ်ခုမှာ ပြုလုပ်ခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ပညာသင်စေလွှတ်ခံရမည့် ပညာတော်သင် ကျောင်းသားများမှာ ဘွဲ့ရကျောင်းသားအများစုဖြစ်ပြီး မေလပထမပတ်အတွင်း အိန္ဒိယနည်းပညာတက္ကသိုလ်သို့ သွားရောက်ရမည်ဖြစ်သည်။ ပညာသင်ကာလမှာ ကိုးလခန့်အထိ ကြာမြင့်မည်ဖြစ်သည်။

ရန်ကုန်နည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဌာနမှ ဒေါက်တာညက်မြင့်ကျော်က "အိန္ဒိယနဲ့က ကျောင်းဖွင့်ရေးအတွက် လိုအပ်မယ့် ဆရာ၊ ဆရာမတွေအတွက်လည်း ပညာသင်ခေါ်ယူတာမျိုးရှိတယ်။ သူတို့ကျောင်းတွေမှာ သီးသန့်ပညာတော်သင် ခေါ်ယူတာတွေလည်း ရှိတယ်။ အခုခေါ်ယူတာတော့ နှစ်ခုလုံးအတွက် အထောက်အပံ့ပေးဖို့အတွက်ပါ"ဟု ပြောဆိုသည်။

အိန္ဒိယနည်းပညာတက္ကသိုလ်မှ ပညာတော်သင်ခေါ်ယူသည့် အယောက် ၃၀တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်း ငါးဦးနှင့် နည်းပညာတက္ကသိုလ်ဘွဲ့ရ ကျောင်းသူ၊ ကျောင်းသား ၂၅ဦး ရွေးချယ်ခံထားကြောင်း သိရသည်။

ထို့ပြင် မန္တလေးမြို့ ရတနာပုံတွင် ဖွင့်လှစ်မည့် Myanmar Institute of Information Technology (MICC) ကျောင်းကိုလည်း အိန္ဒိယနည်းပညာတက္ကသိုလ်များဖြင့် ပူးပေါင်းဖွင့်လှစ်သွားရန် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း ဦးကျော်စွာစိုးထံမှ သိရသည်။



*အိန္ဒိယနည်းပညာတက္ကသိုလ် Bengalore India Institute of technology ကို တွေ့ရစဉ်။*

မန္တလေးတွင် ဖွင့်လှစ်မည့် Myanmar Institute and information Technology ကျောင်းကိုလည်း ဆောက်လုပ်ရန် မြေနေရာရရှိထားပြီး ဆောက်လုပ်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ တက္ကသိုလ်မှာ မြန်မာနှင့် အိန္ဒိယ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာအစိုးရက ကျောင်းဆောက်လုပ်ရမည် ဖြစ်ပြီး အိန္ဒိယအစိုးရဘက်မှ သင်ကြားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ထောက်ကူ ပစ္စည်းများကို ထောက်ပံ့ပေးမည် ဖြစ်သည်။ ယင်းတက္ကသိုလ် ပထမငါးနှစ်အတွင်းတွင် အိန္ဒိယမှ ဆရာများက ဦးစားပေး သင်ကြားပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် ပြည်တွင်းက ဆရာ၊ ဆရာမများ ဦးစားပေး အစီအစဉ်ဖြင့် သင်ကြားပေးသွားမည် ဖြစ်သည်ဟု ဆိုသည်။ ■

## Nokia အမှတ်တံဆိပ်ကို စမတ်ဖုန်းလောကတွင် မြင်တွေ့ရတော့မည်မဟုတ်ဟု Micorsoft က ပြော

■ CNET
**ကယ်လီဖိုးနီးယား၊ ဧပြီ ၂၉**

ယခင် Nokia ၏ CEO ဖြစ်သူ Stephen Elop ယခု Microsoft ကုမ္ပဏီအဖွဲ့ခေါင်းဆောင်က စမတ်ဖုန်းများ၏ အနာဂတ်အကြောင်း ၎င်း၏ အမြင်ကို ပြောကြားရာတွင် Nokia အမှတ်တံဆိပ်မှာ ပျောက်ကွယ်သွားနိုင်သည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ဧပြီ ၂၈ ရက်က စတင်ပြီး Microsoft ၌ တာဝန်ထမ်းဆောင်ခဲ့သူ Elop က "ထွက်ရှိလာမယ့် စမတ်ဖုန်းဈေးကွက်တွေမှာ Nokia အမှတ်တံဆိပ် ပါဝင်ဖို့မလိမ့်မမြင်ဘူး" ဟု Elop နှင့် အမေးအဖြေပြုသော အစီအစဉ်တွင် ပြောကြားခဲ့သည်။

Elop ၏ တာဝန်ထမ်းဆောင်မှုမှာ Microsoft မှ Nokia အား ၇ ဒသမ ၂ ဘီလီယံဖြင့် ဝယ်ယူမှု အပြီးသတ်ခဲ့သည့်နောက် စတင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် Nokia ကုမ္ပဏီလုပ်ငန်းစုအား Microsoft Mobile ဟု အမည်ပြောင်းလဲထားပြီး အဆိုပါလုပ်ငန်းခွဲတွင် Elop က ခေါင်းဆောင်အဖြစ် တာဝန်ယူနေခြင်းဖြစ်သည်။

Elop နှင့် အမေးအဖြေကဏ္ဍတွင် Elop မှ ကုမ္ပဏီ၏ ကုမ္ပဏီအမှတ်တံဆိပ်အသစ်ဖြင့် ရှေ့ဆက်မည့် လုပ်ငန်းစဉ် အသေးစိတ်ကို ပြောကြားရန်ငြင်းဆန်ခဲ့သည်။ ထို့နောက် Elop မှာ လက်ရှိအချိန်တွင် Microsoft မှ Nokia အား ဈေးကွက်အတွင်း အလဲထိုးနိုင်ရန်စေလွှတ်ခဲ့သည့် သူလျှိုဟု ဝေဖန်မှုများ ရှိနေခြင်းနှင့်ပတ်သက်၍ ၎င်းက "ကျွန်တော့်အနေနဲ့ Nokia မှာ ရှိစဉ်က သူတို့ရဲ့ အကျိုးစီးပွားကိုပဲ ရှေ့ရှုပြီး အလုပ်လုပ်ခဲ့ပါတယ်"ဟု ပြန်လည်တုံ့ပြန် ဖြေကြားထားသည်။



*Nokia ၏ CEO ဖြစ်သူ Stephen Elop က Nokia ဖုန်းများများ၏ အနာဂတ်နှင့်ပတ်သက်ပြီး ပြောကြားနေစဉ်။*

Elop မှ ထိုကဲ့သို့ Nokia အမှတ်တံဆိပ် ပျောက်ကွယ်သွားနိုင်သည်ဟု မှတ်ချက်ချခဲ့သော်လည်း Microsoft အနေဖြင့် Nokia ၏ အခြေခံလုပ်ငန်းများဖြစ်သည့် မြေပုံဝန်ဆောင်မှုလုပ်ငန်းနှင့် အဆင့်မြင့်နည်းပညာအဖွဲ့တို့ကို ဝယ်ယူခဲ့ခြင်း မရှိသဖြင့် Nokia အမှတ်တံဆိပ်မှာ မိုဘိုင်းလ်ဈေးကွက်ထဲ ဆက်လက်ထင်ကျန်နေမည်ဖြစ်သည်။

## အိုင်တီလူငယ်များအတွက် အလုပ်အကိုင် ရရှိနိုင်ရန် မြန်မာကွန်ပျူတာအသင်းချုပ်နှင့် ကိုရီးယား ပူးပေါင်းပြီး ထောက်ပံ့မည်

■ မောင်မန်း
**ရန်ကုန်၊ ဧပြီ ၂၉**

ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏အထောက်အပံ့ဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကိုရီးယားလေကြောင်းအာကာသတက္ကသိုလ်တို့ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်းရှိ အိုင်တီပညာရှင်လူငယ်များအတွက် အလုပ်အကိုင်ရရှိနိုင်စေရန် ဒုတိယအကြိမ် Internship အစီအစဉ် ပြုလုပ်သွားမည်ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးက မဇ္ဈိမကို ပြောသည်။

ဦးဇော်မင်းဦးက" Internship Program ကို အိုင်တီပညာရှင်လူငယ်တွေ အလုပ်အကိုင်ရရှိစေဖို့အတွက် ကုမ္ပဏီတွေဘက်ကို လစာပေးပြီး ထောက်ပံ့ပေးတာပါ။ ခြောက်လစာအထိ ထောက်ပံ့ပေးပါတယ်။ ဒုတိယအကြိမ် အစီအစဉ်ကို ဇွန်လထဲမှာ ပြုလုပ်သွားမှာပါ"ဟု ဆိုသည်။

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် Internship Program တွင် ရန်ကုန်နှင့် မန္တလေးမြို့များတွင် အလုပ်သင်ဝန်ထမ်း ၁၂ ဦးကို သုံးလစာ လုပ်ခလစာ ထောက်ပံ့ပေးခဲ့ပြီး ယခုအစီအစဉ်တွင် ခြောက်လစာအထိ ထောက်ပံ့ပေးသွားမည်ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက မဇ္ဈိမကို ပြောသည်။

၎င်းက "၂၀၁၃မှာလုပ်ခဲ့တဲ့ အလုပ်သင်ဝန်ထမ်းတွေကို သုံးလစာ လစာထောက်ပံ့ပေးခဲ့ပါတယ်။ ဒီနှစ်လုပ်တဲ့အစီအစဉ်မှာတော့ ခြောက်လစာအထိ ထောက်ပံ့ပေးသွားမှာပါ။ နည်းပညာနယ်ပယ်ထဲက လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်ဖို့အတွက် ရည်ရွယ်ပါတယ်" ဟုဆိုသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အနေဖြင့် ကိုရီးယားနိုင်ငံ လေကြောင်းအာကာသ တက္ကသိုလ်နှင့် ပူးပေါင်းပြီး ၂၀၁၂ ခုနှစ်မှစတင်ကာ Korea IT Center များ ဖွင့်လှစ်ပြီး နည်းပညာနှင့်ပတ်သက်သည့် သင်တန်းများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများကို တိုးချဲ့ဖွင့်လှစ်သွားရန် အစီအစဉ်ရှိသည်ဟု မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

Internship Program ကို Software နှင့်ပတ်သက်ပြီး စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်မည်ဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး၊ ဖုန်းနံပါတ် - ဝ၁ ၆၅၂၂၀၇ သို့ ဆက်သွယ် လျှောက်ထားနိုင်မည်ဖြစ်သည်။ ■

# တရားလိုအမည်ဖော်ပြမိသည့် ကားတိုက်မှုသတင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ပြန်လည်တောင်းပန်

■ ဇော်ဇော်ထွေး

**ရန်ကုန်၊ ဧပြီ ၂၉**

စမ်းချောင်းမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် အမျိုးသမီးတစ်ဦး ကားဖြင့် လိုက်လံတိုက်ခံရမှုသတင်းတွင် တရားလိုအမည် ထည့်သွင်းဖော်ပြမိပြီး နစ်နာမှုများရှိခဲ့ရသည့်အပေါ် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ဧပြီ ၂၈ တွင် ၎င်း၏ အင်တာနက် လူမှုစာမျက်နှာမှ တစ်ဆင့် ပြန်လည်တောင်းပန်လိုက်သည်။

စမ်းချောင်းမြို့မရဲစခန်း (ပ)၁၈၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၇ ဖြင့် အမှုဖွင့်တိုင်တန်းထားသည့်သတင်းကို "ရန်ငြိုးရှိသူက သေစေရန်ရည်ရွယ်ပြီး ကားဖြင့်တိုက်ခဲ့၍ အရေးယူပေးရန်တိုင်တန်း"ဟူသည့် ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ယင်း၏ လူမှုကွန်ရက် အင်တာနက်စာမျက်နှာတွင် သတင်းဖော်ပြခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ စာဖတ်ပရိသတ်များက ထင်မြင်ချက်မှတ်ချက်များ ရေးသားခဲ့သည့်အပေါ်တွင်လည်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့က တရားလိုအမျိုးသမီးသည် မိကောင်းဖခင်သားသမီးတစ်ဦး ဖြစ်ပါကြောင်းနှင့် သတင်းဖတ်ရှုသူ ပြည်သူများအနေဖြင့်လည်း တစ်ဖက်သားဂုဏ်သိက္ခာ ထိခိုက်စေသည့် စာ၊ စကားတို့ကို သုံးနှုန်းခြင်းမပြုရန် ယင်းစာမျက်နှာမှတစ်ဆင့် မေတ္တာရပ်ခံထားသည်။

ထို့ပြင် အဆိုပါသတင်းတွင် တရားလို၏ နာမည်ဖော်ပြမိပြီး ၎င်းအမျိုးသမီး၏ ဂုဏ်သိက္ခာကို ထိခိုက်သကဲ့သို့ ဖြစ်စေခဲ့သည့်အတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ပြန်လည်တောင်းပန်ကြောင်း ဖော်ပြထားသည်။

အဆိုပါ သတင်းမှာ ဧပြီ ၂၆ ရက်၊ ည ၁၁နာရီခွဲအချိန်က စမ်းချောင်းမြို့နယ် ကျောင်းလမ်းအတွင်းတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မြေနီကုန်းမြောက်ရပ်ကွက်နေ အသက် (၂၁)နှစ်အရွယ် အမျိုးသမီးသည် နေအိမ်သို့ အလည်လာသည့် အမျိုးသားသူငယ်ချင်းအား ကျောင်းလမ်းထိပ်သို့ လမ်းလျှောက်၍ လိုက်ပါပို့ဆောင်စဉ် ရန်ငြိုးရှိသူတစ်ဦးက အဖြူရောင် မတ်တူးကားဖြင့် နောက်မှ ဝင်တိုက်ခဲ့သည်ဟု တိုင်းတန်းထားသည့် အမှုဖြစ်သည်။

ယာဉ်ဖြင့် တိုက်မှုကို ရှောင်တိမ်းပြီးနောက် ရှေ့သို့ကျော်သွားသည့် မော်တော်ယာဉ်က နောက်ပြန်ဆုတ်၍ ထပ်မံတိုက်ခဲ့သည်ဟုလည်း ရဲထံ တိုင်တန်းခဲ့သည့် အမှုဖြစ်သည်။ ■

# အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ပြီး လူသတ် အလောင်းဖျောက်

■ ဇော်ဇော်ထွေး

**ရန်ကုန်၊ ဧပြီ ၂၉**

တစ်ရွာတည်းသာချင်း အရက်အတူသောက်ရာမှ စကားများရန်ဖြစ်၍ လူသတ်အလောင်းဖျောက်မှုတစ်ခု တောင်တွင်းကြီးမြို့နယ်ရှိ ကျေးရွာတစ်ခုတွင် ဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီဟု ဧပြီ ၂၈ တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ယင်း၏ ဖေ့ဘုတ်စာမျက်နှာမှတစ်ဆင့် သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ အမှုကို တောင်တွင်းကြီးမြို့နယ် ဝက်ကသေးရွာနေ ဒေါ်သေးသေး(ခ) မခါမီ (၅၈)နှစ်က အမှုဖွင့်တိုင်တန်းခြင်းဖြစ်သည်။

ဧပြီ ၂၆ ရက် ညနေ ၆ နာရီခွဲအချိန် အပြင်သွားရာမှ ပြန်ရောက်စဉ်တွင် ခင်ပွန်းဖြစ်သူ ဦးအောင်မြင့် (၅၇)နှစ်မှာ မတွေ့ရှိသဖြင့် တဲနီးချင်း ဦးမြင့်ဌေး၊ ဦးအောင်မင်းတို့အား အကူအညီတောင်းခံပြီး လိုက်လံရှာဖွေခဲ့သည်ဟု တရားလိုက ရဲထံထွက်ဆိုထားသည်။

ထိုအခါ တဲအနောက် ၅၃ပေခန့်အကွာ၊ အနက် လေးပေခွဲရှိ အိမ်သာကျင်းအသစ်ထဲတွင် ခင်ပွန်းဖြစ်သူ ဦးအောင်မြင့်မှာ ဇောက်ထိုးအနေအထားဖြင့် ပြုတ်ကျနေပြီး သဲနှင့် အင်ဖက်များ ဖုံးအုပ်လျက် ခြေ နှစ်ချောင်း အပြင်ပေါ်နေသည်ဟုလည်း ရဲစစ်ချက်တွင် ဖော်ပြထားသည်။

ဆယ်ယူကြည့်ရှုရာတွင်လည်း ဦးအောင်မြင့်မှာ ယာနဖူးကွဲ၊ ယာမျက်လုံး/မျက်ခုံးပေါက်ပြဲ၊ ဦးခေါင်းနောက်စေ့ ကြေမွဒဏ်ရာများဖြင့် သေဆုံးနေခြင်း ဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် ခင်ပွန်းအား သတ်သူကို စုံစမ်းဖော်ထုတ်ပေးရန် ဧပြီ ၂၇ ရက် နံနက် ၅ နာရီခွဲတွင် တိုင်တန်းသဖြင့် ကိုးပင်နယ်မြေရဲစခန်းက (ပ)၁၉/၂၀၁၄၊ လူသတ်မှုပုဒ်မ ၃၀၂/၂၀၁ ဖြင့် အမှုဖွင့် စုံစမ်းခဲ့သည်။

ထို့နောက် ဧပြီ ၂၆ရက် နံနက် ၈နာရီ ၄၅ မိနစ်က သေဆုံးသူ ဦးအောင်မြင့်နှင့် တဲနီးချင်းနေ အောင်မင်း(ခ) အောင်ဇော်မင်း (၂၈)နှစ်တို့သည် အရက်အတူသောက်ရင်း စကားများရန်ဖြစ်ခဲ့သည်ဟု ဖော်ထုတ်သိရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ဆိုသည်။

ရန်ဖြစ်စဉ်တွင် အောင်ဇော်မင်းက အရှည် နှစ်တောင်ခန့်ရှိ ဝါးတုတ်နှင့် ဦးခေါင်းအား ရိုက်သဖြင့် ဦးအောင်မြင့်မှာ လဲကျသွားစဉ် ကျောက်ခဲဖြင့် ထုသတ်ပြီး အလောင်းဖျောက်ခဲ့ခြင်းဖြစ်သည်ကို ဖော်ထုတ်နိုင်ခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် အောင်မင်း(ခ)အောင်ဇော်မင်းကို ဧပြီ ၂၇ ရက်ညနေ ၃ နာရီတွင် ဖမ်းဆီးလိုက်ပြီး လူသတ်မှုဖြင့် တရားစွဲတင်ရန် ဆက်လက်ဆောင်ရွက်နေသည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အာဘထ
တိုင်းရင်းဆေးဝါး
ထုတ်လုပ်ရေး
ဖြန့်ချိရေး - အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၄၃၅၆၃၊ ၀၉ ၇၃၂၄၂၀၂၇၊ ၆၄၇၄၂၅၊ ၆၄၂၀၄၇

မဇ္ဈိမ နေ့စဉ်သတင်းစာတွင်
ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း - ၀၉ ၄၂၀၁၀၁၀၀၊
ဖုန်း - ၀၉ ၄၂၀၁၀၁၀၁၊
ဖုန်း - ၀၉ ၄၂၀၁၀၁၁၁




# လူငယ်သုံးဦးကို ကားဖြင့် ဝင်တိုက်ကာ ထွက်ပြေး၊ တစ်ဦးသေဆုံး

■ ဇော်ဇော်ထွေး

**ရန်ကုန်၊ ဧပြီ ၂၉**

စားပွဲထိုး ကလေးငယ်တစ်ဦးပါ စားသောက်ဆိုင်ဝန်ထမ်း သုံးဦးကို လမ်းလျှောက်နေစဉ်အတွင်း မော်တော်ကားတစ်စီးက ဝင်တိုက်မိ၍ မောင်းနှင်ထွက်ပြေးသွားပြီး တစ်ဦး သေဆုံးခဲ့မှုတစ်ခု ဧပြီ ၂၈ ရက် ည ၁၁နာရီခွဲက ဗဟန်းမြို့တွင် ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုမှာ ဆရာစံလမ်းအတိုင်း ပုလဲကွန်ဒိုဘက်မှ ပြည်ထဲရေးမီးပွိုင့်ဘက်သို့ မောင်းနှင်လာသည့် တောင်းအေ့ယာဉ် တစ်စီးက ယာဘက်လမ်းစပ်တွင် လမ်းလျှောက်သွားနေသည့် ရွှေထိုင်းစားသောက်ဆိုင်မှ ဝန်ထမ်း သုံးဦးကို ဝင်တိုက်မိခဲ့ခြင်း ဖြစ်သည်။

ထို့နောက် မော်တော်ယာဉ်မှာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားပြီး ယာဉ်တိုက်ခံရသည့် စားပွဲထိုး အောင်ကိုထက် (၁၄)နှစ်မှာ နဖူး ဖူးရောင် ပေါက်ပြဲ၊ နှာတံပေါက်ပြဲ၊ အပေါ်နှုတ်ခမ်းပေါက် ဒဏ်ရာရရှိပြီး စားဖိုမှူးဖြစ်သူ ကိုနေလင်းထွန်း (၁၇)နှစ်မှာလည်း နဖူး ဖူးရောင်ဒဏ်ရာ၊ ဝဲပါးပွန်း၊ ဝဲလက်ခုံပွန်းပဲ့ဒဏ်ရာ ရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးတွင် စိုးရိမ်ရသည့် လူနာများအဖြစ်ကုသနေရသည်ဟု ရဲက သတင်းထုတ်ပြန်ထားသည်။

စားပွဲထိုးဖြစ်သူ မျိုးလှိုင်ဝင်း (၁၇) နှစ်မှာ နောက်စေ့ပွန်း၊ ခါးပွန်း၊ ဝဲမျက်ခုံးစုတ်ပြဲ၊ ယာခြေကျင်းဝတ်ဖူးရောင် ဒဏ်ရာများရရှိပြီး ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သည်။

ထို့ကြောင့် ကားဖြင့် ဝင်တိုက်မိခဲ့သည့် မော်တော်ယာဉ်မောင်းကို အရေးယူပေးရန် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် မျိုးဆွေဦးက တရားလိုပြုလုပ် တိုင်တန်းထားသည်။

ယင်းတိုင်တန်းမှုကို ဗဟန်းရဲစခန်းက ယာဉ် (ပ)၄၇/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး ပြစ်မှုပုဒ်မ ၃၀၄ က/၃၃၈/၂၀၂ ဖြင့် အရေးယူရန် စုံစမ်းရှာဖွေနေသည်ဟု ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။ ■

# လယ်ကွင်းအတွင်း အမျိုးသားတစ်ဦး သေဆုံးမှု လူသတ်မှုဖြင့် အမှုဖွင့် စုံစမ်းဖော်ထုတ်နေ

■ ဇော်ဇော်ထွေး

**ရန်ကုန်၊ ဧပြီ ၂၉**

လယ်ကန်သင်းရိုးတွင် အမျိုးသားတစ်ဦး ခေါင်းပြတ်ရှဒဏ်ရာ နှစ်ချက်ဖြင့် သေဆုံးနေမှုကို ဒဂုံဆိပ်ကမ်းရဲစခန်းက ဧပြီ ၂၈ ရက်တွင် လူသတ်မှုဖြင့် အမှုဖွင့်ပြီး ရှာဖွေဖော်ထုတ်နေသည်ဟု ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လူသေအလောင်းတွေ့ရှိမှုကို ညောင်ပင်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးခင်မောင်ဦးက ၂၈ ရက် မွန်းလွဲ ၁ နာရီခန့်က အကြောင်းကြားသဖြင့် မြို့နယ် ရဲတပ်ဖွဲ့က အခင်းဖြစ်နေရာကို သွားရောက်စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

ညောင်ပင်ကျေးရွာ၊ အရှေ့ဘက် လယ်ကွင်း လယ်ကန်သင်းရိုးတွင် ညောင်ပင်ရွာရှိ ဦးရဲနိုင်ထံတွင် လယ်သူရင်းငှားလုပ်ကိုင်နေသည့် ဦးအေးညိမ်း (၅၂)နှစ်ကို ဦးခေါင်းထိပ် ပြတ်ရှဒဏ်ရာ နှစ်ချက်ရရှိပြီး မှောက်လျက်သေဆုံးနေသည်ကို ရဲက တွေ့ရှိထားခြင်းဖြစ်သည်။

ထို့ကြောင့် အလောင်းကို မြောက်ဥက္ကလာပဆေးရုံသို့ စစ်ဆေးရန် ပို့အပ်ရာ ဆေးရုံက ပီအာရ် ၃၂ ဖြင့် လက်ခံထားသည်။

ယင်းသေဆုံးမှုတွင် အသတ်ခံရသည်ဟုယူဆရသဖြင့် လူသတ်သူကို ဖော်ထုတ်ပေးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးက အမှုဖွင့် တိုင်တန်းသဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ်၊ သရက်ပင်ချောင် နယ်မြေ ရဲစခန်းက (ပ)၂၄/၂၀၁၄ ဖြင့် အမှုဖွင့် စစ်ဆေးနေသည်။

ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ရမိပါက လူသတ်မှုပုဒ်မ ၃၀၂ ဖြင့် တရားစွဲတင် အရေးယူသွားမည်ဟု သတင်းထုတ်ပြန်ထားခြင်း ဖြစ်သည်။ ■

## ကာယကံရှင်အား တောင်းပန်ခြင်း

ဧပြီ ၂၈ ရက်နေ့ထုတ် မဇ္ဈိမသတင်းစာ စာမျက်နှာ ၂၄ တွင် ပါရှိသော **"ကားဖြင့်လိုက်တိုက်ကာ သေစေရန်ကြံစည်"** သတင်းတွင် တရားလို၏အမည်နှင့် နေရပ်ကို ဖော်ပြမိခဲ့သဖြင့် ကာယကံရှင်၏ ဂုဏ်သိက္ခာအား ထိခိုက်သကဲ့သို့ ဖြစ်ခြင်းအတွက် ကာယကံရှင်အား တောင်းပန်အပ်ပါသည်။

**စာတည်း**

# တရုတ်နိုင်ငံကို အိုဘားမား သတိပေး၊ ဖိလစ်ပိုင်အား စစ်ရေးကူညီမည်ဟု အိုဘားမားပြောကြား

■ အေအက်ဖ်ပီ

**မနီလာ၊ ဧပြီ ၂၉**

ပိုင်နက်အငြင်းပွားမှု ပြဿနာများတွင် တရုတ်နိုင်ငံ၏ အင်အားသုံးဆောင်ရွက်မှုကိုဆန့်ကျင်ကြောင်း အမေရိကန် သမ္မတဘားရက်အိုဘားမားက ဧပြီ ၂၈ ရက်၌ ထပ်မံသတိပေးခဲ့ပြီး၊ ဖိလစ်ပိုင်နိုင်ငံအား စစ်ရေးအကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း ကတိပြုခဲ့သည်။

အာရှ လေးနိုင်ငံခရီးစဉ်၏ နောက်ဆုံးနေ့တွင် အိုဘားမားသည် မနီလာမြို့တွင် အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များအား မိန့်ခွန်းပြောကြားခဲ့ရာတွင်၊ ဒေသတွင်းရှိ အမေရိကန် မဟာမိတ်နိုင်ငံများနှင့် တရုတ်နိုင်ငံအကြား ရေပိုင်နက် အငြင်းပွားမှုများကြောင့် တင်းမာမှုများ မြင့်တက်လာသည်ကို စိုးရိမ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



*အမေရိကန်သမ္မတ ဘားရက် အိုဘားမား အာရှခရီးစဉ်အတွင်း အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များသို့ မနီလာမြို့တွင် အင်္ဂါနေ့က မိန့်ခွန်းပြောကြားနေစဉ်။* ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

"နိုင်ငံတွေနဲ့ ပြည်သူတွေမှာ ဘေးကင်းလုံခြုံစွာ၊ ငြိမ်းချမ်းစွာ နေထိုင်ခွင့်ရှိပါတယ်။ နိုင်ငံတွေရဲ့ လွတ်လပ်တဲ့အချုပ်အခြာ အာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားရမှာပါ"ဟု သမ္မတ အိုဘားမားက ပြောခဲ့သည်။

ရေပိုင်နက်နှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဒေသတွင်းရှိ အချို့နိုင်ငံများအကြား အငြင်းပွားမှု ဖြစ်ပွားလျက်ရှိရာ၊ တရုတ်နှင့် အငြင်းပွားနေသည့် နိုင်ငံများထဲတွင် ဖိလစ်ပိုင်လည်း ပါဝင်ပြီး၊ တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းငယ်လေးများ၊ ကျောက်တန်းများနှင့် ကျောက်ဆောင်များအား ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ အငြင်းပွားနေခြင်း ဖြစ်သည်။

ပိုင်နက် အငြင်းပွားမှုတွင် တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ နေရာအားလုံးနီးပါးအား တောင်းဆိုထားလျက်ရှိကာ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုနီးကပ်လျက်ရှိသော ရေပိုင်နက်များနှင့် ကျွန်းများကိုပါ တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း ဆိုထားသည်။ တောင်တရုတ်ပင်လယ်ဒေသတွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့သိုက်များ အများအပြား ရှိလိမ့်မည်ဟု ယူဆထားသည့်အတွက် ယခုကဲ့သို့ အငြင်းပွားနေကြခြင်း ဖြစ်သည်။

တရုတ်နိုင်ငံသည် ရေပိုင်နက် အငြင်းပွားနေသည့် ဧရိယာများအား ထိန်းချုပ်နိုင်ရေးအတွက် စစ်ရေးနှင့် သံတမန်ရေး ဖိအားပေးမှုများ ပိုမိုပြုလုပ်လာသည့်အတွက် ဒေသတွင်း စစ်အင်အား အနည်းဆုံးနိုင်ငံများထဲမှ တစ်ခုဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၎င်း၏ ရေရှည်မဟာမိတ် အမေရိကန်ထံမှ အကူအညီရရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။

ဖိလစ်ပိုင်ရှိ စစ်အခြေစိုက်စခန်းများတွင် အမေရိကန်တပ်များ ပိုမိုထားရှိခွင့်ရမည့် ကာကွယ်ရေး သဘောတူညီချက်တစ်ရပ်ကို ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ တနင်္လာနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အကယ်၍ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တိုက်ခိုက်ခံရပါက အမေရိကန်သည် ဖိလစ်ပိုင်ကို ကူညီမည်ဖြစ်ကြောင်း၊ အမေရိကန် သမ္မတအိုဘားမားက ဧပြီ ၂၉ တွင် အာမခံချက် ပေးခဲ့သည်။ ၁၉၅၁ ခုနှစ် နှစ်နိုင်ငံ ကာကွယ်ရေး သဘောတူစာချုပ်ကို ကိုးကားကာ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"ဒီစာချုပ်ဟာ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ကတိကဝတ်ပါပဲ။ ဖိလစ်ပိုင်အပေါ် ပြင်ပက စစ်အင်အားသုံး တိုက်ခိုက်လာပါက ဖိလစ်ပိုင်နိုင်ငံကို ခုခံကာကွယ်ရေးဟာ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့သန္နိဋ္ဌာန်ပဲ ဖြစ်ပါတယ်ဆိုတဲ့ဟာကို ကျွန်တော် ကိုးကားလိုပါတယ်"ဟု အိုဘားမားက ပြောခဲ့သည်။

"ဒါဆိုရင်၊ ကျွန်တော်တို့ရဲ့ မဟာမိတ်တွေဟာ သီးခြားစီ ရပ်တည်နေကြတယ်ဆိုတဲ့ အတွေးမှားမျိုးကို၊ ကျူးကျော် တိုက်ခိုက်လာနိုင်ခြေရှိသူတွေ တွေးတော့မှာမဟုတ်ပါဘူး။ နောက်တစ်နည်း ပြောရမယ်ဆိုရင် ဖိလစ်ပိုင်ကို ကာကွယ်ရေးအတွက် ကျွန်တော်တို့ဟာ အရင်အတိုင်း ဆက်ပြီးကူညီဆောင်ရွက်သွားမှာပါ။ မဟာမိတ်တွေဟာ ဘယ်တော့မှ သီးခြားစီ ရပ်တည်ကြမှာမဟုတ်လို့ အမေရိကန်ပြည်ထောင်စုဟာ အဲဒီ့ ကူညီဆောင်ရွက်မှုကို ဆက်ပြီးထိန်းသိမ်းသွားမှာပါ"ဟုလည်း သမ္မတ အိုဘားမားက ပြောခဲ့သည်။ ■

# ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လူ ၅၇ ဦး အီရတ်တွင် သေဆုံး

■ အေအက်ဖ်ပီ

**ဘက်ဂဒက်၊ ဧပြီ ၂၉**

အီရတ်နိုင်ငံ၏ ပါလီမန် ရွေးကောက်ပွဲအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ မဲပေးနေသည့် ဧပြီ ၂၈ ရက်၌ နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ မဲထည့်နေသူ ၅၇ ဦး သေဆုံးခဲ့သည်ဟု အေအက်ဖ်ပီ သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဘက်ဂဒက်မြို့နှင့် နိုင်ငံမြောက်ပိုင်းဒေသများတွင် ဖြစ်ပွားခဲ့သည့် ဗုံးခွဲ တိုက်ခိုက်မှုများကြောင့် ဧပြီ ၂၉ ၌ မဲပေးမည့် သာမန် ပြည်သူများအပေါ် အကာအကွယ်ပေးမည့် အီရတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အပေါ် စိုးရိမ်ပူပန်မှုများ တိုးပွားလာစေခဲ့သည်။ အီရတ်နိုင်ငံတွင် မဲပေးခွင့်ရှိသူဦးရေ သန်း ၂၀ ကျော်ရှိသည်။

နိုင်ငံအတွင်း၌ အကြမ်းဖက်မှုများနှင့် အကြောက်တရားများ တိုးပွားလာနေသည့်အချိန်၌ တိုက်ခိုက်မှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်များအတွင်း ထောင်နှင့်ချီသော အသက်များကို ဆုံးရှုံးစေခဲ့သည့် ဘာသာရေး တိုက်ခိုက်မှုများဆီသို့ ပြန်လည်ဦးတည်လျက်ရှိသည်။



*ကာဒစ်ရှ်မြို့ ဗုံးခွဲတိုက်ခိုက်မှုအပြီး မြင်ကွင်း။* ***(ဓာတ်ပုံ–သည်နေရှင်း)***

ခါးပတ်ဗုံးများ ဝတ်ဆင်ထားသည့် အသေခံဗုံးခွဲသူ ကိုးဦးအနက် အများစုက ဘက်ဂဒက်မြို့နှင့် မြောက်ပိုင်းမြို့များရှိ မဲရုံများကို ဦးတည်တိုက်ခိုက်ခဲ့သည်။ ထို့အတူ စစ်တပ်ယာဉ်တန်းများနှင့် ရွေးကောက်ပွဲသတင်းယူသည့် စာနယ်ဇင်းသမားများကို ဦးတည်တိုက်ခိုက်မှုများလည်း ပြုလုပ်ခဲ့သည်။

အသေအပျောက် အများဆုံးသော တိုက်ခိုက်မှုမှာ ကာဒ်လူမျိုး အများစုနေထိုင်ရာ ဘက်ဂဒက်မြို့ အရှေ့မြောက်ဘက်တွင် ဖြစ်ပွားခဲ့ပြီး နေမကောင်းဖြစ်နေ၍ ဂျာမနီနိုင်ငံတွင် ဆေးဝါးကုသမှု ခံယူနေသည့် သမ္မတ ဂျလားလ်တလာဘာနီ မဲထည့်နေသည့်ပုံကို ရိုက်ကူးထားသည့် ဗီဒီယိုတိပ်ခွေကို ကြည့်ရှုနေကြသော ပရိသတ်များအား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုကြောင့် လူ ၃၀ သေဆုံးခဲ့ရပြီး အခြား ၅၀ ကျော်လည်း ဒဏ်ရာရရှိခဲ့သည်။ ■

## အာရှသတင်းတိုများ

### တောင်ကိုရီးယား နစ်မြုပ်ရေယာဉ်မှူး ခရီးသည်များကို ထားကာ ကိုယ်လွတ်ရုန်းခဲ့

တောင်ကိုရီးယား ကူးတို့ရေယာဉ် နစ်မြုပ်မှုနှင့် ပတ်သက်သည့် နောက်ဆုံးထွက်ရှိလာသော ဓာတ်ပုံများတွင် ကူးတို့ ရေယာဉ်ကပ္ပတိန်မှာ အစောဆုံး လွတ်မြောက်ခဲ့သူဖြစ်ပြီး၊ ကျောင်းသားပေါင်း ၃၂၅ ဦးအပါအဝင် အခြားသော ခရီးသည်များကို ရေယာဉ်အတွင်း၌သာ ပစ်ထားခဲ့ခြင်းကြောင့် စုံစမ်းစစ်ဆေးမှုများအတွက် အသုံးဝင်သည့် အချက်ဖြစ်လာခဲ့သည်ဟု ဧပြီ ၂၉က စီအင်အင် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

### မလေးပျောက်ဆုံးလေယာဉ်ရှာရန် သဘော်အချို့သာ ဆက်လက်ထားရှိမည်

ပျောက်ဆုံးလျက်ရှိသော မလေးရှားလေကြောင်းလိုင်း လေယာဉ် MH370 အား ရက်သတ္တပတ် ခုနစ်ပတ်တိုင် ရှာဖွေမှုများ ပြုလုပ်ခဲ့ပြီးနောက် နိုင်ငံတကာမှ လေကြောင်းလိုင်းများဖြင့် ရှာဖွေမှုများကို ရပ်တန့်သွားတော့မည်ဖြစ်ပြီး အချို့ သင်္ဘောများမှာမူ အိန္ဒိယသမုဒ္ဒရာအတွင်း ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် တိုနီ အက်ဘော့က ပြောကြားခဲ့ကြောင်း ဧပြီ ၂၉ ရက်က စီအင်အင် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

### ရေယိုစိမ့်မှုတွင် ကူညီသူကို တရုတ်အစိုးရက စွန်မင်းဆက်ကြွေထည်ရုပ်တုဖြင့် ဂုဏ်ပြု

တရုတ်နိုင်ငံ၊ စီချွမ်ဒေသရှိ ချန်ဂူလမ်းမတစ်လျှောက် ယခင်တစ်ပတ်က ဖြစ်ပေါ်ခဲ့သော ရေယိုစိမ့်မှုတွင် ပါဝင်ကူညီခဲ့သူတစ်ဦးအား စွန်မင်းဆက်မှ ကြွေထည်ရုပ်တုဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း ဧပြီ ၂၈ ရက်က ရှန်ဂရီလစ် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။■

### ဂျပန်ဝန်ကြီးချုပ်ရုံးဝန်ကြီး လုပ်ရပ်ကြောင့် တရုတ်၊ တောင်ကိုရီးယားတို့နှင့် ဆက်ဆံရေး ပိုမို တင်းမာလာ

ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးသွားခဲ့သော ဂျပန်စစ်ခေါင်းဆောင်များ ထားရှိရာ စစ်ဗိမာန်သို့ ဂျပန်ဝန်ကြီးချုပ်ရုံးဝန်ကြီး သွားရောက်ဂါရဝပြုခဲ့သောကြောင့် တရုတ်၊ တောင်ကိုရီးယားတို့နှင့် ဖြစ်ပေါ်နေသော တင်းမာမှုများကို ပိုမိုတင်းမာလာစေခဲ့သည်ဟု ဧပြီ ၂၈ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

### အချိန်ပိုကြေးမရ၍ ကမ္ဘောဒီးယား အလုပ်သမားများ ဆန္ဒပြ

လွန်ခဲ့သော သုံးလမှစတင်ကာ အချိန်ပိုဆင်းရခြင်းအတွက် ရရှိရန်ကျန်နေသည့် အချိန်ပိုကြေး ဒေါ်လာ ၅၀ အား ရရှိရန် တောင်းဆိုမှုများ ပြုလုပ်လျက်ရှိကြောင်း နိုင်ငံအာဏာပိုင်များက ဧပြီ ၂၈ ရက်၌ ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

## ကမ္ဘာ့သတင်းတိုများ

**ကတိပျက်သော ကိုလံဘီယာ အစိုးရကို တောင်သူတွေ ဆန္ဒပြ**

ကိုလံဘီယာ အစိုးရအနေဖြင့် တောင်သူလယ်သမားများကို ယခင်နှစ်ကတည်းက ပေးအပ်ထားသော ကတိများဖြစ်သည့် အကြွေးများလျှော့ချရေးနှင့် ဓာတ်မြေသြဇာ ဈေးနှုန်းများ ထိန်းချုပ်ရေးကို မပြုလုပ်ပဲ နေခဲ့ခြင်းကြောင့် ကိုလံဘီယာ တောင်သူလယ်သမား ထောင်ပေါင်းများစွာမှ နိုင်ငံတစ်ဝန်း ဆန္ဒပြလျက်ရှိသည်ဟု ဧပြီ ၂၈ ရက်က ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အမေရိကန် တော်နေဒိုးမုန်တိုင်းကြောင့် လူ ၁၉ ဦးသေ**

အမေရိကန်နိုင်ငံ တောင်ပိုင်း အလာဘားမားပြည်နယ်၌ ဧပြီ ၂၈ ရက်တွင် တော်နေဒိုး မုန်တိုင်းတိုက်ခတ်ခြင်းကြောင့် လူ နှစ်ဦးသေဆုံးခဲ့ရပြီး ကျန်ရှိသော ပြည်နယ်များတွင် ဆက်တိုက် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများကြောင့် လူပေါင်း ၁၇ ဦး သေဆုံးခဲ့ရသည့်အတွက် သန်းပေါင်းများစွာသောပြည်သူတို့ စိုးရိမ်လျက်ရှိကြောင်း ဧပြီ ၂၉ က စီအင်အေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ယူကရိန်းအရှေ့ပိုင်း၌ သတင်းသမားများ ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရ**

သူပုန်များကယူကရိန်း အရှေ့ပိုင်း ဆလာဗစ်မြို့အတွင်း သတင်းထောက်များကို ခြိမ်းခြောက်ခြင်း၊ နှင်ထုတ်ခြင်းနှင့် ပြန်ပေးဆွဲခြင်းများ ပြုလုပ်လာသည့်အတွက် ယူကရိန်းရှိ သတင်းထောက်များ၏ အခြေအနေများမှာ စိုးရိမ်ဖွယ် အနေအထားသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ပြောကြားခဲ့သည်ဟု ဧပြီ ၂၈ ရက်က စီအင်အေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အစ္စလာမ်ညီအစ်ကိုတော်များအဖွဲ့ ခေါင်းဆောင်နဲ့ ထောက်ခံသူ ၆၈၂ ဦး သေဒဏ်ချမှတ်**

အီဂျစ်တရားရုံးတော်မှ အစ္စလာမ်ညီအစ်ကိုများအဖွဲ့ ခေါင်းဆောင်နှင့် ၎င်းအား ထောက်ခံသူ ၆၈၂ ဦးအား သေဒဏ်ချမှတ်ခဲ့ပြီး ဆန္ဒပြမှုများ ဖြစ်ပေါ်စေခြင်းနှင့် လာမည့်လတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွင်း နိုင်ငံရေး ရုတ်ရင်းဆန်ခတ်မှုများ ဖြစ်နိုင်ခြင်းတို့ကို ပိုမိုအသက်ဝင်စေခဲ့ကြောင်း ဧပြီ ၂၈ ရက်က ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**စပိန်ဟိုတယ်တွင် စားသုံးရန် ကန်ဒေါ်လာ ၂၀၀၀ ကုန်ကျမည်**

ကမ္ဘာ့နာမည်ကြီး စားဖိုမှူးတစ်ဦးဖြစ်သူ ပါကိုရွှန်ဆာရိုမှ မကြာမီတွင် စပိန်နိုင်ငံ အီဘီဇာမြို့တော်ရှိ ဟာဒ့်ရော့ဟိုတယ်တွင် ဆပ်ဘလီမိုးရှင်း အမည်ရ စားသောက်ဆိုင် တစ်ဆိုင်ကို ဖွင့်လှစ်သွားမည်ဖြစ်ကာ လာရောက်သုံးဆောင်ကြသူများအနေဖြင့် တစ်ဦးလျှင် ကန်ဒေါ်လာ ၂,၀၀၀ ကျသင့်မည်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်က ရာဟူး သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် ရုရှထောက်ခံသူတစ်ဦးကို ဖမ်းဆီးလာသည်ကို တွေ့ရစဉ်။ ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

# ယူကရိန်းအကြမ်းဖက်မှု ဖြစ်ရပ်များကြောင့် ရုရှအပေါ် ပိတ်ဆို့အရေးယူမှုများ ပိုမိုများပြားလာ

■ အေအက်ဖ်ပီ

**မော်စကို၊ ဧပြီ ၂၉**

ယူကရိန်း၌ မော်စကိုအစိုးရ ထောက်ခံသူ မြို့တော်ဝန်တစ်ဦး သေနတ်ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည့်အပြင် အခြားမြို့တစ်မြို့ကိုလည်း ခွဲထွက်ရေးသူပုန်များက သိမ်းပိုက်ခဲ့ကြသည့်အတွက် ယူကရိန်းရှိ တင်းမာမှုများကို အဆုံးသတ်ရန် ပျက်ကွက်မှုဖြင့် ရုရှနိုင်ငံအား အမေရိကန် ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများက ပိတ်ဆို့မှုအသစ်များ ထပ်မံပြုလုပ်ခဲ့သည်ဟု ဧပြီ ၂၉ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စစ်အေးခေတ်တိုက်ပွဲများအပြီး အဆိုးရွားဆုံး အရှေ့- အနောက် ပဋိပက္ခများအတွက် အနောက်နိုင်ငံများက မော်စကိုအစိုးရအပေါ် ဖိအားတိုးမြှင့်ခဲ့ပြီး အိမ်ဖြူတော်အစိုးရမှ ရုရှအရာရှိ ခုနစ်ဦး၊ သမ္မတဗလာဒီမာ ပူတင်နှင့် နီးစပ်သည့် စီးပွားရေးလုပ်ငန်း ၁၇ ခု အပေါ် ပိတ်ဆို့မှုများ ယခုကဲ့သို့ တိုးမြှင့်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ဥရောပသမဂ္ဂကလည်း မိမိတို့ ပိတ်ဆို့မည့် လူစာရင်းတွင် နောက်ထပ် ၁၅ ဦးကို ဖြည့်စွက်ခဲ့ကြောင်း ထပ်မံ ပြောကြားခဲ့သည်။

ထို့နောက် အမေရိကန်ကလည်း ရုရှတပ်ဖွဲ့ဝင်များအနေဖြင့် ယူကရိန်းသို့ အမှန်တကယ် ဝင်ရောက်ကျူးကျော်ခဲ့ပါက ရုရှစီးပွားရေးကဏ္ဍကို အထူးပစ်မှတ်ထား ပိတ်ဆို့သွားမည်ဟု သတိပေးပြောကြားခဲ့သည်။

သို့သော်လည်း ယူကရိန်းနယ်စပ်တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေသော ရုရှတပ်သားများမှာ ၎င်းတို့၏စခန်းသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သောကြောင့် အမေရိကန်အနေဖြင့် ၎င်းတို့၏ ပြစ်တင်ပြောဆိုမှုများကို ထိန်းသိမ်းရန် ရုရှ ကာကွယ်ရေးဝန်ကြီးက ဧပြီ ၂၈ ရက်က ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်အနေဖြင့်လည်း ပိတ်ဆို့အရေးယူမှုများအတွက် နာကျင်စွာ ပြန်လည်ခံစားစေရမည်ဖြစ်ကြောင်း ကရင်မလင်အစိုးရက သတိပေးပြောကြားခဲ့သည်။

မော်စကိုအစိုးရသည် အမေရိကန် ပိတ်ဆို့မှုများကို ရွံရှာမိကြောင်းနှင့် ဝါရှင်တန်အစိုးရသည် အဖြစ်မှန်နှင့် ကင်းကွာနေပြီဖြစ်ကြောင်း ရုရှ လက်ထောက်ကာကွယ်ရေးဝန်ကြီး ဆာဂျယ်အီ ရီယာကော့ဗ် အင်တာဖက်စ် သတင်းဌာနကို ပြောကြားခဲ့သည်။

တဖန် ရုရှအနေဖြင့် ယူကရိန်းအပေါ် တရားမဝင် ကျူးကျော်မှုနှင့် ရန်စလှုံ့ဆော်သည့် လုပ်ရပ်များအတွက် ပိုမို ပြင်းထန်သည့် ပေးဆပ်မှုများကို ပြင်ဆင်ထားသင့်ကြောင်း အမေရိကန် ပြည်ထောင်စုက ပြောကြားခဲ့သည်။

ပစ်မှတ်ထားခံရသူများတွင် ပူတင်နှင့် နီးစပ်သည့် အပေါင်းအသင်းလည်းဖြစ်၊ ရော့စ်နက်ဖ်ကုမ္ပဏီ ဘုတ်အဖွဲ့ဥက္ကဋ္ဌလည်းဖြစ်သည့် အီဂေါ်ဆီချင်းလည်း ပါဝင်သည်။ ရော့စ် နက်ဖ်သည် ရုရှနိုင်ငံတွင် အကြီးဆုံးရေနံ ကုမ္ပဏီဖြစ်သကဲ့သို့ ကမ္ဘာ့အကြီးဆုံး ရေနံ ရောင်းဝယ်ဖောက်ကားသည့် ကုမ္ပဏီလည်းဖြစ်သည်။ ■

# သဘာဝဘေး အန္တရာယ်အတွက် စေတနာ့ဝန်ထမ်း ၁၅၀,၀၀၀ ကျော် နိုက်ဂျီးရီးယား စုဆောင်းမည်

■ Thisdaylive.com

**ဆိုကိုတို၊ ဧပြီ ၂၉**

အောက်ခြေလူမှု အဖွဲ့အစည်းအတွင်းရှိ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည့်သူပေါင်း ၁၅၄,၀၀၀ ဦးကို နိုက်ဂျီးရီးယား အစိုးရမှ စုဆောင်းသွားမည်ဟု နိုက်ဂျီးယားအမျိုးသား အရေးပေါ်ကိစ္စရပ်များ စီမံခန့်ခွဲရေးအေဂျင်စီ (NEMA)မှ ပြောကြားလိုက်သည်။

နိုက်ဂျီးရီးယားနိုင်ငံ ဆိုကိုတိုပြည်နယ်အတွင်း၌ ဒေသခံ စေတနာ့ဝန်ထမ်း လူမှုအဖွဲ့များအတွက် ပြုလုပ်သည့် သုံးရက်ကြာ အလုပ်ရုံဆွေးနွေးပွဲအပြီး မိန့်ခွန်းပြောကြားရာ၌ NEMA ၏ ညွှန်ကြားရေးမှူးချုပ်က ယခုကဲ့သို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ဒေသခံ စေတနာ့ဝန်ထမ်း လူမှုအဖွဲ့ဝင်များ ထားရှိသည့်စနစ်ကို စတင်အသုံးပြုခြင်းက သဘာဝဘေးအန္တရယ်များ လျှော့ချခြင်းအတွက် စစ်မှန်သော အပြောင်းအလဲတစ်ရပ် ဖြစ်သည်ဟုလည်း ညွှန်ကြားရေးမှူး ဆန်နီဆီဒီက ဆိုသည်။

“သဘာဝဘေးအန္တရာယ်တွေကို ကျေးလက်ဒေသတွေမှာ တွေ့နေရပြီး ဒါတွေကို စတင်ဖြေရှင်းသူတွေဟာ ဒေသခံတွေ ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံ စေတနာ့ဝန်ထမ်း လူမှုအဖွဲ့တွေကို မွန်းမံသင်တန်းတွေ ပေးခြင်းက သဘာဝဘေး အန္တရာယ်တွေ ကြုံတွေ့ရတဲ့အခါမှာ အသက်ပေါင်းများစွာကို ကယ်တင်နိုင်မှာ ဖြစ်သလို ဘေးဒုက္ခသည်တွေရဲ့ ဒုက္ခဆင်းရဲခံစားရမှုကိုလည်း လျှော့ချသွားနိုင်မယ်ဆိုတာ သံသယဖြစ်စရာ မရှိပါဘူး”ဟု ၎င်းက ဆိုခဲ့သည်။■

# အလုပ်လက်မဲ့ဖခင်အတွက် သမီးက အိုဘားမားကတော်ကို စီဗီပေးပို့ခဲ့

■ တယ်လီဂရပ်

**ဝါရှင်တန်၊ ဧပြီ ၂၉**

“အလုပ်လုပ်သောနေ့မှာ ကလေးများကို ခေါ်သွားပါ” ဟူသော ခေါင်းစဉ်ဖြင့် အိမ်ဖြူတော်၌ ပြုလုပ်သည့် ပွဲတစ်ပွဲတွင် သုံးနှစ်ကြာ အလုပ်လက်မဲ့ဖြစ်နေသော အမျိုးသားတစ်ဦး၏ စီဗီ(အရည်အချင်းမှတ်တမ်း)ကို သမီးဖြစ်သူက အမေရိကန်သမ္မတကတော် မစ်ရှဲလ်အိုဘားမားကို ပေးခဲ့ရာ မစ်ရှဲလ်မှ အလွန်အံ့အားသင့်ခဲ့ရသည်။

အသက် ၁၀ နှစ်အရွယ် ရှာလော့ဘဲလ် အမည်ရှိ မိန်းကလေးငယ်မှ မစ်ရှဲလ်အိုဘားမား၏ လက်အတွင်းသို့ စီဗီစာရွက်တစ်စုံကို ပေးခဲ့ပြီး သူမ၏ ဖခင်ဖြစ်သူ အလုပ်လက်မဲ့ အလားအလာနှင့် စပ်လျဉ်း၍ ၎င်းတို့မိသားစု၏ စိတ်ပျက်စရာ အခြေအနေကိုလည်း ပြောကြားခဲ့သည်။

ခင်ပွန်းဖြစ်သူ သမ္မတ အိုဘားမား အာရှသို့ ခရီးသွားနေစဉ် အဆိုပါအထိမ်းအမှတ်ပွဲကို သဘာပတိအဖြစ် ဆောင်ရွက်သော မီချဲလ်အိုဘားမားမှ ထိုစီဗီကို ရရှိခဲ့ပြီး မိုက်ကရိုဖုန်း အသံမဝင်သည့်နေရာတွင် ကလေးငယ်အား အသံဖြည်းညှင်းစွာ အားပေးစကား ပြောကြားခဲ့သည်။ ထို့နောက် မစ်ရှဲလ်အိုဘားမားက ကလေးငယ်အား ပွေ့ဖက်ခဲ့သည့်အတွက် တက်ရောက်လာသော ပရိသတ်အချို့မှာ အံ့အားသင့်ခဲ့ရသည်။

“ယင်းကိစ္စရပ်သည် ကိုယ်ရေးကိုယ်တာ ပြဿနာတစ်ရပ်ဖြစ်ပြီး သူမ၏ ဖခင်အတွက် သူမက တစ်ခုခုလုပ်ပေးခြင်း ဖြစ်ကြောင်း” မစ်ရှဲလ်အိုဘားမားက ပြောကြားသည်။ ■



အမေရိကန်သမ္မတကတော်နှင့် ရှာလော့ဘဲလ်တို့ကို တွေ့ရစဉ်။ **(ဓာတ်ပုံ–တယ်လီဂရပ်)**



THINGYAN PROMOTION
Rate card Price - $2340
Promotion price $1400
Full Page (35cm x 5col)
Rate card Price - $1152
Promotion price $690
Vertical ( 32 cm x 3 col )
Rate card Price - $1000
Promotion price $600
Half Page ( 17.5 cm x 5col )
Rate card Price - $1368
Promotion price $820
Fire Place (19cm x 6col)
Rate card Price - $720
Promotion price $ 430
20 by 4 ( 20 cm x 4 col )
Rate card Price - $540
Promotion price $ 320
12 by 5 ( 12 cm x 5 col )
Rate card Price - $450
Promotion price $ 270
10 by 5 ( 10 cm x 5 col )
Rate card Price - $332
Promotion price $ 199
13 by 3 ( 13 cm x 3 col )
Rate card Price - $255
Promotion price $ 150
10 by 3 ( 10 cm x 3 col )
Rate card Price - $89
Promotion price $ 50
5 by 2 ( 5 cm x 2 col )
သင်္ကြန်
အထူးလျှော့ဈေး
% SALE
၅ ကြိမ် နှင့်အထက်ကြော်ငြာထည့်ဝင်သောကြော်ငြာရှင်တိုင်းအတွက် – – –
THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Full Page 1 ကြိမ်
THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Half Page 1 ကြိမ်
THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Qtr Page 1 ကြိမ်
Business Weekly မဂ္ဂဇင်းတွင်အခမဲ့ကြော်ငြာနိုင်ပါမည်။
Booking တင်ရမည့်ကာလ : ဖေဖော်ဝါရီ(၁)ရက်နေ့မှ ဧပြီ(၃၀)ရက်ထိ
ကြော်ငြာအသုံးပြုရမည့်ကာလ : ဖေဖော်ဝါရီ(၁)ရက်နေ့မှ မေလ(၃၀)ရက်ထိ
ဆက်သွယ်ပါ……
မဇ္ဈိမမီဒီယာကုမ္ပဏီလီမိတက်၊ အမှတ် ၄၀၇၊ တိုက်(စီ)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ရန်ကုန် (ဖုန်း) ၀၉ ၅၀၂၆၄၈၅၊ ၀၉ ၄၂၁၀၀၃၄၆၁၊ ၀၉ ၇၃၀၈၆၈၆၄၊ ၀၉ ၁၁၀၅၁၆၇၃။
မန္တလေး(ဖုန်း) ၀၂၃၆၈၃၅၊၀၉ ၄၀၂၅၅၀၅၄၀။

# စစ်ရေးလေ့ကျင့်ရန် မြောက်ကိုရီးယားပြင်ဆင်၊ ပြင်းထန်စွာတုံ့ပြန်သွားမည်ဟု တောင်ကိုရီးယားဆို

■ အေအက်ဖ်ပီ
**ဆိုးလ်၊ ဧပြီ ၂၉**

တောင်ကိုရီးယားနယ်စပ်အနီး ယင်း၏ ရေပိုင်နက်အတွင်း၌ လက်နက်အစစ်များ အသုံးပြုကာ စစ်ရေးလေ့ကျင့် သွားမည်ဟု မြောက်ကိုးရီးယားနိုင်ငံက ဧပြီ ၂၈ ရက်တွင် ကြေညာလိုက်သည်ဟု အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တစ်ချိန်တည်း၌ တောင်ကိုရီးယားနိုင်ငံကလည်း ပြင်းပြင်းထန်ထန် တုံ့ပြန်သွားမည်ဟု ပြောကြားလိုက်သည်။ အလားတူ စစ်ရေးလေ့ကျင့်မှုများကို လွန်ခဲ့သော တစ်လခန့်အကြာက ပြုလုပ်ခဲ့ရာတွင်လည်း လက်နက်ကြီးများဖြင့် အပြန်အလှန် ပစ်ခတ်ခဲ့သည်အထိ ဖြစ်ခဲ့ရသည်။



*တောင်နှင့်မြောက်ကိုရီးယားအကြား ရေပိုင်နက်အငြင်းပွားနေသည့်နေရာအနီး၌ လက်နက်ကြီးများပစ်ခတ်နေစဉ်။* ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

"ကျွန်တော်တို့ စစ်တပ်အနေနဲ့ အပြည့်အဝ ပြင်ဆင်ထားပါတယ်" ဟု တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်ကင်မင်ဆွတ်က ပြောကြားလိုက်သည်။ စစ်ရေးလေ့ကျင့်မည့် ယင်း၏ အစီအစဉ်အား ပြုံယမ်းအစိုးရမှ တောင်ကိုရီးယားသို့ အသိပေးပြီးနောက် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ "တောင်ကိုရီးယားနိုင်ငံထဲကို လက်နက်တွေဘာတွေ ကျလာတယ်ဆိုရင်တော့ ပြင်းပြင်းထန်ထန် တုံ့ပြန်သွားရပါလိမ့်မယ်" ဟုလည်း ကင်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အဆိုပါသတင်းကြောင့် စစ်ရေးလေ့ကျင့်မည့်နေရာအနီးရှိ ငါးဖမ်းသမားများအား ဝေးရာသို့ ရှောင်ရှားရန်နှင့် ယောင်ပြောင်း၊ ဘီအန်ဂျုန်းကျွန်းများပေါ်ရှိ ဒေသခံများအား သတိဝီရိယဖြင့်နေထိုင်ရန် ဒေသခံများက အကြံပေးထားသည်။

"လိုအပ်လို့ရှိရင် ဗုံးခိုကျင်းတွေထဲမှာ ဝင်ရောက်နေထိုင်နိုင်အောင် ပြင်ဆင်ထားဖို့ ဒေသခံတွေကို အသံချဲ့စက်တွေနဲ့ သတိပေးနေပါတယ်" ဟုလည်း ဘီအန်ဂျုန်းကျွန်းမှ ဒေသခံအာဏာပိုင်တစ်ဦးက အေအက်ဖ်ပီသို့ ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံမှ ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်၌ အလားတူ စစ်ရေးလေ့ကျင့်မှုမျိုး ပြုလုပ်ခဲ့ရာတွင် တောင်ကိုရီးယား ရေပိုင်နက်အတွင်းသို့ လက်နက်ကြီးများ ကျရောက်ခဲ့သည်။ ယင်းအား တုံ့ပြန်သည့် အနေဖြင့် တောင်ကိုရီးယားနိုင်ငံမှလည်း ပြန်လည်ပစ်ခတ်ခဲ့ရာ လက်နက်ကြီးများဖြင့် အပြန်အလှန် ပစ်ခတ်သည်အထိ ဖြစ်ပွားခဲ့ရပြီး ကျွန်းပေါ်ရှိဒေသခံများ ဘေးလွတ်ရာသို့ ပုန်းရှောင်ခဲ့ရသည်။

တစ်ဖက်နှင့်တစ်ဖက် သတိပေးသည့် အနေဖြင့် ပင်လယ်ထဲသို့ ပစ်ခတ်ခဲ့သည့် အဆင့်သာဖြစ်သော်လည်း မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် စမ်းသပ်မှုကြောင့် ပေါ်ပေါက်လာခဲ့ရသော နှစ်နိုင်ငံတင်းမာမှုကို မြင့်တက်သွားစေခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံမှ စတုတ္ထအကြိမ်မြောက်အဖြစ် နျူကလီးယားလက်နက် စမ်းသပ်ပစ်ခတ်ရန် ပြင်ဆင်နေသည့် အထောက်အထားများကို ဂြိုဟ်တုဓာတ်ပုံများမှ တွေ့ရှိခဲ့ရပြီးနောက် မြောက်ကိုရီးယားမှ ယခုကဲ့သို့ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ကြေညာခဲ့ခြင်းဖြစ်သည်။ ■

# ကင်ဆာရောဂါဝေဒနာရှင်များ ဆယ်နှစ်နီးပါး အသက်ပိုရှည်လာ

■ ဘီဘီစီ
**လန်ဒန်၊ ဧပြီ ၂**

အင်္ဂလန်နှင့်ဝေလတို့ရှိ ကင်ဆာရောဂါ ဝေဒနာရှင်တစ်ဝက်ကျော်မှာ အနည်းဆုံး ဆယ်နှစ်ကျော် အသက်ရှင်နေထိုင်နိုင်လျက်ရှိပြီး ယင်းမှာ ၁၉၇၀ ခုနှစ်များ အစောပိုင်း၌ပြုလုပ်ခဲ့သည့် စစ်တမ်းများထက် နှစ်ဆများသည်ဟု ဘီဘီစီသတင်း၌ ဧပြီ ၂၉ ရက်တွင် ဖော်ပြထားသည်။

ကုထုံးသစ်များ အစောပိုင်း ဆေးဝါးကုသမှု ခံယူခြင်းများကြောင့် ယခုကဲ့သို့ ပို၍ အသက်ရှည်လာခြင်းဖြစ်သည်ဟုလည်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

သို့သော် ပိုမိုဆန်းသစ်သည့် ရည်မှန်းချက်များထားရှိရန် လိုအပ်ကြောင်းကို ယခုတိုးတက်မှုက ညွှန်ပြလိုက်ခြင်း ဖြစ်သည်ဟု လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သည့် ယူကေကင်ဆာသုတေသနအဖွဲ့မှ ဆိုသည်။

လာမည့် နှစ် ၂၀ အတွင်း သက်တမ်း ၁၀ နှစ် ပိုရှည်လာသည့် ရောဂါဝေဒနာရှင်ပေါင်း ၇၅ ရာခိုင်နှုန်းထိ တိုးမြင့်လာရန် ရည်မှန်းထားသည်ဟုလည်း ယင်းအဖွဲ့မှ ဆိုသည်။ ကင်ဆာရောဂါအား "သေဒဏ်" တစ်ခုအဖြစ်ရှုမြင်ရန် မလိုအပ်တော့ကြောင်းလည်း ယင်းအဖွဲ့၏ သုတေသန ပညာရှင်များက ဆိုသည်။ ■

# အမေရိကန်တွင် သေဒဏ်ချမှတ်ခံရသူ လေးရာခိုင်နှုန်းကျော် အပြစ်ကင်းသူများဖြစ်

■ အေအက်ဖ်ပီ
**ဝါရှင်တန်၊ ဧပြီ ၂၉**

အမေရိကန်ပြည်ထောင်စုတွင် သေဒဏ်ချမှတ်ခြင်းခံရသူအကျဉ်းသား ၂၅ ဦးလျှင် တစ်ဦးနှုန်းမှာ မှားယွင်းစွာ ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်နိုင်ကြောင်း လေ့လာဆန်းစစ်ချက်တစ်ခုတွင် တွေ့ရှိခဲ့သည်ဟု အေအက်ဖ်ပီသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

မှားယွင်းစွာ ပြစ်ဒဏ်စီရင်ချမှတ်မှုနှုန်းထားမှာ ၄ ဒသမ ၁ ရာခိုင်နှုန်း ရှိကြောင်း လေ့လာဆန်းစစ်မှုတွင် ဖော်ပြထားသည်။ သတင်းအချက်အလက်များ စနစ်တကျ မှတ်တမ်းတင် သိမ်းဆည်းထားခြင်းမျိုး မရှိသဖြင့် မှားယွင်းစွာ ပြစ်ဒဏ်စီရင် ချမှတ်မှုနှုန်းထားကို ခန့်မှန်းရေးမှာ လွယ်ကူသောအလုပ်တော့ မဟုတ်ပေ။

"အခြားသော ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်အမျိုးအစားများထက်၊ သေဒဏ်စီရင်ချက် ချမှတ်ခြင်းနှင့် အဆုံးသတ်သွားသော အမှုများထဲတွင် မှားယွင်းစွာ ပြစ်ဒဏ်ချမှတ်မှုများကို ပိုမို ဖော်ထုတ်တွေ့ရှိနိုင်သည်"ဟု အမျိုးသားသိပ္ပံအကယ်ဒမီ၏ တရားရေးဂျာနယ်တွင်ပါရှိသောဆောင်းပါးက ဆိုသည်။

"သေဒဏ် ချမှတ်ရဖွယ်ရှိသော အမှုတစ်ခု ဖြစ်ပွားရာနေရာရှိ ပထမ အရာရှိမှအစ၊ အမေရိကန်ပြည်ထောင်စု၏ တရားသူကြီးချုပ်အထိ လူတိုင်းလူတိုင်းသည် သေဒဏ်ချမှတ်ရဖွယ်ရှိသော အမှုများကို အခြား ရာဇဝတ်မှုများထက် ပို၍ လေးလေးနက်နက် သတိထားကိုင်တွယ်လေ့ရှိပြီး၊ အခြားသော အရာရှိများသည်လည်း ထိုကဲ့သို့ပင် ပြုမူကြလိမ့်မည်ဖြစ်ကြောင်း သိရှိရသည်" ဟုလည်း ဆောင်းပါးထဲတွင် ဖော်ပြထားသည်။

အဆိုပါလေ့လာမှုမှာ ယခုကဲ့သို့သော အမျိုးအစားထဲတွင် ပထမဦးဆုံးဖြစ်ပြီး၊ လွတ်မြောက်ရှင်သန်မှုနှင့် ပတ်သက်၍ သရုပ်ခွဲလေ့လာချက် (survival analysis) ဟု ခေါ်ဆိုသော သရုပ်ခွဲလေ့လာနည်းကို အသုံးပြုထားသည်။ အသေအပျောက်နှုန်းထား လျှော့ချရေးအတွက် ဆေးဝါးကုသနည်းတစ်ခု၏ ထိရောက်မှုကို ဆုံးဖြတ်ရာတွင်လည်း အများအားဖြင့် ထိုနည်းကို အသုံးပြုလေ့ရှိသည်။

သေဒဏ်ချမှတ်ခြင်း ခံထားရသူ အကျဉ်းသားအချို့အနေဖြင့် အကျဉ်းထောင်ထဲတွင် ဆက်လက်နေထိုင်ရချိန်တွင် ၎င်းတို့ အပြစ်မရှိကြောင်း ခုခံချေပနိုင်မည့် အခွင့်အလမ်းများ ရရှိလာနိုင်သည်ဟုလည်း ဆိုသည်။ ■

# ဆီးရီးယားအစိုးရ၏ သဘောတူညီချက်မယူဘဲ အကူအညီများပေးသင့်ကြောင်း ရှေ့နေများတိုက်တွန်း

■ ဘီဘီစီ
**ဝါရှင်တန်၊ ဧပြီ ၂၉**

ကုလသမဂ္ဂအနေဖြင့် ဆီးရီးယားအစိုးရ၏ ခွင့်ပြုချက်ရသည်ဖြစ်စေ မရသည်ဖြစ်စေ ဆီးရီးယားနိုင်ငံအတွင်းသို့ အကူအညီများ ပေးအပ်သင့်ကြောင်း ထင်ရှားသော ရှေ့နေများနှင့် ပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့၏ အိတ်ဖွင့်ပေးစာ တစ်စောင်တွင် တိုက်တွန်းထားသည်ဟု ဘီဘီစီ သတင်းတစ်ရပ်တွင် ဧပြီ ၂၉ ၌ ဖော်ပြထားသည်။

အကူအညီများပေးအပ်ခွင့်ကို ဆီးရီးယားအစိုးရက တစ်ဖက်သတ် ပိတ်ပင်ထားခြင်းဖြစ်ကြောင်း ဥပဒေရေးရာ ကျွမ်းကျင်သူ ၃၅ ဦးက လက်မှတ်ရေးထိုးထားသည့် ထိုအိတ်ဖွင့်ပေးစာထဲတွင် ရေးသားထားသည်။



*အဆောက်အအုံအပျက်များကြား ရောက်ရှိနေသည့် ဆီးရီးယားပြည်သူများကို တွေ့ရစဉ်။* ***(ဓာတ်ပုံ–တယ်လီဂရမ်)***

ပဋိပက္ခတွင် ပါဝင်ကြသူအားလုံး အနေဖြင့် လူသားချင်းစာနာမှု အကူအညီများ အကန့်အသတ်မဲ့ပေးအပ်ခွင့် ပြုပေးသင့်ကြောင်း ဖေဖော်ဝါရီလအတွင်းက အတည်ပြုချမှတ်ခဲ့သော ကုလသမဂ္ဂ ဆုံးဖြတ်ချက်တစ်ရပ်တွင် တိုက်တွန်းထားသည်။ ဆီးရီးယား၏ သုံးနှစ်ကြာ ပြည်တွင်းစစ်ကြောင့် လူပေါင်း ၁၅၀,၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း ခန့်မှန်းထားကြသည်။

အိတ်ဖွင့်ပေးစာအား လက်မှတ်ရေးထိုးခဲ့သူများထဲတွင် တရားသူကြီး ရစ်ချတ်ဂိုးလ်စတုန်းလည်း ပါဝင်သည်။ ရဝမ်ဒါအရေးနှင့် ယခင် ယူဂိုဆလားဗီးယားအရေးများအား ကုလသမဂ္ဂခုံရုံးများတွင် စစ်ဆေးခဲ့ရာ၌ ဂိုးလ်ဒ်စတုန်းမှာ တရားလို ရှေ့နေချုပ်အဖြစ် ပါဝင်ခဲ့သည်။

အဆိုပါ အိတ်ဖွင့်ပေးစာအား ဧပြီ ၂၈ ရက်တွင် အာရပ်နှင့်ဗြိတိန်ရှိ သတင်းစာအများအပြား၌ ဖော်ပြထားသည်။

ဆီးရီးယားအား အကူအညီပေးအပ်နိုင်ရေးနှင့်ပတ်သက်၍ ဆီးရီးယားအစိုးရမှ တစ်ဖက်သတ် ကန့်သတ်တားမြစ်ထားခြင်းများကို ကုလသမဂ္ဂအနေဖြင့် လျစ်လျူရှုလိုက်ရန်လည်း အိတ်ဖွင့်ပေးစာထဲတွင် တိုက်တွန်းထားသည်။ ■

# အသက်လိမ်ထားသော ကစားသမားများပြားမှုကြောင့် သတ်မှတ်ရက်တွင် အသက်စစ်ဆေးမှုမပြီးနိုင်ဖြစ်နေ

■ ညီမိုယ်း
**ရန်ကုန်၊ ဧပြီ ၂၉**



*ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ အသက်စစ်ဆေးမှုပြုလုပ်နေသည့် မြင်ကွင်းတစ်ခု။* ***(ဓာတ်ပုံ–MFF)***

မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများအနေဖြင့် နေရှင်နယ်လိဂ်နှင့် လိဂ်(၂) လူငယ်ပြိုင်ပွဲများ ကျင်းပရန်အတွက် ဧပြီလ ၂၅ မှစတင်ကာ ကစားသမားများအား အသက်စစ်ဆေးမှုပြုလုပ်ခဲ့ရာ၌ အသက်လိမ်လည်ထားသော ကစားသမားများ များပြားလွန်းသည့်အတွက် သတ်မှတ်ရက် သုံးရက်အတွင်း ပြီးစီးအောင် မစစ်ဆေးနိုင်ခဲ့ပေ။

ထိုကစားသမားများ၏အသက် မှန်ကန်မှုစစ်ဆေးချက်များအား မူလက ဧပြီလ ၂၅ ရက်မှ ၂၇ ရက်အတွင်း အပြီးသတ်စစ်ဆေးသွားမည်ဟု သတင်းထုတ်ပြန်ခဲ့သော်လည်း လက်ရှိအချိန်တွင် ကစားသမားများ၏ အသက်မမှန်ကန်မှုများကြောင့် ကြန့်ကြာနေရခြင်း ဖြစ်ကြောင်းနှင့် ဧပြီလ ၂၈ ရက်အထိ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများပင် စစ်ဆေးမှုမပြီးဆုံးသေးကြောင်း သိရသည်။ ယင်းစစ်ဆေးရေးအဖွဲ့တွင်ပါဝင်သော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဦးညီညီလတ်က "ကျွန်တော်တို့ အနေနဲ့ သတ်မှတ်ရက်မှာ အသက်စစ်ဆေးမှုကို အဆုံးမသတ်နိုင်ခဲ့ပါဘူး။ ဒါကလည်း အသက်လိမ်ထားတဲ့ ကစားသမားတွေ များပြားနေတာကြောင့်ပါ။ အသက်လိမ်ထားတဲ့ ကစားသမားတွေ တော်တော်များများကိုလည်း တွေ့ရှိခဲ့ရပါတယ်။ လက်ရှိအချိန်မှာ ကစားသမားဘယ်နှယောက်ကို တွေ့ရှိခဲ့ရတယ်ဆိုတာကို တိတိကျကျ မပြောနိုင်သေးပေမယ့် တော်တော်တော့ များနေပါပြီ။ အချို့ ကစားသမားတွေဆိုရင် စစ်ဆေးခံရမယ့်နေ့မတိုင်ခင်မှ မှတ်ပုံတင်ရထားတဲ့သူတွေ၊ ကိုယ့်မွေးနေ့ကိုယ် မသိဘူးဆိုတဲ့ သူတွေတောင် တွေ့ရပါတယ်။ လက်ရှိ အချိန်အထိ မြန်မာနေရှင်နယ်လိဂ်က အသင်းတွေကိုတောင် စစ်ဆေးလို့ မပြီးသေးပါဘူး။ လိဂ်(၂)အသင်းတွေလည်း ကျန်ရှိနေပါသေးတယ်" ဟု ပြောကြားခဲ့သည်။

ထိုသို့ အသက်စစ်ဆေးမှုများအား ၂၀၁၃ ခုနှစ် လူငယ်ပြိုင်ပွဲများတွင်လည်း ပြုလုပ်ခဲ့ရာ အသက်လိမ်ထားသော ကစားသမားများအား တွေ့ရှိခဲ့ရဖူးသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုနှစ် အသက်စစ်ဆေးရာတွင် ကစားသမားများ အနေဖြင့် အသက်လိမ်လည်ထားမှုအား တွေ့ရှိခဲ့ရပါက "အသက်မှန်ကန်မှု စိစစ်ရာတွင် သိသိသာသာ အသက်လိမ်ညာ ထွက်ဆိုခြင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း/ မွေးစာရင်းများကို လိမ်လည် ပြင်ဆင်ထားခြင်းများပြုလုပ်ထားသော ကစားသမားများအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မည်သို့သော ဘောလုံးပြိုင်ပွဲတွင်မဆို ပါဝင်ကစားခွင့်ပြုမည် မဟုတ်ဘဲ အကယ်၍ နောက်ပိုင်းတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ စိစစ်စစ်ဆေးမှု မှတ်တမ်းထွက်ရှိလာပြီးမှ ယင်းမှတ်တမ်းအရ အသက်လိမ်လည်ထားမှု ပေါ်ပေါက်လာပါက မည်သို့သော ဘောလုံးပြိုင်ပွဲတွင်မဆို ပါဝင်ကစားမှု အနည်းဆုံး နှစ်‚နှစ် ပိတ်ပင် အရေးယူခံရမည်" ဟု သတင်းထုတ်ပြန် ထားခဲ့သည်။ ■

## အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ် ပြိုင်ပွဲတွင် မြန်မာ ဒုတိယရရှိ

■ သောကြာ
**ရန်ကုန်၊ ဧပြီ ၂၉**

(၉) ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲကို ဧပြီ ၂၇ ၊ ၂၈ ရက်များတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ကျင်းပခဲ့ပြီး အိမ်ရှင်မြန်မာ အပါအဝင် အရှေ့တောင်အာရှနိုင်ငံ ခုနစ်နိုင်ငံမှ ပြေးခုန်ပစ်ကစားသမား ၁၇၀ ခန့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲသို့ ကမ္ဘောဒီးယား၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံတို့မှ ဝင်ပြိုင်ခဲ့ခြင်း မရှိဘဲ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့ ဝင်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် အမျိုးသားပွဲစဉ် ၁၆ ခုနှင့် အမျိုးသမီးပွဲစဉ် ၁၆ ခု စုစုပေါင်း ပွဲစဉ် ၃၂ ပွဲ ထည့်သွင်းပြုလုပ်ခဲ့သည်။ မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့မှ အမျိုးသား ကစားသမား ၂၄ ဦး၊ အမျိုးသမီး ကစားသမား ၂၄ ဦးစီဝင်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၂ ခုနှင့် ကြေးတံဆိပ် ၁၉ ခု ရရှိကာ နိုင်ငံအလိုက် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ထိုင်းအသင်းက ရွှေတံဆိပ် ၁၄ ခု၊ ငွေ တံဆိပ် ၁၂ ခုနှင့် ကြေးတံဆိပ် ခြောက်ခုဖြင့် နိုင်ငံအလိုက် ပထမရရှိခဲ့ပြီး ဗီယက်နမ် အသင်းက ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ်လေးခုဖြင့် နိုင်ငံအလိုက် တတိယနေရာ ရရှိခဲ့သည်။ ■

## Lions XII အသင်းတွင် ယူ-၂၃ ကစားသမားကိုးဦးပါဝင်

■ ရဲရင့်ဌေး
**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာနိုင်ငံသို့ လာရောက်ကာ နေပြည်တော်အက်ဖ်စီ၊ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းများနှင့် ခြေစမ်းပွဲကစားမည့် စင်ကာပူ Lions XII အသင်းတွင် စင်ကာပူ ယူ-၂၃ လက်ရွေးစင်ကစားသမားကိုးဦး ပါဝင်လာသည်။

စင်ကာပူ Lions XII ဘောလုံး အသင်းမှာ မလေးရှားစူပါလိဂ် လက်ရှိချန်ပီယံအသင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် စင်ကာပူလက်ရွေးစင်ဟောင်း ဖန်ဒီအာမက်က တာဝန်ယူ ကိုင်တွယ်နေသည်။ စင်ကာပူ Lions XII အသင်းမှာ မလေးရှားစူပါလိဂ် ရာသီနားချိန်၌ မြန်မာနိုင်ငံသို့ခြေစမ်းခရီး ထွက်လာခြင်းဖြစ်ပြီး ဧပြီ ၃၀ ရက်(ယနေ့) တွင် နေပြည်တော်အက်ဖ်စီအသင်း၊ မေလ ၂ ရက်တွင် မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းတို့နှင့် ကစားမည်ဖြစ်သည်။

"စင်ကာပူအသင်းက လူငယ်ကစားသမားတွေ ပွဲအတွေ့အကြုံရဖို့နဲ့ ပြိုင်ပွဲတွေ စဉ်ဆက်မပြတ် ကစားနိုင်ဖို့အတွက် ရည်ရွယ်ပြီး မလေးရှားစူပါလိဂ်မှာ ဝင်ကစားနေတာပါ။ ဒီအသင်းအကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါတယ်။ မြန်မာအသင်းအတွက် အကျိုးရှိတဲ့ခြေစမ်းပွဲ ဖြစ်လာမှာပါ" ဟု မြန်မာ့လက်ရွေးစင် နည်းပြချုပ် အေဗရာမိုဗစ်က သုံးသပ်ခဲ့သည်။

## ခြေစွမ်းမပြနိုင်သည့် ပြည်ပ ကစားသမားများကို ရောဝတီသတိပေးမည်

■ သောကြာ
**ရန်ကုန်၊ ဧပြီ ၂၉**



*၂၀၁၄ ဘောလုံးရာသီတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် ရောဝတီအသင်း ကွင်းလယ် ကစားသမား ကိုနေး။* ***(ဓာတ်ပုံ–AUFC)***

ရောဝတီယူနိုက်တက်အသင်း နည်းပြဦးဆန်းဝင်းက ပထမအကျော့ ဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းမပြသနိုင်သည့် နိုင်ငံခြားကစားသမားများကို ခေါ်ယူသတိပေးမှုများ ပြုလုပ်သွားမည်ဟု ပြောဆိုလိုက်သည်။

ရောဝတီအသင်းသည် ၂၀၁၄ ဘောလုံးရာသီအတွက် နေပြည်တော်အသင်းက စားသမားဟောင်း ကိုနေး၊ ဟံသာဝတီအသင်းနောက်ခံလူ ကလစ်ဖို့ဒ်၊ ဇေယျာရွှေမြေအသင်း တိုက်စစ်မှူးဟောင်း ဆာဆာ၊ ကိုရီးယားကစားသမား ကင်ဆောင်မင်းတို့ကို ခေါ်ယူခဲ့သည်။ အသင်းတိုက်စစ်မှူး ဆာဆာ၊ ကွင်းလယ်လူ ကိုနေးတို့မှာ မြန်မာနေရှင်နယ်လိဂ် အတွေ့အကြုံရှိ ကစားသမားများဖြစ်သော်လည်း ပထမအကျော့ ဘောလုံးရာသီတွင် အသင်း၌ သိသိသာသာ ခြေစွမ်းပေါ်လွင်ခဲ့ခြင်းမျိုး မရှိခဲ့သဖြင့် ရောဝတီအသင်းမှ သတိပေးမှုများ ပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ နည်းပြ ဦးဆန်းဝင်းက "နိုင်ငံခြားသားလေးယောက်ကို ပြန်ပြီး ဆွေးနွေးရမှာပါ။ ဘာပဲပြောပြော ဆာဆာကလည်း ပြီးခဲ့တဲ့နှစ်တွေက ဂိုးသွင်းဘုရင်တောင် ဖြစ်ခဲ့တယ်။ ဒီနှစ်မှာ သူ့ လှုပ်ရှားတွေက သိပ်ကောင်းဘူး။ မကောင်းတဲ့အတွက် သူ့ကို သတိပေးရမယ်။ စွမ်းဆောင်ရည်မကောင်းရင် လစာလျှော့တာတို့ဘာတို့ စီစဉ်ရမယ်။ ဒီအတိုင်းပဲ ကိုရီးယား ကစားသမားလည်း ထင်သလောက်မဖြစ်ဘူး။ ဖြစ်မလာဘူးဆိုတော့ သူတို့ခေါ်ပြီး နည်းနည်း ဆွေးနွေးစကားပြောမှာပါ။ ခေါ်ထားတဲ့ လေးယောက်ထဲမှာ ကလစ်ဖို့ဒ်တစ်ယောက်ပဲ မဆိုးဘူးလို့ ပြောရမှာပါ" ဟု ပြောသည်။

ရောဝတီအသင်းသည် ရာသီအစ ပွဲစဉ်များတွင် ရလဒ်များဆိုးရွားခဲ့ပြီး ပထမအကျော့ ပွဲစဉ် ၁၀ ကစားပြီးချိန်တွင် ရမှတ် ၁၂ မှတ်ဖြင့် အဆင့် (၈)နေရာတွင် ရပ်တည်နေသည်။ ■

## ဟော်ကီအသင်းများအတွက် နိုင်ငံခြားနည်းပြခန့်အပ်ရန်စီစဉ်

■ ရွှေဘုတ်
**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်အနေဖြင့် လက်ရွေးစင်အမျိုးသား၊ အမျိုးသမီးအသင်းများအတွက် နိုင်ငံခြားသားနည်းပြ ခန့်အပ်ရန် စီစဉ်ထားသည်ဟု မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်အတွင်းရေးမှူး ဦးခင်မောင်လတ်က ပြောသည်။ ၂၀၁၃ ဆီးဂိမ်းတွင် လက်ရွေးစင် ဟော်ကီအသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့သည့် နိုင်ငံခြားသားနည်းပြများနှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် စာချုပ်သက်တမ်းမတိုးဘဲ လမ်းခွဲခဲ့ကာ ၂၀၁၄ အတွင်းကစားရန်ရှိသည့် နိုင်ငံတကာပြိုင်ပွဲများအတွက် နည်းပြသစ် ရှာဖွေနေခြင်း ဖြစ်သည်။

"ဒီနှစ်ထဲမှာ အမျိုးသား၊ အမျိုးသမီး ဟော်ကီလက်ရွေးစင်အသင်းအတွက် နိုင်ငံခြားနည်းပြအသစ် ခေါ်ဖို့ရှိတယ်။ အိန္ဒိယ၊ မလေးရှား၊ ပါကစ္စတန်စတဲ့ဟော်ကီနဲ့ ပတ်သက်ပြီး နာမည်ကြီးတဲ့နိုင်ငံတွေကနေ အဓိကထား ခေါ်ဖြစ်မှာပါ။ မနှစ်ကလည်း ကျွန်တော်တို့ပါကစ္စတန်နဲ့မလေးရှားနည်းပြတွေကို ခေါ်ခဲ့ပါတယ်။ သူတို့တွေက ကျွန်တော်တို့အသင်းတွေနဲ့ ကိုက်ညီမှု၊ တိုးတက်မှုရှိအောင် လေ့ကျင့်ပေးနိုင်တာ တွေ့ရပါတယ်။ အမျိုးသမီးဟော်ကီအသင်းဆိုလည်း ပြီးခဲ့တဲ့ဆီးဂိမ်းမတိုင်မီ လေ့ကျင့်ချိန် အရမ်းမရခဲ့ပေမယ့် ပြိုင်ပွဲမှာတော့ ကြေးတံဆိပ်ဆုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ လာမယ့် စင်ကာပူဆီးဂိမ်းအတွက်လည်း ဆုတံဆိပ်တွေ ထပ်မံဆွတ်ခူးဖို့ ကြိုးစားဆောင်ရွက်သွားမှာပါ။ လက်ရှိ နည်းပြသင်တန်းတွေလည်း ဖွင့်လှစ်ထားပေးပြီး မျိုးဆက်သစ် ပြည်တွင်းနည်းပြတွေပေါ် ထွက်လာဖို့လည်း စီစဉ်ထားပါတယ်" ဟု ဦးခင်မောင်လတ်က မဇ္ဈိမသို့ ပြောသည်။ ■

mizzima Daily
မေ ၃၀ ရက်၊ ၂၀၁၄ (ဗုဒ္ဓဟူးနေ့)

# မြန်မာကစားသမားတွေရဲ့အားနည်းချက်က ဘောလုံးကို နည်းစနစ်၊ နည်းဗျူဟာတွေနဲ့ကစားရရင် ခြေမပေါ်တော့ဘူး . . .

## မြန်မာ့လက်ရွေးစင်နည်းပြချုပ် အေဗရာမိုဗစ်နှင့် တွေ့ဆုံခြင်း

■ ရဲရင့်ဌေး တွေ့ဆုံမေးမြန်းသည်

**AFC Challenge Cup ပြိုင်ပွဲအတွက် လက်ရွေးစင်အသင်းကို မေ ၂၃ ရက်က စပြီး ပဏာမကစားသမား ၂၈ ဦးနဲ့ စခန်းသွင်းလေ့ကျင့်မှုတွေ လုပ်နေပါတယ်။ လက်ရွေးစင်နည်းပြသစ် အေဗရာမိုဗစ် လက်ထက် ပထမဆုံး ပြင်ဆင်လေ့ကျင့်နေတာဖြစ်ပြီး သူရွေးချယ်ထားတဲ့ လူစာရင်းမှာ ပြည်ပထွက်ကစားနေတဲ့ ကျော်ဇေယျာဝင်း၊ ပိုင်စိုးစတဲ့ ကစားသမားတွေအပြင် ပြည်တွင်းမှာခြေစွမ်းပြနေတဲ့ စိုးမင်းဦး၊ သိန်းသန်းဝင်းတို့ကို မရွေးတဲ့အတွက် ဝေဖန်မှုတွေလည်း ထွက်ပေါ်နေပါတယ်။ ဒါကြောင့် လက်ရွေးစင်ကစားသမား ရွေးချယ်ရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေနဲ့ဝေဖန်မှုတွေကို အေဗရာမိုဗစ် ဘယ်လိုတုံ့ပြန်မလဲဆိုတာ ပရိသတ်တွေ သိစေဖို့အတွက် မဇ္ဈိမသတင်းစာက သီးသန့်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။**

**ခင်ဗျား အခုရွေးထားတဲ့ လူစာရင်းက ကစားသမားတွေကို ဘယ်အချက်တွေ အခြေခံပြီးရွေးတာလဲ သိချင်ပါတယ်။**

အနီးစပ်ဆုံး လက်ရွေးစင်အသင်းပွဲတွေ ပြန်ကြည့်တယ်။ ပြီးတော့ မြန်မာ နေရှင်နယ်လိဂ်ပွဲတွေ ကျွန်တော် လိုက်ကြည့်တယ်။ အမှန်အတိုင်းဝန်ခံရရင် ကစားသမားတွေခြေစွမ်းကို သေချာ မသိသေးပါဘူး။ လက်ရှိရွေးထားတဲ့ ကစားသမားတွေကို လေ့ကျင့်ရေးမှာ စောင့်ကြည့်မယ်။ မရွေးထားတဲ့ ကစားသမားတွေထဲကလည်း လိုအပ်ရင် ခေါ်ဖို့ရှိပါတယ်။ အရန်လျာထားတဲ့ ကစားသမားစာရင်းလည်း ကျွန်တော့်မှာ ရှိပါတယ်။

**ခင်ဗျားရွေးထားတဲ့ လူစာရင်းမှာ ပြည်ပထွက်ကစားနေတဲ့ ကျော်ဇေယျာဝင်း၊ ပိုင်စိုးတို့လို ကစားသမားတွေ မပါဘူး။ ပြီးတော့ ပြည်တွင်းပွဲတွေမှာခြေစွမ်းပြနေတဲ့ စိုးမင်းဦး၊ သိန်းသန်းဝင်းတို့လို ကစားသမားတွေလည်းမပါတာ တွေ့ရတယ်။ ဒီအတွက် ဝေဖန်မှုတွေလည်း ရှိနေတယ်။ ဘယ်လို တုံ့ပြန်ချင်လဲ။**

အခုရွေးထားတဲ့လူစာရင်းက မြန်မာနိုင်ငံမှာ အကောင်းဆုံးလို့ ကျွန်တော် မပြောပါဘူး။ လိုအပ်ရင် ကစားသမား ထပ်ခေါ်မှာပါ။ ဒါပေမဲ့ ပဏာမ ကစားသမားရွေးတဲ့နေရာမှာ ကျွန်တော်တို့အတွက် လူစာရင်း အကန့်အသတ်ရှိတယ်လေ။ လူငါးဆယ်လောက် ရွေးထားလို့မရတဲ့ အနေအထားမှာ လူ ၃၀ ဝန်းကျင်လောက်တဲ့အတွက် ကစားသမား အကန့်အသတ်ရှိပါတယ်။ ကျော်ဇေယျာဝင်းခြေစွမ်းကို ကျွန်တော်လေ့လာကြည့်တော့ မလေးရှားမှာ ပုံမှန်ခြေစွမ်းတောင် ပျောက်နေပါတယ်။ ပိုင်စိုးကတော့ ကျွန်တော်သေချာမသိဘူး။ ခင်ဗျားပြောတဲ့ ကမ္ဘောဇက နံပါတ် ၁၀ နဲ့ နံပါတ် ၁၁ ကိုတော့ ကျွန်တော် သတိထားမိပါတယ်။ အသင်းအတွက် လိုတယ်ဆိုရင် သူတို့ကိုပြန်ခေါ်ဖို့လည်း ရှိပါတယ်။

**ပြိုင်ပွဲကစားဖို့ နှစ်ပတ်လောက် အလိုအထိ နိုင်ငံတကာပြိုင်ပွဲ မကစားရသေးဘူး။ အခုဆို စင်ကာပူ လူငယ်အသင်းနဲ့ တစ်ပွဲပဲ ကစားဖို့ရှိတယ်။ ထိုင်းမှာလည်း ကလပ်အသင်းအဆင့်တွေလောက်နဲ့ပဲ ကစားဖို့ရှိတာဆိုတော့ ဒီပြင်ဆင်မှုမျိုးနဲ့ AFC Challenge Cup မှာ အောင်မြင်မှု ရနိုင်ပါ့မလား။**

နိုင်ငံတကာပြိုင်ပွဲ ကစားခွင့်ဆိုတာ ပြိုင်ပွဲကြီးတစ်ခု သွားပြိုင်မယ်ဆိုရင် ကိုယ့်အသင်းအားနည်းချက်ကို သိရှိပြင်ဆင်နိုင်ဖို့အတွက် ကစားတာပါ။ ကျွန်တော့် အတွက်ကတော့ အသင်းကြီးတွေ အသင်းငယ်တွေ မလိုပါဘူး။ အခုရွေးထားတဲ့ လူစာရင်းမှာ နိုင်ငံတကာ ပွဲအတွေ့အကြုံရှိတဲ့ လူငယ်ကစားသမားတွေ အများကြီး ရှိပါတယ်။ စီနီယာ ကစားသမားတွေထဲက ရန်ပိုင်တို့၊ ခင်မောင်လွင်တို့ဆိုတာကလည်း ပွဲအတွေ့အကြုံ ရာချီပြီးရှိတဲ့သူတွေပါ။ ဒါကြောင့် ခြေစမ်းပွဲ ကစားတာနည်းတာနဲ့ ပြိုင်ပွဲမှာမအောင်မြင်ဘူးလို့ မဆိုနိုင်ပါဘူး။

**မြန်မာကစားသမားတွေ ခြေစွမ်းကိုရော ဘယ်လိုမြင်လဲ။ စင်ကာပူ ကစားသမားတွေနဲ့ရော ဘာကွာသလဲ။**

မြန်မာကစားသမားတွေခြေစွမ်းကို ကျွန်တော်သုံးသပ်ရရင် စင်ကာပူ ကစားသမားတွေထက် သာပါတယ်။ ဒါပေမဲ့ သူတို့အားနည်းချက်က ဘောလုံးကို နည်းစနစ်၊ နည်းဗျူဟာတွေနဲ့ကစားရရင် ခြေမပေါ်တော့ဘူး။ ဒါကြောင့် အသင်းမှာ ကစားသမားတွေကို တတ်နိုင်သလောက် လွတ်လွတ်လပ်လပ် ကစားခွင့်ရမယ့် နည်းဗျူဟာမျိုးကို ကျွန်တော် စဉ်းစားထားပါတယ်။

**လက်ရှိရွေးချယ်ထားတဲ့ ကစားသမားတွေက ခင်ဗျားစိတ်ကြိုက် ရွေးချယ်ထားတာလား။ ဒါမှမဟုတ် အဖွဲ့ချုပ်အနေနဲ့ရော ဝင်ရောက်စွက်ဖက်မှုတွေများရှိသလား။**

ကစားသမားတွေအားလုံးကို ကျွန်တော့်စိတ်ကြိုက် ရွေးချယ်ထားတာပါ။ အဖွဲ့ချုပ်က ဝင်ရောက်စွက်ဖက်တာမျိုး မရှိပါဘူး။ နည်းပြအဖွဲ့ရဲ့အကြံပြုချက်တွေကိုတော့ နားထောင်ပါတယ်။ သူတို့နဲ့အတူ ပူးပေါင်းရွေးချယ်ခဲ့တာပါ။

**ရန်ကုန်ယူနိုက်တက် အသင်းနည်းပြ အဲရစ်ဝီလျံက သူ့အသင်းက ကစားသမားကိုးဦး တောင်လက်ရွေးစင်အသင်းအတွက် ရွေးသွားတဲ့အတွက် ဝေဖန်နေပါတယ်။ ဒီအတွက် AFC Cup ဒုတိယအဆင့်မှာ ပူးပေါင်းလေ့ကျင့်မှုမရတော့ဘူးလို့ အပြစ်တင်နေပါတယ်။ ခင်ဗျားအနေနဲ့ သူ့ကို ဘယ်လို တုံ့ပြန်ပြောဆိုချင်ပါသလဲ။**

ဒါက ကလပ်အသင်းနဲ့ လက်ရွေးစင်အသင်းကြားအမြဲဖြစ်နေတဲ့ ပြဿနာမျိုးပါ။ ရန်ကုန်ကစားသမားတွေကို AFC Cup မကစားခင် နှစ်ရက်အလိုမှာ ပြန်လွှတ်ပေးဖို့ သဘောတူထားပါတယ်။ ရန်ကုန်က ကစားသမား အများဆုံးရွေးထားတယ်ဆိုတာက ရန်ကုန်ဆိုတာ မြန်မာနိုင်ငံမှာ အကောင်းဆုံး ကလပ်အသင်းပါ။ ဒါကြောင့် ကစားသမားအများဆုံး အရွေးခံရတာ မဆန်းပါဘူး။ ကျွန်တော်ကတော့ ဝေဖန်မှုတွေကို သိပ်ဂရုမစိုက်ပါဘူး။ ဝေဖန်မှုတွေကို တွန်းအားအဖြစ်ပြောင်းပြီး အောင်မြင်ဖို့ ကြိုးစားလေ့ရှိပါတယ်။ ကစားသမားတွေကိုလည်း ဝေဖန်မှုတွေကို အရမ်းဂရုမစိုက်ဖို့ မှာထားတယ်။

**AFC Challenge Cup ပြိုင်ဘက်အသင်းတွေအကြောင်းကိုရော လေ့လာပြီးပြီလား။ ပြိုင်ပွဲမှာ ဘယ်လောက်အထိ မျှော်လင့်ထားသလဲ။**

ပြိုင်ဘက်တွေအခြေအနေကို လေ့လာထားတာမျိုး ရှိပါတယ်။ AFC Challenge Cup မှာ ရင်ဆိုင်ရမယ့် ပြိုင်ဘက်တွေက ကြံ့ခိုင်မှုအသားပေးတဲ့အသင်းတွေ များတယ်။ ပြိုင်ပွဲမှာဗိုလ်စွဲဖို့ ရည်မှန်းထားတယ်။ တစ်ပွဲချင်း အကောင်းဆုံးကစားရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ ■



# ပီရတ်နှင့်လမ်းခွဲခဲ့သောကျော်ဇေယျာဝင်း MNL ဒု-ကျော့တွင် ကမ္ဘောဇ၌ပါဝင်ကစားမည်

■ ရဲရင့်ဌေး
**ရန်ကုန်၊ မေ ၂၉**

မလေးရှားစူပါလိဂ်ကလပ် ပီရတ်အသင်းနှင့်လမ်းခွဲခဲ့သော မြန်မာ့လက်ရွေးစင်ကစားသမား ကျော်ဇေယျာဝင်းအနေဖြင့် မြန်မာနေရှင်နယ်လိဂ် ဒု-အကျော့ ပွဲစဉ်များတွင် မိခင်ကလပ် ကမ္ဘောဇအသင်း၌ ပါဝင်ကစားမည် ဖြစ်သည်။

ကျော်ဇေယျာဝင်းမှာ ၂၀၁၄ ဘောလုံးရာသီအတွက် ကမ္ဘောဇအသင်းမှ ပီရတ် အသင်းထံသို့ တစ်နှစ်အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ခြင်းဖြစ်ပြီး အသင်းရလဒ်များဆိုးရွားကာ အသင်းတန်းဆင်းဇုန်ထဲရောက်သွားသဖြင့် နိုင်ငံခြားသား ကစားသမားများ လဲလှယ်ရာ၌ ပါဝင်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်ပီရတ်နဲ့ လမ်းခွဲခဲ့ပါပြီ။ အသင်းက နိုင်ငံခြားသားကစားသမား အားလုံးကို လဲခဲ့တာပါ။ ပီရတ်မှာ ငါးလလောက်ပဲ ကစားခဲ့ရပေမယ့် အတွေ့အကြုံ အများကြီး ရခဲ့ပါတယ်။ အခုတော့ လာမယ့် MNL ဒု-အကျော့မှာ ကမ္ဘောဇအတွက် ပြန်ကစားမှာပါ" ဟု ကျော်ဇေယျာဝင်းက မဇ္ဈိမ၏ ဆက်သွယ်မေးမြန်းမှုကို ပြန်လည် ဖြေကြားသည်။

မလေးရှားကလပ်ပီရတ် အသင်းအနေဖြင့် ကျော်ဇေယျာဝင်းကို အသင်း၌ ဆက်လက်ထားရှိပြီး ကျော်ကိုကိုကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် အခြား နိုင်ငံခြားသားကစားသမားသစ်များကို အစားထိုးခေါ်ယူခဲ့သည်။ ကျော်ဇေယျာဝင်း ကမ္ဘောဇအသင်းတွင် ပြန်လည်ကစားမည့်အခြေအနေနှင့် ပတ်သက်ပြီး ကမ္ဘောဇအသင်း နည်းပြချုပ် ဦးမင်းဇော်ဦးက "သူက အရင်ကတည်းက ကျွန်တော်တို့ကစားသမားပါ။ နိုင်ငံခြားထွက်ကစားတဲ့ တွေ့အကြုံရဖို့အတွက် ပီရတ်အသင်းကို အငှားချခဲ့တာပါ။ အခုအသင်းကို ပြန်ရောက်လာတော့လည်း ကျွန်တော်တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ ဒု- အကျော့ပွဲစဉ်တွေအတွက် အသင်းလူစာရင်းမှာ ထည့်သွင်းသွားမှာပါ။ ဟိုဘက်အသင်းက ITC ရပြီဆိုရင် အသင်းမှာ ကစားလို့ရပါပြီ" ဟု ဆိုသည်။ ကျော်ဇေယျာဝင်းမှာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၀၉ ခုနှစ်တွင် ဒယ်လ်တာယူနိုက်တက်အသင်းနှင့်စတင်ခဲ့ပြီး ၂၀၁၁ ဆီးဂိမ်းစ်မှစတင်ကာ လက်ရွေးစင်ကစားသမား ဖြစ်လာသူ ဖြစ်သည်။ ■



ပီရတ်အသင်းတွင်ပါဝင်ကစားခဲ့စဉ်က ကျော်ဇေယျာဝင်း။

# အင်္ဂလန်မြေမှာအစဉ်အလာမရှိတဲ့ အက်သလက်တီကိုတို့ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဒူးထောက်ရလိမ့်မယ်

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ် ပွဲကြိုသုံးသပ်ချက်

ချယ်လ်ဆီး - အက်သလက်တီကို

**ကစားမည့်အချိန် –**
ကြာသပတေးနေ့ နံနက် ၀၁း၁၅ (၁-၅-၂၀၁၄)

**ကစားမည့်ကွင်း –**
စတမ်းဖို့ဘရစ်ချ် (လန်ဒန်)

| ပထမအကျော့ရလဒ် |
|---|
| အက်သလက်တီကို ၀-၀ ချယ်လ်ဆီး |

ချယ်လ်ဆီးအသင်း နောက်ဆုံးအိမ်ကွင်း ငါးပွဲရလဒ်

| | | | |
|---|---|---|---|
| ချယ်လ်ဆီး | ၁-၂ | ဆန်းဒါးလန်း | ပရီးမီးယားလိဂ် |
| ချယ်လ်ဆီး | ၂-၀ | ပီအက်စ်ဂျီ | ချန်ပီယံလိဂ် |
| ချယ်လ်ဆီး | ၃-၀ | စတုတ်ခ်စီးတီး | ပရီးမီးယားလိဂ် |
| ချယ်လ်ဆီး | ၆-၀ | အာဆင်နယ် | ပရီးမီးယားလိဂ် |
| ချယ်လ်ဆီး | ၂-၀ | ဂါလာတာစာရေး | ချန်ပီယံလိဂ် |

ချယ်လ်ဆီး၏ ယခုနှစ်ချန်ပီယံလိဂ် ရှုံးထွက်အဆင့်ရလဒ်များ

| | | | |
|---|---|---|---|
| ဂါလာတာစာရေး | ၁-၁ | ချယ်လ်ဆီး | ၁၆ သင်းအဆင့် |
| ချယ်လ်ဆီး | ၂-၀ | ဂါလာတာစာရေး | ၁၆ သင်းအဆင့် |
| ပီအက်စ်ဂျီ | ၃-၁ | ချယ်လ်ဆီး | ကွာတားဖိုင်နယ် |
| ချယ်လ်ဆီး | ၂-၀ | ပီအက်စ်ဂျီ | ကွာတားဖိုင်နယ် |
| အက်သလက်တီကို | ၀-၀ | ချယ်လ်ဆီး | ဆီမီးဖိုင်နယ် |

အက်သလက်တီကိုအသင်း၏ နောက်ဆုံးအဝေးကွင်း ငါးပွဲရလဒ်

| | | | |
|---|---|---|---|
| ဗလင်စီယာ | ၀-၁ | အက်သလက်တီကို | လာလီဂါ |
| ဂီတာဖေး | ၀-၂ | အက်သလက်တီကို | လာလီဂါ |
| ဘာစီလိုနာ | ၁-၁ | အက်သလက်တီကို | ချန်ပီယံလိဂ် |
| ဘီလ်ဘာအို | ၁-၂ | အက်သလက်တီကို | လာလီဂါ |
| ဘက်တစ် | ၀-၂ | အက်သလက်တီကို | လာလီဂါ |

ချယ်လ်ဆီး၏ ယခုနှစ်ချန်ပီယံလိဂ် ရှုံးထွက်အဆင့်ရလဒ်များ

| | | | |
|---|---|---|---|
| အေစီမီလန် | ၀-၁ | အက်သလက်တီကို | ၁၆သင်းအဆင့် |
| အက်သလက်တီကို | ၄-၁ | အေစီမီလန် | ၁၆ သင်းအဆင့် |
| ဘာစီလိုနာ | ၁-၁ | အက်သလက်တီကို | ကွာတားဖိုင်နယ် |
| အက်သလက်တီကို | ၁-၀ | ဘာစီလိုနာ | ကွာတားဖိုင်နယ် |
| အက်သလက်တီကို | ၀-၀ | ချယ်လ်ဆီး | ဆီမီးဖိုင်နယ် |

နောက်ဆုံးသုံးကြိမ် ထိပ်တိုက်ဆုံမှုရလဒ်

၁-၉-၂၀၁၂
ချယ်လ်ဆီး ၁-၄ အက်သလက်တီကို
ယူအီးအက်ဖ်အေဖလား (မိုနာကိုတွင်ကစားခဲ့)

၄-၁၁-၂၀၀၉
အက်သလက်တီကို ၂-၂ ချယ်လ်ဆီး ချန်ပီယံလိဂ်

၂၂-၁၀-၂၀၀၉
ချယ်လ်ဆီး ၄-၀ အက်သလက်တီကို ချန်ပီယံလိဂ်

**ထူးခြားမှုများ**

➢ အက်သလက်တီကိုအသင်းဟာ အင်္ဂလန်အသင်းတွေနဲ့ အဝေးကွင်းပွဲစဉ်အဖြစ် ကိုးပွဲကစားထားရာမှာ တစ်ကြိမ်သာ အနိုင်ရထားဖူးပြီး လေးပွဲရှုံး လေးပွဲသရေ ရလဒ် ထွက်ပေါ်ထားပါတယ်။

➢ ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုဟာ ရီးယဲလ်အသင်းကို ကိုင်တွယ်ခဲ့စဉ်မှာ အက်သလက်တီကိုအသင်းနဲ့ ကိုးကြိမ်ရင်ဆိုင်ခဲ့ဖူးပြီး ရှစ်ပွဲနိုင်၊ တစ်ပွဲသာ ရှုံးနိမ့်ထားပါတယ်။ ဘာနေဗျူးမှာကစားတဲ့ ပြီးခဲ့တဲ့ရာသီက ကိုပါဒဲလ်ရေး ဗိုလ်လုပွဲမှာ ၂-၁ ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာပါ။

➢ ချယ်လ်ဆီးတိုက်စစ်မှူး အီတူးဟာ ရီးယဲလ်၊ မာယော့ကာနဲ့ ဘာစီလိုနာအသင်းတွေအတွက် ကစားပေးခဲ့စဉ်က အက်သလက်တီကိုအသင်းနဲ့ (၁၂) ကြိမ် ရင်ဆိုင်ဖူးရာမှာ ခုနစ်ဂိုးထိသွင်းယူထားနိုင်ပါတယ်။

➢ ပထမအကျော့မှာ လူစားဝင် ပွဲကစားခွင့်ရခဲ့တဲ့ ချယ်လ်ဆီးဂိုးသမား ရှဝါဇာဟာ ချန်ပီယံလိဂ် ရှုံးထွက်အဆင့်မှာ ကစားခွင့်ရတဲ့ အသက်အကြီးဆုံး ကစားသမားအဖြစ် အသက် ၄၁ နှစ်၊ ၁၉၈ ရက်နဲ့ မှတ်တမ်းဝင်ခဲ့ပါတယ်။

➢ ချယ်လ်ဆီးအသင်းရဲ့ကွင်းလယ်လူတွေဖြစ်တဲ့ လမ်းပတ်နဲ့မီခေးလ်တို့ ပွဲပယ်ပြစ်ဒဏ်ကြောင့် ဒီပွဲကိုလွဲချော်မှာ ဖြစ်ပေမယ့် အိုင်ဗန်နိုဗစ်၊ ဒေးဗစ်လူးဝစ္စနဲ့ ဝီလျံတို့ ပြန်လည်ပါဝင်နိုင်မှာ ဖြစ်ပါတယ်။

➢ ချယ်လ်ဆီးအသင်းရဲ့ အိမ်ကွင်းမှာ ပြိုင်ပွဲစုံကိုးပွဲဆက် ဂိုးမပေးရတဲ့စံချိန်နဲ့ မိနစ်ပေါင်း ၈၄၀ ဂိုးမပေးခဲ့ရတဲ့ပုံစံကောင်းဟာ ပြီးခဲ့တဲ့အပတ်က ဆန်းဒါးလန်းအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ကျိုးပျက်ခဲ့ပါတယ်။

➢ ချယ်လ်ဆီးတိုက်စစ်မှူးအီတူးရဲ့ ဒီရာသီ သွင်းယူထားတဲ့ ပြိုင်ပွဲစုံ ၁၂ ဂိုးဟာ အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်မှာပဲ သွင်းယူထားတာပါ။

➢ အက်သလက်တီကိုအသင်းဟာ ဒီနှစ်ရာသီမှာ ဆီမီးဖိုင်နယ်အဆင့်အထိ ရှုံးပွဲမရှိသေးတဲ့ တစ်သင်းတည်းသောအသင်းဖြစ်ပြီး ခံစစ်ကလည်း ၁၁ ပွဲမှာ ငါးဂိုးသာ ခွင့်ပြုထားရလို့ အကောင်းဆုံးခံစစ်ကို ပိုင်ဆိုင်ထားပါတယ်။

➢ အက်သလက်တီကို ကွင်းလယ်လူ ဂါဘီဟာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ဒီပွဲကို လွဲချော်မှာဖြစ်ပေမယ့် ကိုကီ၊ ဂျူအန်ဖရန်၊ အန်ဆူအာတို့ ပြန်လည် ပါဝင်နိုင်မှာပါ။

➢ အက်သလက်တီကိုအသင်းဟာ ပြိုင်ပွဲစုံနောက်ဆုံးကိုးပွဲ အနိုင်ရရှိခဲ့ပြီး ၁၄ ပွဲဆက်တိုက်ရှုံးပွဲမရှိအောင် ကစားထားနိုင်ပြီး ခံစစ်ကလည်း သုံးဂိုးသာ ခွင့်ပြုထားရပါတယ်။

**သုံးသပ်ချက်**

ပြည်တွင်းမှာ ခြေစွမ်းကောင်းတွေ ပြသနေကြတဲ့အပြင် အသင်းလိုက်စုစည်းတဲ့ ကောင်းတဲ့ အသင်းတွေမို့ ပထမအကျော့က ပွဲကောင်းတစ်ပွဲ ဖြစ်လာမယ်လို့ ထင်ခဲ့ကြပေမယ့် ချယ်လ်ဆီးရဲ့ခံစစ်ပုံစံကြောင့် သွင်းဂိုးတစ်ဂိုးတောင်မမြင်ခဲ့ရဘဲ ပွဲက ထင်သလောက် မကောင်းခဲ့ပါဘူး။ မော်ရင်ဟိုဟာ အဝေးကွင်းမှာ ဂိုးမပေးရအောင် ခံစစ်ကို ပိတ်ဆို့ပြီး အိမ်ကွင်းမှာမှအနိုင်ယူပြီး ဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်မယ်လို့ ရည်မှန်းထားပုံရတာကြောင့် အက်သလက်တီကိုတို့ အဝေးကွင်းမှာ အားကုန်ထုတ်ရပါတော့မယ်။ ကွင်းလယ်က အဓိက ကစားသမားတချို့ ပြန်ပါဝင်လာနိုင်မှာ ဖြစ်တာကြောင့် အက်သလက်တီကိုတိုက်စစ်ပိုင်း ထက်မြက်လာနိုင်ပေမယ့် ချယ်လ်ဆီးရဲ့ ခံစစ်ကို ကျော်ဖြတ်နိုင်ဖို့တော့ အစွမ်းကုန် ကြိုးစားရမယ့်အနေအထားပါ။ အိမ်ကွင်းမှာတုန်းက တစ်ဂိုးမှမသွင်းယူနိုင်ခဲ့တာက အက်သလက်တီကိုအတွက် ထိုးနှက်ချက်ဖြစ်ပြီး အင်္ဂလန်မြေမှာ ရလဒ်ကောင်းဖို့ ရုန်းကန်ရတော့မယ့် အနေအထားပါ။ အရင်ပွဲတွေတုန်းက အက်သလက်တီကိုတို့ အဝေးကွင်းမှာ နိုင်ပွဲရယူနိုင်မှု နည်းပါးခဲ့တယ်ဆိုပေမယ့် အိမ်ကွင်းမှာ ရလဒ်ကောင်းတတ်တာကြောင့် ဒီအဆင့်ထိ တက်ရောက်လာနိုင်တာပါ။ ဒါပေမဲ့ မော်ရင်ဟိုနဲ့ အတွေ့မှာတော့ အက်သလက်နည်းပြ ဆီမြွန်နီလည်း ဘာမှ မတတ်နိုင်ခဲ့တာကြောင့် ဒုတိယအကျော့မှာ ထင်ထားတာထက် ပိုမိုရုန်းကန်ရဖို့ ဖြစ်လာတာပါ။

ချယ်လ်ဆီးကတော့ ပထမအကျော့ အဝေးကွင်းပွဲစဉ်တွေမှာ ကံမကောင်းတတ်ပေမယ့် အိမ်ကွင်းမှာ ကစားရတဲ့ ဒုတိယအကျော့ပွဲစဉ်တွေမှာတော့ ပြိုင်ဘက်ကို အလဲထိုးပြီး အောင်ပွဲတွေ ရယူတတ်တာမို့ အားရဖို့ကောင်းတယ်လို့ ဆိုရမှာပါ။ ကွာတားဖိုင်နယ် အဆင့်မှာကတည်းက အဝေးကွင်းမှာ ပီအက်စ်ဂျီကို ဂိုးပြတ်အရှုံးကြောင့် ပြန်မလာနိုင်တော့ဘူး ထင်ခဲ့ကြပေမယ့် အကောင်းဆုံးခြေစွမ်းနဲ့ မော်ရင်ဟို စွမ်းဆောင်ပြခဲ့ပါတယ်။ ဆန်းဒါးလန်းကိုမထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့တဲ့ပွဲမတိုင်ခင်ထိ ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ ၁၀ ပွဲဆက်ဂိုးမပေးခဲ့ရသလို တစ်ပွဲသရေနဲ့ ကိုးပွဲ အနိုင်ရလဒ်ကိုလည်း ရယူထားနိုင်ခဲ့ပါတယ်။ အဓိကဂိုးသမားပီတာချက် မပါဝင်နိုင်ပေမယ့် အရန်ဂိုးသမား ရှဝါဇာ လက်စွမ်းပြနေလို့ ချယ်လ်ဆီးတို့ ကံကောင်းနေပြီး ဒေးဗစ်လူးဝစ္စ၊ အိုင်ဗန်နိုဗစ်တို့ ပြန်လည် ပါဝင်လာနိုင်မှာကလည်း ချယ်လ်ဆီး ခံစစ်ကို တောင့်တင်းစေမှာပါ။ တိုက်စစ်မှူး အီတူးလည်း ပြန်လည်ပါဝင်လာနိုင်ဖွယ်ရှိနေလို့ တိုက်စစ်အင်အားမှာ မော်ရင်ဟိုအတွက် ရွေးချယ်စရာရှိနေပြီး အိမ်ကွင်းမှာ အကောင်းဆုံးပုံစံနဲ့ အက်သလက်တီကိုတို့ကို ရင်ဆိုင်ပါလိမ့်မယ်။

ပထမအကျော့ရလဒ်ကြောင့် အရှုံးအနိုင်ပေါ်မှ နှစ်သင်းစလုံးအတွက် ဗိုလ်လုပွဲတက်ရောက်ဖို့ အခြေအနေကောင်းမှာ ဖြစ်လို့ တိုက်စစ်ဖွင့် ကစားကြရမှာပါ။ ချယ်လ်ဆီးတို့ဟာ ခံစစ်ကို အားပြုကစားတတ်တဲ့အသင်း ဖြစ်ပေမယ့် အချိတ်အဆက်မိမိကစားနိုင်ရင် ဂိုးသွင်းယူဖို့ မခက်ခဲတဲ့ ပုံစံလည်းရှိတာကြောင့် အက်သလက်တီကိုတို့ ပထမအကျော့တုန်းကလို အသာစီးရယူကစားနိုင်မှာ မဟုတ်ပါဘူး။ အိမ်ကွင်းအားနဲ့ အကောင်းဆုံး ခြေစွမ်းပြလာမယ့် ချယ်လ်ဆီးတို့ အနိုင်ရဖို့များပြီး တိုက်စစ်အားကောင်းတဲ့အသင်းတွေ မဟုတ်တာကြောင့် နှစ်ဖက်သွင်းဂိုးနည်းမှာပါ။ ■



အက်သလက်တီကို ကွင်းတွင်ကစားခဲ့သည့် ဂိုးမရှိသရေကျခဲ့သော ပထမအကျော့ပွဲစဉ်မှ မြင်ကွင်းတစ်ခု။

mizzima Daily

အတွဲ ၃၊ အမှတ် ၃၈
www.mizzimaburmese.com

# ပရီးမီးယားလိဂ်ဆုအတွက် ချန်ပီယံဟောင်းထံမှ ဖလားငှားရမ်းရဖွယ်ရှိ

**အင်္ဂလန်၊ မေ ၂၉**

ရာသီနောက်ဆုံးပွဲစဉ်အထိ ချန်ပီယံဖြစ်ရေး သုံးသင်းအပြိုင်ဖြစ်နေပါက ပရီးမီးယားလိဂ်အနေဖြင့် ချန်ပီယံဟောင်းထံမှ ဖလားငှားရမ်းအသုံးပြုရဖွယ်ရှိနေကြောင်း ဒေးလီးမေးလ်သတင်းစာက ဖော်ပြခဲ့သည်။ လီဗာပူးလ်၊ ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းတို့မှာ ဇယားထိပ်တွင် သုံးမှတ်သာကွာပြီး ရပ်တည်နေကြရာ နောက်ဆုံးပွဲစဉ်မတိုင်မီအထိ အဖြေမပေါ်ပါက ယင်းနေ့တွင် အသင်းသုံးသင်း၏ ဖြစ်နိုင်ဖွယ် အောင်ပွဲခံအခမ်းအနားအတွက် ဆုဖလားများလိုအပ်လာမည်ဖြစ်သည်။

သို့သော်လည်း ပရီးမီးယားလိဂ်တွင် ဖလားနှစ်လုံးသာရှိနေပြီး တစ်လုံးမှာ လက်ရှိချန်ပီယံ မန်ယူအသင်းတွင်လည်းကောင်း၊ အခြားတစ်လုံးမှာ လန်ဒန်ရုံးချုပ်တွင်လည်းကောင်း ရှိနေသည်။ ထို့ကြောင့် တတိယမြောက်ဖလားတစ်လုံးအတွက် ချန်ပီယံဟောင်းအသင်းတစ်သင်းထံမှ ငှားရမ်းရန်ရှိလာခဲ့ခြင်းဖြစ်သည့်အပြင် ဆုတံဆိပ်အပိုထပ်လုပ်ရဖွယ်ရှိနေသည်။ အဖြစ်နိုင်ဆုံးမှာ ချန်ပီယံဟောင်းများဖြစ်သည့် အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီး သို့မဟုတ် ဘလက်ဘန်းတို့မှ ၎င်းတို့၏ဖလားကို ငှားရမ်းရဖွယ်ရှိနေသည်။

ပရီးမီးယားလိဂ် ထိပ်တန်းတာဝန်ရှိသူများဖြစ်ကြသော ရစ်ချက်စကူဒါမိုး၊ နစ်ကောင်းဝက်ဒ်နှင့် မိုက်ဖော်စတာတို့မှာ ဖြစ်နိုင်ဖွယ်အောင်ပွဲခံအခမ်းအနားအတွက် ကွင်းသုံးကွင်းသို့သွားရောက်ရန်လည်းရှိနေသည်။ စကူဒါမိုးသည် မန်ယူအသင်း၏ဖလားကို ဇယားထိပ်ဆုံးမှအသင်းအတွက် ယူဆောင်သွားမည်ဖြစ်ပြီး၊ ရုံးချုပ်မှဖလားမှာ ဒုတိယနေရာမှအသင်းအတွက်လည်းကောင်း၊ ငှားထားသည့်ဖလားမှာ တတိယနေရာမှအသင်းအတွက်လည်းကောင်း ယူဆောင်သွားမည်ဖြစ်သည်။ ■

■ ဝေဘုန်းလူ ဘာသာပြန်သည်။
**ရည်ညွှန်း–ဒေးလီးမေးလ်**

# ပရီးမီးယားလိဂ်နှင့် ကမ္ဘာတစ်ဝန်းတွင် ငှက်ပျောသီးလှုပ်ရှားမှု ပြုလုပ်

**အင်္ဂလန်၊ မေ ၂၈**







ပြီးခဲ့သည့်တနင်္ဂနွေနေ့က ဘာစီလိုနှင့် ဗီလာရီးယဲလ်တို့ပွဲစဉ်တွင် ငှက်ပျောသီးဖြင့် ပစ်ပေါက်ကာ လူမျိုးရေးခွဲခြားခံခဲ့ရသော ဘာစီလိုနာအသင်းမှ ဘရာဇီးနောက်ခံလူ အဲလ်ဗက်စ်အား ပရီးမီးယားလိဂ် ကစားသမားအချို့က ငှက်ပျောသီးစား၍ ထောက်ခံခဲ့ကြသည်။ အဲလ်ဗက်စ်ကိုယ်တိုင်လည်း ၎င်းအားပစ်ပေါက်ခဲ့သည့် ငှက်ပျောသီးကို ကွင်းအတွင်းမှာပင် စားပြခဲ့သည်။ အဂူရို၊ ဒေးဗစ်လူးဝစ္စ၊ အော်စကာ၊ ဝီလျံ၊ ချက်ဒလီ၊ ဒမ်ဘီလီစသည့် ပရီးမီးယား လိဂ်ကစားသမားများကလည်း ၎င်းအား ထောက်ခံအားပေးသည့်အနေဖြင့် ငှက်ပျောသီးလှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ဘာစီလိုနာက ဗီလာရီးယဲလ်ကို ၃-၂ ဂိုးဖြင့် အနိုင်ရသောပွဲအပြီးတွင် ဘာစီလိုနာအသင်းဖော် နေမာကလည်း ငှက်ပျောသီးကိုင် ဓာတ်ပုံရိုက်ခဲ့ပြီး "ကျွန်တော်တို့အားလုံး မျောက်တွေပါ"ဟု စာရေးသားခဲ့သလို အဲလ်ဗက်၏ချစ်သူ သိုင်ရစ်ဆာကာဗယ်လ်ဟိုကလည်း သူငယ်ချင်းများစွာနှင့် ငှက်ပျောသီးစားနေသော ဓာတ်ပုံကို လူမှုကွန်ရက်ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ပြသခဲ့သည်။

တနလ်ာနေ့တွင်လည်း စပိန်အမျိုးသမီးရုပ်သံတင်ဆက်သူ မွန်တီရိုက ငှက်ပျောသီးစားပြကာ သူသည်လည်း မျောက်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။ မန်စီးတီးတိုက်စစ်မှူး အဂူရိုကလည်း ကမ္ဘာ့အကောင်းဆုံးအမျိုးသမီးကစားသမားဆု ငါးကြိမ်ရ မာတာနှင့်အတူ ငှက်ပျောသီးစားပြခဲ့ပြီး "လူမျိုးရေးခွဲခြားမှုအလိုမရှိ၊ ကျွန်ုပ်တို့အားလုံး တန်းတူသာဖြစ်ပါသည်" ဟု တွစ်တာတွင် ရေးသားခဲ့သည်။ ချယ်လ်ဆီးမှ အော်စကာ၊ ဒေးဗစ်လူးဝစ္စ၊ ဝီလျံတို့ကလည်း ခွဲခြားမှုမရှိစေရဟူသော ဗွီဒီယိုဖိုင်အတိုတစ်ခု ထုတ်လွှင့်ခဲ့ကြသည်။

နောက်ပိုင်းတွင် စပါးမှ ဒမ်ဘီလီနှင့် ချက်ဒလီ၊ ဘရာဇီးလက်ရွေးစင် ဟော့ခ်တို့လည်း လူမှုကွန်ရက်ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် ငှက်ပျောသီးလှုပ်ရှားမှုတွင်ပါဝင်လာခဲ့ကြသည်။ ဘာစီလိုနာအသင်းကလည်း ကြေညာချက်တစ်ခုထုတ်ပြန်ခဲ့ပြီး လူမျိုးရေးခွဲခြားမှုများကို ဆက်လက်တိုက်ဖျက်ကြရန် အခြားကလပ်များအား တိုက်တွန်းခဲ့သည်။

"ပွဲမကစားခင် ဥရာပဘောလုံးအဖွဲ့ချုပ်က ကျွန်တော်တို့ကို သတိပေးထားတာနှစ်ခုရှိပါတယ်။ လေးစားမှုရှိဖို့နဲ့ လူမျိုးရေးခွဲခြားမှုမရှိဖို့ပါ။ ဘာစီလိုနာအသင်းအနေနဲ့ ဒါကိုအတိအကျလိုက်နာမှာဖြစ်ပြီး အသင်းရဲ့ ကစားသမား အဲလ်ဗက်စ်ကိုလည်း အပြည့်အဝ ထောက်ခံအားပေးသွားမှာပါ။ အဲလ်ဗက်စ်အပေါ် ကျူးလွန်ခဲ့သူဟာလည်း ဗီလာရီးယဲလ်အသင်းနဲ့ မပတ်သက်ဘူးဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်" ဟု ဘာစီလိုနာအသင်းက ထုတ်ပြန်သော ကြေညာချက်တွင်ပါရှိခဲ့သည်။

အဲလ်ဗက်စ်သည် မကြာခဏ လူမျိုးရေးခွဲခြားခံရသူတစ်ဦးဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီတွင် ရီးယဲလ် မက်ဒရစ်ပရိသတ်များ၏ မျောက်သံဖြင့် လူမျိုးရေးခွဲခြား အော်ဟစ်ခံရပြီးနောက် လူမျိုးရေးခွဲခြားမှုများပပျောက်ရေးကြိုးပမ်းကြရန် တောင်းဆိုခဲ့သူဖြစ်သည်။ နောက်ဆုံးအခြေအနေများအရ အဲလ်ဗက်စ်ကို ထောက်ခံသူများတွင် အီတလီဝန်ကြီးချုပ် မက်တီယိုရန်ဇီနှင့် အီတလီလက်ရွေးစင်အသင်းနည်းပြ ပရန်ဒယ်လီနှင့် တိုက်စစ်မှူး ဘာလော့တယ်လီတို့လည်း ပါဝင်လာခဲ့ကြသည်။ ■

■ ဝေဘုန်းလူ ဘာသာပြန်သည်။ | **ရည်ညွှန်း–ဒေးလီးမေးလ်**

# ပီအက်ဖ်အေ အကောင်းဆုံး ၁၁ ဦးတွင် မန်ယူအသင်းမှ ကစားသမားတစ်ဦးမှမပါဝင်ခြင်းမှာ ၂၃ ရာသီအတွင်း ပထမအကြိမ်ဖြစ်

**မန်ချက်စတာ၊ မေ ၂၈**




မန်ယူနည်းပြဟောင်း မိုယက်စ်လက်ထက်တွင် အသင်းပုံရိပ် မည်မျှကျဆင်းခဲ့ရသည်ကို ပီအက်ဖ်အေအကောင်းဆုံးအသင်းစာရင်း၌ မန်ယူကစားသမားတစ်ဦးမှ မပါဝင်ခြင်းက သက်သေပြနေကြောင်း ဒေးလီးမေးလ်သတင်းစာက ဖော်ပြခဲ့သည်။ အမှန်တကယ်အားဖြင့်လည်း မိုယက်စ် ၁၀ လတာကိုင်တွယ်သည့်ကာလအတွင်း ဂိုးသမား ဒီဂီယာ တစ်ဦးတည်းသာ ပုံမှန်စွမ်းဆောင်ရည်ရှိသော မန်ယူမှ ကစားသမားတစ်ဦးဦးမှာ အကောင်းဆုံး ၁၁ ယောက်စာရင်းတွင်ပါဝင်လာပါက ပို၍အံ့အားသင့်ဖွယ်ကောင်းနေမည်ဖြစ်သည်။

အကောင်းဆုံး ၁၁ ယောက်စာရင်းတွင် မန်ယူအသင်းမှကစားသမားတစ်ဦးမှ ပါဝင်နိုင်ခြင်းမရှိသည်မှာ ၁၉၉၀ ခုနှစ်က နောက်ဆုံးဖြစ်ပြီး ၂၃ ရာသီအကြာတွင် တစ်ကျော့ပြန်လည်လာခဲ့ခြင်းဖြစ်သည်။

၁၉၉၀ ခုနှစ်ဘောလုံးရာသီအကြိုနေ့များတွင် လက်ရှိနှင့်ခြားနားပြီး လူတန်တောင်းအသင်းမှာ ထိပ်တန်းလိဂ်တွင်ရှိနေသလို၊ မာဂရက်သက်ချာမှာ ဗြိတိန်ဝန်ကြီးချုပ်ဖြစ်နေကာ ရက်ပ်ပါ ဗန်နီလာအိုက်စ်မှာ လျှမ်းလျှမ်းတောက်နေချိန်ဖြစ်သည်။ လက်ရှိအချိန်နှင့်တူညီသည့်အချက်မှာ မန်ယူအသင်းသည် ဖိအားဒဏ်ခံနေရသောနည်းပြ၏လက်အောက်တွင် ရုန်းကန်နေရခြင်းဖြစ်သည်။ ယင်းအချိန်က မန်ယူနည်းပြ ဖာဂူဆန်မှာ ရာထူးကိုလက်လွှတ်ဆုံးရှုံးရရန်အလွန်နီးစပ်ခဲ့ရပြီး ၁၉၈၉ ဒီဇင်ဘာတွင် ဖာဂူဆန်အား ပရိသတ်တစ်ဦးက "သုံးနှစ်တာ ဆင်ခြေများနှင့် ပေါက်ကရဖြစ်နေဆဲဖာဂီ"ဟူသော ခေါင်းစီးစာတန်းဖြင့် ကိုင်ဆောင်ဝေဖန်ခဲ့သည်။ ၁၉၉၀ နှစ်ဆန်းတွင်မှ မာ့ခ်ရော်ဘင်၏ဂိုးဖြင့် မန်ယူအသင်း အက်ဖ်အေဖလားရခဲ့၍သာ ဖာဂူဆန်၏ ရာထူးတည်မြဲခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းမှာမူ ပထမတန်းတွင် အဆင့် ၁၃ နေရာ၌ ရပ်တည်ခဲ့ကာ နောက်ပိုင်းတွင် ဖာဂူဆန်မှာအသင်း၏သမိုင်းသစ်ကို ဖန်တီးနိုင်ခဲ့သည်။ ပီအက်ဖ်အေအကောင်းဆုံး ၁၁ ယောက်(ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးအသင်း) တွင် သမိုင်းတစ်လျှောက် မန်ယူကစားသမား ၃၂ ဦး ရွေးချယ်ခံခဲ့ရရာ၌ ဂယ်ရီနဗီးလ်နှင့် ရိုင်ယန်ဂစ်တို့မှာ ခြောက်ကြိမ်ဖြင့် အများဆုံးဖြစ်ပြီး ပယ်လစ္စတာက ငါးကြိမ်အရွေးခံရသည်။

ထို့အပြင် နာနီ၊ ဖလက်ချာနှင့် ဗလင်စီယာတို့လည်း ရွေးချယ်ခံခဲ့ရပြီး ရှမိုက်ကယ်၊ ဘားသက်ဇ်၊ ဟောင်းဝက်ဒ်၊ ဗန်ဒါဆား၊ ဒီဂီယာ စသည့် ဂိုးသမားငါးဦးလည်း အရွေးခံရဖူးသည်။

ပြီးခဲ့သည့်နှစ် အကောင်းဆုံးစာရင်းတွင် မန်ယူမှ ဒီဂီယာ၊ ဖာဒီနန်၊ ကာရစ်နှင့် ဗန်ပါစီတို့ရွေးချယ်ခံခဲ့ရသည်။ ■

■ ဝေဘုန်းလူ ဘာသာပြန်သည်။
**ရည်ညွှန်း–ဒေးလီးမေးလ်**